www.burmeseclassic.com

# ချစ်ခြင်း၏ ဆောင်ပုဒ်




www.burmeseclassic.com

www.burmeseclassic.com

# ကိုမြင့်မိုးဦး

# ချစ်ခြင်း [illegible]

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း

ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် (၁၅)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၁၀၀၇၅၀၉၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၅၃၄၁၁၀၈ |

| | | |
|---|---|---|
| အဖုံး ပန်းချီ | - | ပန်းချီ ကံကောင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြ - ၀၁၃၉၀၀) |
| | | ဂဂ၊ ၃ထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းနိုး (တော်ဝင်မြို့မပုံနှိပ်တိုက်) |
| | | (၃၀-၁)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


## (၁)

ကိုကို့ ရှေ့မှာ ကျွန်တော်ရောက်နေသည်မှာ ဆယ်မိနစ်ခန့် ပင်ရှိသော်လည်း ကိုကိုက စကားတစ်လုံးမှမဟသေးဘဲ လုပ်လက်စ အလုပ်ကို ဆက်လုပ်နေလေသည်။ ကိုကိုက ကျွန်တော့်ထက် ခုနစ်နှစ်ခန့်ကြီးပြီး ကျွန်တော့်ထက်လည်း များစွာရင့်ကျက်ဘည်ငြိမ်ပါသည်။ မြဖမ္ဘူကုမ္ပဏီသည် ကိုကို၏ကုမ္ပဏီပင် ဖြစ်သည်။ ကိုကို၏လုပ်ရည် ကိုင်ရည်ကြောင့်ပင် ကုမ္ပဏီသည် အချိန်တိုတိုအတွင်းမှာပင် တိုးတက်လာခဲ့လေသည်။

ယခုဆိုလျှင် ကိုကို၏အသက်သည် သုံးဆယ့်နှစ်နှစ်ခန့်ရှိလေပြီ။ ယနေ့ထက်ထိ ကိုကိုသည် တစ်ကိုယ်တည်း လူပျိုကြီးဘဝတွင်ပင်ရှိသေးသည်။ ကိုကို့လို အရည်အချင်းမျိုး၊ ကိုကို့လိုကြွယ်ဝချမ်းသာသော၊ ဥပမိရုပ်ကောင်းမွန်သော လူမျိုးကို စိတ်ဝင်စားကြသော မိန်းမတွေရှိနေပါသည်။ သို့သော် ယခုအချိန်အထိ ကိုကိုက အိမ်ထောင်ရေး၊ အချစ်ရေး၌ စိတ်ဝင်စားမှု မရှိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ကိုငြိမ်းဦး

ကိုကိုဘာကြောင့် မိန်းမမယူသေးတာလဲဟု စဉ်းစားမိသော အခါ ကျွန်တော်အလိုလိုပြုံးမိသွားလေသည်။ ကျွန်တော်ပြုံးလိုက်မိခြင်းကို ကိုကိုက ဖျတ်ခနဲမြင်လိုက်ပုံရသည်။ အလုပ်လုပ်နေရာမှ ကျွန်တော့်ကိုမော့ကြည့်သည်။

"ဇော်ဇော် . . ."

"ဗျာ . . ကိုကို . . ကိုကို ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲ"

ကိုကိုသည် ဘာမှမပြောသေးဘဲ ကျွန်တော့်ကို မသိမသာ အကဲခတ်သလိုကြည့်သည်။

"မင်းဆံပင်ညှပ်ဖို့ကောင်းပြီကွ . . ညှင်းသိုးသိုးနဲ့ ကြည့်မကောင်းဘူး. . ညှပ်လိုက်ဦး. . ပြီးတော့ မင်းအကျီလည်ပင်းကြယ်သီး တစ်လုံးကို ဖြုတ်ဖြုတ်ထားတာ ပြင်ဦး . . ဟုတ်ပြီလား . ."

"ဟုတ်ကဲ့ ကိုကို . ."

ကိုကိုက အစစအရာရာသေသေသပ်သပ်နေထိုင်သူတစ်ဦး ဖြစ်သလောက် ကျွန်တော်ကတော့ နေရာတကာမှာ ကိုကို့ထက်ပရမ်းပတာနိုင်သူတစ်ဦးဖြစ်ပါသည်။

"မင်း အခုအားနေတယ် မဟုတ်လား ဇော်ဇော် . ."

"ဟုတ်ကဲ့ . ."

ကိုကိုသည် ကိုယ်ကိုမတ်ထားရာမှ ဆံလည်ကုလားထိုင် နောက်မှီသို့ ကိုယ်ကိုမှီချလိုက်သည်။ အခန်းသည် ပြန်လည် တိတ်ဆိတ်သွား၏။ အေးစိမ့်နေသော ကိုကို့အခန်းထဲတွင် ကျွန်တော် အနေကျုံ့လာပါသည်။

"မင်း ညနေသုံးနာရီမှာ ဧည့်သည်တစ်ယောက်ကို လေယာဉ်ကွင်းမှာ သွားကြိုပေးရမယ် . ."

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး လက်မှနာရီကိုကြည့်လိုက်ရာ . . နေ့လယ် ဆယ့်နှစ်နာရီပင် ရှိနေလေပြီ။





## ချစ်ခြင်း၏ [illegible]

"အဲဒီတော့ ကားယူသွား . . ပြီးတော့ . . ဖုန်းတစ်လုံး ယူသွား . . လေယာဉ်က ညနေသုံးနာရီမှာ ဆိုက်လိမ့်မယ် . ."

"ဟုတ်ကဲ့ . ."

"ဧည့်သည်ရဲ့နာမည်က ထားအိခိုင်လို့ခေါ်တယ် . . အသက်က မင်းအသက်လောက်ပဲ ရှိမယ် . . ."

ကျွန်တော် အလွန်ပင်အံ့ဩသွားလေသည်။ ကျွန်တော် သွားကြိုရမည့်သူသည် ယောကျ်ားတစ်ယောက်မဟုတ်ဘဲ မိန်းကလေးတစ်ယောက်ဖြစ်နေသည်။ ကိုကိုနှင့်လုပ်ငန်းချင်း ဆက်နွှယ်နေသည့် မိတ်ဆွေတစ်ယောက်ပင်လားဟု စဉ်းစားမိသည်။

"ဒါပဲ . . ဘာမေးစရာရှိလဲ . ."

"ကျွန်တော် အဲဒီထားအိခိုင်ဆိုတာကို မမြင်ဖူးဘူး ကိုကို. . လေယာဉ်ဆိုက်လာရင် ကျွန်တော်ဘယ်လိုရှာရမလဲ . . . ကျွန်တော်ကလည်း သူ့ကိုမမြင်ဖူးဘူး . . သူကလည်း ကျွန်တော့်ကို မြင်ဖူးမှာ မဟုတ်ဘူး . ."

ကျွန်တော့်စကားကြောင့် ကိုကိုက နည်းနည်းတွေဝေသွားပါသည်။ ပြီးတော့ မသိမသာပြုံးသည်။

"ဒီလိုလုပ်ကွာ . . ဇော်ဇော် . . ထွက်လာတဲ့ဧည့်သည်တွေထဲမှာ မင်းနဲ့ရွယ်တူမိန်းကလေးတွေ သိပ်တော့ပါမယ်မထင်ဘူး . . ကိုကို့စိတ်ထင်တော့ သုံးလေးယောက်လောက်ပဲရှိမှာပါ . . မင်း အဲဒါ သူတို့ကို ထားအိခိုင်ဟုတ်မဟုတ် လိုက်မေးကြည့်လိုက် . ."

ဗုဒ္ဓေါ။ မြတ်စွာဘုရား . .။ ကျွန်တော် နည်းနည်းစိတ်ညစ်သွားပါသည်။ အမှန်အတိုင်းပြောရလျှင် ယခုလိုဧည့်သည်တစ်ယောက်ကို လေယာဉ်ကွင်းမှာသွားကြိုသော အတွေ့အကြုံမျိုး ကျွန်တော့်မှာ မရှိပါ။ ထို့ကြောင့် ကျွန်တော် ကိုကို့ကိုထပ်မေးလိုက်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအမျိုးသမီးကို ကိုကိုမြင်ဖူးလား . . ဘယ်လို ပုံစံမျိုးလဲ . . ဆံပင်ရှည်လား . . တိုလား . . အရပ်ပုလား . . အရပ်ရှည်လား . . အသားဖြူလား . . ညိုလား . ."

ကိုကိုနည်းနည်းပြုံးပြန်ပါသည်။ ပြီးတော့ ချက်ခြင်းပဲ မျက်နှာကို ပြန်တည်သွားသည်။

"မသိဘူးကွ . ."

"ဗျာ . ."

"ဒီလိုကွ . . ထားအိခိုင်ကို ကိုကိုလည်း မမြင်ဖူးဘူး . . သူက အမေရိကမှာနေတာ . . အခု . . သူဒီကိုလာလည်တာ . ."

"ဩော် . ."

ကျွန်တော့်နှုတ်မှ 'ဩော်' ဟုသာ အာမေဋိတ်သံထွက်သွားသော်လည်း စိတ်ထဲမှာတော့ အမေရိကမှာနေသည့် ထားအိခိုင်သည် ကိုကိုနှင့်မည်ကဲ့သို့များ သိကျွမ်းနေပါလိမ့်ဟု စဉ်းစားမိလေ၏။ ကျွန်တော်သိသလောက်တော့ ကိုကို့တွင် အမေရိက၌ မိတ်ဆွေမရှိပါ။ ထို့ကြောင့် လုပ်ငန်းနှင့်ပတ်သက်သော သူတစ်ဦးဟုပင် အလွယ်တကူကောက်ချက်ချလိုက်မိသည်။

"ရပြီ မဟုတ်လား ဇော်ဇော် . . မင်းသွားလို့ရပြီ . . ဩော် . . ဧည့်သည်ကိုတွေ့ရင် ကိုကို့ဆီကိုဖုန်းဆက်လိုက်ဦးနော် . ."

"ဟုတ်ကဲ့ ကိုကို . ."

ကျွန်တော် ကိုကို့အခန်းထဲမှ ပြန်ထွက်လာမိသည်။ မြဇမ္ဗူကုမ္ပဏီသည် ပုံမှန်ပင်လည်ပတ်လျက်ရှိသော်လည်း ကျွန်တော့်၌ တာဝန်ဟူ၍ မည်မည်ရရမရှိပါ။ ကျွန်တော်သည် ကိုကို့စေခိုင်းမှုများကိုသာ ပုဂ္ဂိုလ်ရေးအရဆောင်ရွက်ပေးနေရလေသည်။ ဥပမာအားဖြင့် ကိုကိုမအားလပ်သည့်အခါမျိုးတွင် ကိုကို့မိတ်ဆွေများထံ ကိုကို့ကိုယ်စားသွားရောက်တွေ့ဆုံရခြင်း၊ ကုမ္ပဏီအချင်းချင်း ငွေပေးငွေ





ကိစ္စများ၌ ကျွန်တော်က ကုမ္ပဏီ၏လူယုံအဖြစ် ဆောင်ရွက်ပေးရခြင်း၊ ကိုကို့ကိုယ်စား နယ်သို့တစ်ခါတစ်ရံ ခရီးထွက်ပေးရခြင်းတို့အပြင် ကုမ္ပဏီ၌ ဝန်ထမ်းအချို့ခွင့်ယူသည့်အခါ သူတို့၏တာဝန်များကို ဝင်ရောက်တာဝန်ယူရခြင်း စသည်တို့ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ကိုကို့၏ညီဖြစ်သည့်အားလျော်စွာ ကျွန်တော့်အပေါ် ကိုကိုပေးထားသော တာဝန်တွေကို ကျေကျေပွန်ပွန်လုပ်ပေးပါသည်။ ယခုလည်း ကိုကို့ကိုယ်စား နိုင်ငံခြားမှရောက်လာမည့် ဧည့်သည့်တစ်ယောက်ကို သွားကြိုပေးရပေဦးမည်။ နေ့လယ်နှစ်နာရီထိုးသောအခါ ကျွန်တော်က ဟန်းဖုန်းကိုအိတ်ထဲကောက်ထည့်ပြီး လေယာဉ်ကွင်းသို့ တစ်ယောက်တည်းပင် ကားမောင်း၍ထွက်ခဲ့သည်။

လေယာဉ်ကွင်းသို့ရောက်သောအခါ မိုးကရွာလာသည်။ ထိုအခါမှပင် ထီးမယူလာမိသည်ကို နောင်တရသည်။ ကိုကို့ဧည့်သည်ကို မိုးမစိုစေရန် အတတ်နိုင်ဆုံးတော့ ကြိုးစားရပေမည်။ လေဆိပ်ထဲသို့ ကျွန်တော်ရောက်သောအခါ လေယာဉ်က မဆိုက်သေးပေ။ အမေရိကမှ လာမည့်လေယာဉ်သည် ရန်ကုန်သို့တိုက်ရိုက်မရောက်ဘဲ ဘန်ကောက်မှတစ်ဆင့်ရောက်လာမည်ဖြစ်ပြီး ဆိုက်ရောက်မည့်အချိန်လည်း အပြောင်းအလဲမရှိကြောင်းသိရပါသည်။ ကံအားလျော်စွာပင် မိုးကလည်း အုံ့မှိုင်း၍ ရွာနေခြင်းမဟုတ်သဖြင့် လေယာဉ်ဆင်းရန် ပြေးလမ်းအတွက်လည်း အနှောင့်အယှက်ဖြစ်မနေပါ။

လေဆိပ်ထဲမှာ ဟိုလျှောက်သည်လျှောက်လုပ်လိုက်ပြီး သိပ်မကြာမီပင် ဘန်ကောက်လေယာဉ်ဆိုက်လာတော့သည်။ လေယာဉ်ပေါ်တွင် လိုက်ပါလာကြသည့် ခရီးသည်တွေမကြာခင်ထွက်လာတော့သည်။ ထိုအခိုက်မှာပင် ကျွန်တော်လည်း တစ်စုံတစ်ခုကို စဉ်းစားမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် လေဆိပ်အတွင်းမှ စတိုးဆိုင်တစ်ခုသို့ ခပ်သွက်သွက်ပင် လျှောက်သွားလိုက်၏။

ဆိုင်ရှင်ကောင်မလေးက ကျွန်တော့်ကို ပြုံး၍ကြိုဆိုပါသည်။

"ဘာယူမလဲရှင့် . . ဒီမှာ အစုံရပါတယ် . ."

"စီးကရက်ဘူးတွေထည့်တဲ့ ကတ်ထူဘူး တစ်ဘူးလောက်များမရှိဘူးလား . ."

"ရှင် . ."

ကောင်မလေးက ကြောင်သွားသဖြင့် ကျွန်တော်လည်း အရှက်ပြေပြုံးပြလိုက်မိသည်။

"ဒီလိုကွ . . ဧည့်သည်တစ်ယောက်ကိုလာကြိုတာ . . လူကို မမြင်ဖူးလို့ သူ့နာမည်ကို စက္ကူကဒ်ပြားပေါ်မှာ ရေးထားပြီး ကိုင်ထားမလို့ . ."

ကျွန်တော့်အစီအစဉ်ကို ကောင်မလေးက သဘောပေါက်သွားပြီးပြုံးသည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ စီးကရက်ကာတွန်းဘူးခွံတစ်ခုကို လှမ်းပေးသည်။

"ကျေးဇူးပဲ . . ဘယ်လောက်ပေးရမလဲ . ."

"ရပါတယ် . . လွှင့်ပစ်ရမယ့်အတူတူ . ."

ကျွန်တော် ကောင်မလေးကို ပြုံးပြလိုက်ပြီး ကျေးဇူးတင်စကားပြောကာ ထိုင်ခုံတစ်ခုတွင်သွားထိုင်သည်။ ပြီးတော့ ကတ်ဘူးကို ကဒ်ပြားအသွင်ပြုပြင်ပြောင်းလဲ၍ မျက်နှာပြင်အဖြူ၌ ထားအိခိုင်ဟူသောအမည်ကို ဘောပင်ဖြင့် စာလုံးကြီးကြီးခပ်ထူထူရေးလိုက်၏။ ရေးပြီးအချိန်အထိ ခရီးသည်တွေက ထွက်မလာသေးပါ။

သို့သော် သိပ်ကြာကြာတော့ မစောင့်လိုက်ရပါ။ ခရီးသည်တွေထွက်ပေါက်မှ စတင်၍ထွက်လာလေသည်။ လာကြိုသော သူတွေကြားမှ ကျွန်တော်လည်း ခြေဖျားနည်းနည်းထောက်၍ ကျွန်တော်နှင့်





ရွယ်တူလောက်ရှိမည့် အမျိုးသမီးကိုရှာရလေသည်။ အဘိုးကြီး၊ အဘွားကြီးတွေ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေ၊ အသက်ခပ်လတ်လတ်အမျိုးသား၊ အမျိုးသမီး အချို့သာထွက်လာသေး၏။

ထားအိခိုင်ဟူသော အမည်ကဒ်ပြားကို ကျွန်တော့်ခေါင်းပေါ်မြှောက်ထားသည့်အတွက် ခရီးသည်အချို့က ပြုံးလေသည်။ ကျွန်တော်ကတော့ မည်သူ့မျက်နှာမှ ဂရုလုံးဝမစိုက်တော့ချေ။

ထိုအခိုက်မှာပင် ကျွန်တော်နှင့် သက်တူရွယ်တူလောက်ရှိမည့် အမျိုးသမီးတစ်ယောက်ပခုံးသိုင်းအိတ်နှင့် ထွက်လာသည်။ ကျွန်တော်က သူ့မ မြင်သာအောင်အမည်ဆိုင်းဘုတ်ကို လှုပ်ရမ်းပြလိုက်သည်။ သူမသည် ကျွန်တော့်ကို မြင်သွားသည်။ စာတမ်းကိုတစ်ချက်ကြည့်ပြီး ပြုံးသည်။ ပြီးတော့ ကျွန်တော့်ရှေ့မှဖြတ်သွားသည်။

သူမ၏ နောက်ဘက်တွင် မည်သည့်ခရီးသည်မျှမရှိတော့။ သူမပင်လျှင် ကျွန်တော်နှင့်ရွယ်တူလောက်ဖြစ်သဖြင့် သူမသည်သာ ထားအိခိုင်ဖြစ်ရပေလိမ့်မည်။ ကျွန်တော် သူမ၏နောက်ဆုံးခပ်သွက်သွက် လိုက်သွားလိုက်သည်။

"ဒီမှာ . . မထားအိခိုင် ဆိုတာလား . ."

သူမသည် ရပ်၍ ကျွန်တော့်ကို အူကြောင်ကြောင်နှင့်ကြည့်၏။

"မဟုတ်ဘူး . . ."

"ပြဿနာပဲ . . ခင်ဗျား ထားအိခိုင်မဟုတ်ဘူးဆိုရင် ကျွန်တော် လာကြိုတဲ့လူ ဒီလေယာဉ်မှာပါမလာတာ သေချာပြီ"

သူမသည် မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကိုကြည့်၏။

"ကျွန်မဟာ ရှင်ကြိုတဲ့သူ မဟုတ်ဘူး . . ကျွန်မသွားတော့မယ် . ."

သူမက ရှေ့ဆက်ထွက်သွား၏။ ကျွန်တော် ခရီးသည်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဆီသို့ စိတ်ညစ်ညူးစွာနှင့် ပြန်လျှောက်လာမိခဲ့သည်။ ထိုအခိုက်မှာပင် အထဲမှ ဘီးတပ်သေတ္တာတစ်လုံးကို ဆွဲ၍ထွက်လာသော ခရီးသည်တစ်ယောက်ကိုတွေ့ရ၏။ အမျိုးသမီးတစ်ယောက်ဖြစ်လေသည်။ တီရှပ်နှင့်ဂျင်းဘောင်းဘီဝတ်ထားပြီး နေကာမျက်မှန်တစ်လက်တပ်ထား၏။ ကျွန်တော်လည်း လက်ထဲမှာ ကိုင်ထားသော စက္ကူကဒ်ပြားကို မြှောက်ကိုင်ကာ လှုပ်ပြလိုက်သည်။

သူမသည် ကျွန်တော့်လှုပ်ရှားမှုကို တွေ့သွားပါသည်။ စက္ကူကဒ်ပြားကိုကြည့်ပြီး ကျွန်တော့်ဆီလျှောက်လာသည်။ ကျွန်တော်က သောကမျောမေးလိုက်မိလေသည်။

"မထားအိခိုင်မဟုတ်လား ဟင် . ."

ကျွန်တော်၏ အူကြောင်ကြောင်နိုင်လှသော ခရီးသည်ကြိုဆိုမှုသည် အောင်မြင်ခဲ့လေပြီ။ သူမသည် နှုတ်ခမ်းထောင့်ကလေးကွေးညွှတ်သည်ဆိုရုံပြုံးပြပြီး ကျွန်တော့်အမေးကို ပြန်ဖြေလေသည်။

"ဟုတ်ပါတယ် . . ကျွန်မ ထားအိခိုင်ပါ . ."

"မထားအိခိုင်ကို ဦးကျော်ထက်လှိုင်က ကြိုခိုင်းလိုက်လို့ပါ . . ပစ္စည်းတွေက ဒါပဲလား . ."

"ဟုဘ်ကဲ့ . . ."

"ခဏနော် . . ကျွန်တော် ဖုန်းဆက်လိုက်ဦးမယ် . ."

သူမကို ခဏစောင့်ခိုင်းပြီး ကိုကို့ထံဖုန်းဆက်ရလေသည်။ ကိုကိုက ကုမ္ပဏီတွင်ရှိမနေဘဲ . . သွင်းကုန်ထုတ်ကုန်လိုင်စင်ကိစ္စနှင့်ပတ်သက်သော အစည်းအဝေး၌ရောက်နေသည်။ ထို့ကြောင့် ကျွန်တော်ကလည်း စကားကိုခပ်တိုတိုပင် ပြောလိုက်၏။

"ကိုကို . . ဧည့်သည်ရောက်လာပြီ . . ဘာဆက်လုပ်ရမလဲ"

"အိမ်ကိုခေါ်သွားလိုက် . . ဖေဖေမေမေတို့ သူ့ကိုသိတယ်"

ကျွန်တော်အံ့သြသွားလေသည်။ ထားအိခိုင်ဆိုသည့် အမျိုး





သမီးသည် ကိုကိုနှင့်လုပ်ငန်းချင်းပတ်သက်သော မိတ်ဆွေဖြစ်ပုံမရတော့ချေ။ ဖေဖေမေမေတို့ပင် သူမကိုသိလျှင် သူမသည် ကျွန်တော်တို့အတွက် ရင်းနှီးသောဧည့်သည်ပင် ဖြစ်ရလေမည်။ ကိုကို့ထံဖုန်းဆက်ပြီးသည်နှင့် သူမကို ကျွန်တော်ကြည့်လိုက်သည်။ နေကာမျက်မှန်တပ်ထားသော သူမသည် ကြည့်ကောင်းနေလေသည်။

"ကျွန်တော်တို့ သွားကြရအောင် . ."

သူမ၏လက်ထဲမှ ဘီးတပ်သေတ္တာလက်ကိုင်ကို ကျွန်တော်လွှဲပြောင်းယူလိုက်ချိန်တွင် သူမ၏လက်နှင့်ကျွန်တော့်လက် မတော်တဆထိသွားသည်။ သူမသည် မပွင့်တပွင့်ပြုံးပြလေသည်။ ပြီးတော့ ကျွန်တော့်နောက်မှ ခပ်ဖြည်းဖြည်းလိုက်လာ၏။

အပြင်ဘက်ရောက်သောအခါ မိုးကရွာ၍ကောင်းဆဲပင်ဖြစ်သည်။ ကားပေါ်အတက်တွင် သူမ၏ကိုယ်ပေါ်သို့ မိုးစက်တွေအနည်းငယ်စိုသွားခဲ့သဖြင့် ကျွန်တော် တောင်းပန်လိုက်မိသည်။

"ဆောရီးပဲဗျာ . . ထီးယူလာဖို့ မေ့သွားလို့ . . ."

"ရပါတယ် . . ဒါနဲ့ အခုဘယ်ကိုသွားမှာလဲ . ."

"ဦးကျော်ထက်လှိုင်က မထားအိခိုင်ကို အိမ်ကိုပဲ ခေါ်သွားဖို့ ပြောပါတယ်"

သူမသည် ဘာမှဆက်မပြောတော့ဘဲ ငြိမ်ငြိမ်သက်သက်ပင်လိုက်လာသည်။ မိုးရွာနေသဖြင့် ခပ်မှိုင်းမှိုင်းဖြစ်နေသော ပြင်ပရှုခင်းကိုငေးရင်း လိုက်လာ၏။ ထိုခဏမှာပင် သူမက နေကာမျက်မှန်ကိုချွတ်လိုက်သည်။ ထိုအခါ ကျွန်တော် အသက်ရှူဖို့ မေ့သွားလေသည်။ သူမသည် လှပချောမွေ့သောအမျိုးသမီးတစ်ဦးဖြစ်သည်။ မျက်နှာကျ မျက်နှာသွင်ပြင်သည် တင့်တယ်ကျက်သရေရှိစွာ လှပနေလေ၏။

အညိုရောင် ခပ်ဖျော့ဖျော့ဆိုးထားသော ဆံပင်ဆံနွယ်တွေသည် ပခုံးပေါ်သို့ ခွေခွေခေါက်ခေါက်ကျနေသည်။ အိမ်သို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကိုကို၏ကြိုတင် တယ်လီဖုန်းဆက်ထားမှုကြောင့်လော၊ သို့တည်းမဟုတ် ဖေဖေမေမေတို့ကပင်လျှင် ဧည့်သည်ရောက်လာမည်ကို ကြိုတင်သိနေ၍လော မသိပါ။ ဧည့်ခန်း၌ အဆင်သင့်ပင် ကျွန်တော်တို့ကို စောင့်ကြိုနေလေသည်။

ကျွန်တော်ကတော့ ဖေဖေနှင့်မေမေ ရှေ့သွားရပ်လိုက်ပြီး သူမနှင့် မိတ်ဆက်ပေးဖို့ ကြိုးစားမိသည်။

"ဖေဖေနဲ့မေမေ ဒါ . . ထားအိခိုင်တဲ့ . . အမေရိက ကလာတာ . . ကျွန်တော့်ကို ကိုကိုက ကြိုခိုင်းပြီး အိမ်ကိုပဲခေါ်လာခိုင်းလို့"

"သမီးလာမယ်ဆိုတာ သမီးဖေဖေဆီက တယ်လီဖုန်းရကတည်းက အန်ကယ်တို့သိထားတယ် . . သမီးအဖေအမေနဲ့ အန်ကယ်တို့က ဟိုးငယ်ငယ်ကတည်းက အရမ်းခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေ သမီးဘာမှ အားနာစရာမလိုဘူး . . ဒါနဲ့ဗီဇာက ဘယ်နှရက်ရလဲသမီး . ."

"ဆယ်ရက်ပါအန်ကယ် . ."

မေမေသည် ထားအိခိုင်ကို ဖက်လှဲတကင်းပင် ကြိုဆိုလေသည်။

"ကြည့်စမ်းပါဦး . . ထွားလာလိုက်တာ . . အန်တီတို့နဲ့သမီး မတွေ့တော့တာ ဆယ့်ငါးနှစ်လောက်တောင်ရှိမယ် . ."

"တီတီကျကျပြောရရင် အနှစ်နှစ်ဆယ်ကွ . ."

"ဒါနဲ့ သမီး . . အန်တီတို့ကို မှတ်မိလား . ."

ထားအိခိုင်သည် ချစ်စဖွယ်ပြုံး၍ ခေါင်းခါပါသည်။

"ဘယ်မှတ်မိတော့မလဲ မြတ်ရယ် . . နှစ်တွေကလည်း အရမ်းကြာခဲ့ပြီမဟုတ်လား . . ဒါနဲ့ သမီးဖေဖေနဲ့မေမေလည်း ကျန်းကျန်းမာမာပဲ မဟုတ်လား . ."





"ဟုတ်ကဲ့ . . ဖေဖေကတော့ အေးတဲ့အခါ ညာဘက်ခြေထောက်က ကိုက်လေ့ရှိပါတယ် . ."

ယခုအချိန်ထိ ဧည့်ခန်းထဲမှာ ကြောင်တောင်တောင်ရပ်နေဆဲပင်ရှိသည့် ကျွန်တော့်ကို ဖေဖေက သတိပြုမိသွားလေသည်။

"ဪ . . သား . . ဇော်ဇော် မင်းအစ်ကိုဖုန်းဆက်တယ် . . ဧည့်သည် အိမ်ကိုရောက်ရင် သားကို ကုမ္ပဏီကိုပြန်လာခိုင်းတယ် . . သွားလိုက်ဦး . . ."

ထားအိခိုင်၏အကြည့်သည် ကျွန်တော့်ထံရောက်လာသည်။

"ကျွန်တော် ကုမ္ပဏီကို ပြန်သွားလိုက်ဦးမယ်"

ထားအိခိုင်ကို ခေါင်းတစ်ချက်သာဆတ်ပြလိုက်ပြီး ဧည့်ခန်းထဲမှ ကျွန်တော်ထွက်ခဲ့သည်။ ကားပေါ်မှာ ကျွန်တော်အတိတ်ကို ပြန်စဉ်းစားကြည့်သည်။ ထားအိခိုင်၏ မိဘတွေနှင့် ဖေဖေ၊ မေမေတို့ အလွန်ပင်ရင်းနှီးကြသည်ဆိုလျှင် ကျွန်တော်နှင့် ကိုကိုက ထားအိခိုင်ကို အဘယ်ကြောင့် မသိရလေသနည်း။ ကျွန်တော်တို့ငယ်ငယ်က ရွှေလေးမှာ နေထိုင်ခဲ့ကြ၏။ ထိုစဉ်ကပင်လျှင် မိဘချင်းရင်းနှီးနေကြသည်လော။ သူမသည် ဗီဇာ(၁၀)ရက်သာ ရသည်ဟု သိရပြီး ထို (၁၀) ရက်ပြီးလျှင် မြန်မာပြည်မှ ပြန်တော့မည်သာဖြစ်သည်။

တကယ်ကတော့ ခေတ္တရောက်လာသည့် ဧည့်သည်သာ ဖြစ်ပါသည်။ ထိုဧည့်သည်အတွက် ဖေဖေ၊ မေမေတို့ ဧည့်ဝတ်ကျေပွန်ကြပါလိမ့်မည်။ ကျွန်တော်ကတော့ ဘာမှထူးထူးခြားခြား တာဝန်ကျေဆရန် တာဝန်မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



## (၂)

အိမ် အပြန်တွင်လည်း မိုးကရွာနေပါသည်။ ကျွန်တော်က ကားကိုမောင်း၍ ကိုကိုက ကျွန်တော့်ဘေးမှာ ငြိမ်ငြိမ်သက်သက်ပင် ပါလာသည်။ ညနေခြောက်နာရီအချိန်သည် မိုးအရှိန်ကြောင့် မှောင်စပြုလျက်ရှိနေလေပြီ။

"ထားအိခိုင် မိဘတွေနဲ့ ဖေဖေတို့ရင်းနှီးကြပုံရတယ် ကိုကို . . နောက်ပြီး သူတို့နဲ့ခွဲခဲ့ကြတာ အနှစ်နှစ်ဆယ်တောင်ရှိပြီတဲ့ . ."

"ကိုကို သူ့ကိုသိတယ်ကွ . . ဇော်ဇော် . . တို့မန္တလေးမှာနေတုန်းက သူတို့အိမ်ကိုတစ်ခါလား . . နှစ်ခါလား . . လာလည်ဖူးတယ် ဇော်ဇော် မမှတ်မိလို့ဖြစ်လိမ့်မယ် . . ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က အလွန်ဆုံးရှိလှမှ လေးငါးနှစ်ပေါ့ . . ကိုကိုကတော့ အဲဒီတုန်းက ဆယ့်နှစ်နှစ်လောက်ရှိမယ် . . နောက်တော့ သိပ်မကြာခင်ပဲ သူတို့ အမေရိကကို အပြီးပြောင်းသွားကြတယ် . ."

စကားစပြတ်သွားပြန်သည်။ အိမ်သို့ရောက်သောအခါ ကိုကိုက သူ့လက်ကိုင်အိတ်ကိုယူကာ ကားပေါ်မှ ခပ်သွက်သွက်ဆင်းသွားပြီး ကျွန်တော်ကတော့ ကားကိုဒေါင်ထဲသို့ ကားကိုမောင်းသွင်းရ





သည်။ ပြီးတော့ ကားစက်သတ်ကာ ခြံထောင့်ရှိ ကျွန်တော်နေထိုင်သည့်တစ်ထပ်တိုက်ပုကလေးသို့ ခပ်ပြေးပြေးကလေးသွားလိုက်သည်။

မိုးနည်းနည်းစိုနေသည်နှင့် ရေချိုးခန်းဝင်ကာ ခပ်သွက်သွက်ပင် ရေချိုးလိုက်မိ၏။ မိုးကလည်း အပြင်မှာ ရွာ၍ကောင်းနေဆဲပင်ဖြစ်၏။ ကျွန်တော်ရေမိုးချိုးပြီး၍ အဝတ်အစားလဲပြီးသည့်ခဏ၌ အိမ်ဖော်မကလေးက ကျွန်တော့်ကိုလာခေါ်သည်။

"အစ်ကိုလေး . . ကြီးကြီးက မှာလိုက်တယ် . . (၇)နာရီမှာ ထမင်းစားမယ်တဲ့ . ."

"အေး . . အေး . . လာခဲ့မယ်"

ကောင်မလေး ပြန်သွားသည်ကို ကြည့်ရင်း အိမ်ကြီးဆီသို့ မျှော်စိုက်ကြည့်မိသည်။ ထားအိခိုင်သည် အိမ်ကြီးပေါ်က တစ်ခန်းခန်းမှာ တည်းခိုနေပုံရသည်။ အပေါ်ထပ်က အခန်းတချို့ မီးလင်းနေ၏။

ခုနစ်နာရီထိုးရန် နာရီဝက်လောက်လိုသေးသဖြင့် အချိန်မြန်းသည့်အနေဖြင့် စန္ဒရားရှေ့မှာ ကျွန်တော်ဝင်ထိုင်လိုက်ပြီး တေးသွားမဟုတ်သည့် သံစဉ်တချို့ကို လက်တည့်သလို လျှောက်တီးပစ်လိုက်သည်။ ယခုရက်ပိုင်းတွင် အလုပ်တွေများသဖြင့် ကျွန်တော် စန္ဒရားကို မက်မက်စက်စက်မတီးဖြစ်သည်မှာ ကြာလေပြီ။ သွယ်၍ ရှည်လျားသော ကျွန်တော့်လက်ချောင်းတွေသည် စန္ဒရားခလုတ်တွေပေါ်မှာ တို့ထိလှုပ်ရှားရင်းဖြင့် ပူနွေးလာသည်။ (Bach's prelude in D minor) ဘတ်စ်၏ ပရီလူအင် ဒီမိုင်နာကို စိတ်လိုလက်ရ တီးသည့်လိုက်သည်။

တီးပြီးသောအခါ စန္ဒရားအဖုံးကိုမပိတ်ဘဲ သည်အတိုင်းပစ်ထားခဲ့ပြီး အိမ်ကြီးဆီသို့ ပြေးသွားလိုက်သည်။ ည(၇)နာရီတိတိ အချိန်တွင် ထမင်းစားခန်းထဲသို့ ကျွန်တော် ရောက်သွားခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲမှာ ဖေဖေ၊ မေမေ၊ ကိုကိုနှင့် ထားအိခိုင်တို့သည် ကျွန်တော့်ကိုစောင့်ရင်း စကားပြောနေကြသည်။

"လာကွာ . . သား . . ဇော်ဇော် . . မင်းကို ဖေဖေတို့စောင့် နေကြတာ . . "

ကျွန်တော် ကိုကို့ဘေးက နေရာလွတ်မှာ ဝင်ထိုင်လိုက်သည်။ အမျိုးသမီးသည် ကျွန်တော့်ကို မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးပြသည်။ သူမသည် လန်းဆန်း လျက်ရှိ ပြီး၊ ခရီးပန်းနွမ်းနယ်မှု အသွင်သဏ္ဌာန်ရှိမနေပါ။ ခေါင်းလျှော်ထားပုံရပြီး၊ ဆံပင်တွေက ပခုံးပေါ်မှာဖွာလျက်ကျဲလျက် ကျနေ၏။ မျက်နှာနုနုတွင် သနပ်ခါးခပ်ပါးပါး လိမ်းထား၏။

ကျွန်တော်မသိမသာ ပြုံးလိုက်မိသည်။ အမေရိကလို နေရာမျိုးမှာ နှစ်ပေါင်းများစွာနေလာခဲ့သော မိန်းကလေးတစ်ယောက်သည် မြန်မာပြည်ဖြစ်သနပ်ခါးကို နှစ်သက်၍ပင်လော။ သို့မဟုတ် မေမေ့၏ဆွယ်တရားကောင်းမှုကြောင့် အားနာပါးနာနှင့်ပင် လိမ်းထားရပင်ခြင်းလော။ နှုတ်ခမ်းနှစ်လွှာသည် ဆိုးဆေးမတင်ထားပါဘဲ လျက်နှင့် ပန်းနုသွေးပြေးလျက်ရှိလေ၏။

"အခုမှပဲ မိသားစုစုံစုံညီညီနဲ့ တွေ့ကြရလို့ အန်တီကပဲ . . . မိတ်ဆက်ပေးရဦးမယ် . . ဒါက သားအငယ် ဇော်ဇော်ဟန်တဲ့ . . သူက ရန်ကုန်တက္ကသိုလ်က ဓာတုဗေဒနဲ့ ကျောင်းပြီးသွားပြီး သူ့အစ်ကို ကုမ္ပဏီမှာ ဝင်လုပ်နေတယ် . . သူက သူ့အစ်ကိုလို မဟုတ်ဘူး သမီးရဲ့ နေတာထိုင်တာ နည်းနည်းလွတ်လပ်တယ် . . နေတာတောင် မှမေမေ တို့နဲ့မနေဘဲ ခြံထဲကတိုက်မှာ သွားနေတယ် . . သား . . ဇော်ဇော် ဒါ . . မေမေတို့နဲ့ ဟိုးအရင်တုန်းက မိတ်ဆွေတွေဖြစ်ခဲ့ ကြတဲ့ ဦးဘသက်၊ ဒေါ်မြမှုတို့ရဲ့ တစ်ဦးတည်းသောသမီး ထားအိခိုင် တဲ့ . . အမေရိကမှာရှိတဲ့ တက္ကသိုလ်က ဘွဲ့ရထားတယ် . . အခု





တော့ မြန်မာပြည်ကို လာလည်တာ . . သမီးကလည်းကွယ် . . ဗီဇာ တို ရက်နည်းနည်းပိုတိုးလျှောက်တာ မဟုတ်ဘူး . . ဒါမှ ပြည့်ပြည့်စုံစုံ လည်လို့ရမှာ . . အန်တီ့သဘောကတော့ တစ်လလောက်တော့နေ စေချင်တယ် . . "

ထားအိခိုင်သည် မေမေ့စကားကို ပြုံး၍ နားထောင်နေ၏။

"မြတ်ကလည်းကွာ . . သမီးလေးခမျာမှာလည်း ဟိုမှာသူ့ ကိစ္စတွေနဲ့ဆိုတော့ မြတ်ပြောသလောက် အချိန်အားလပ်ရက် သူ့မှာ ရချင်မှရမှာ . . ဘာပဲဖြစ်ဖြစ်ပေါ့သမီးရယ် . . ဒီတစ်ခါလည်ဖို့ပတ်ဖို့ အချိန်သိပ်မရရင်လည်း နောက်တစ်ခါလာခဲ့ဦးပေါ့ . . အဲဒီတော့မှ တစ်ဝကြီးလည်ပေါ့ . . "

ထားအိခိုင်သည် ပြုံး၍ခေါင်းညိတ်ပြန်သည်။ ပြီးတော့ ကျွန် တော်တို့ ထမင်းဝိုင်းစတော့သည်။ ထားအိခိုင်ကို ဖေဖေကမေးသဖြင့် ထားအိခိုင်က အမေရိကမှာရှိသည့် စားသောက်ဖွယ်ရာတွေကိုပြော ပြနေသည်။

"မြန်မာအစားအစာကတော့ အိမ်မှာ မေမေက အမြဲလိုလို ချက်ပါတယ် . . ချဉ်ပေါင်ဟင်း . . ငပိချက်ကနေစပြီး အားလုံးပဲ . . ဒါပေမယ့် သမီးကျောင်းတက်တဲ့အခါမှာတော့ အမေရိကန် အစားအစာတွေပဲ အပြင်မှာဝယ်စားဖြစ်တယ် . . ဟိုမှာ ကော်ဖီဆိုင် တွေလည်းရှိတယ်လေ . . အဲဒီမှာလည်း ပေါ့ပေါ့ပါးပါးအစာတွေ အတော်စုံပါတယ် . . "

"ဒါနဲ့စကားမစပ်မေးရဦးမယ် . . သမီး . . ဟိုမှာ အခုဘာ တွေဆက်တက်နေသေးလဲ . . "

"ဂီတာပါအန်ကယ် . . "

ကျွန်တော်စိတ်လှုပ်ရှားစွာဖြင့် သူမကို ဖျတ်ခနဲကြည့်လိုက် ၏၊ သူမကလည်း ကျွန်တော်ကြည့်လိုက်မှန်းသိသဖြင့် ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်၏။ မျက်လုံးချင်းခဏဆုံသောအခါ ကျွန်တော်မျက်လွှာပြန်ချလိုက်မိသည်။ ထိုခဏ၌ ကျွန်တော့်ရင်တွေခုန်နေသည်ကို သတိပြုမိသည်။

"ဂီတဆိုတော့ ဘယ်လိုဂီတမျိုးလဲသမီးရဲ့ . ."

"ဂန္ထဝင်ဂီတ (Classical Music) ဆိုပါတော့အန်ကယ် . . ခုလောလောဆယ် သမီးအရှေ့တိုင်းဂီတနဲ့ ပတ်သက်လို့ စာတမ်းတစ်စောင်တင်ဖို့ ပြုစုနေပါတယ် . ."

"ဟော . . အရှေ့တိုင်းဂီတဆိုတော့ အန်ကယ်တို့ မြန်မာ့ဂီတလည်းပါတာပေါ့နော် . ."

"ဟုတ်ကဲ့ . . အဲဒါကြောင့်လည်း သမီးမြန်မာပြည်ကို ရောက်တုန်းရောက်ခိုက် မြန်မာဂီတကို လေ့လာသွားချင်ပါတယ် . ."

ဖေဖေသည် ထားအိခိုင်၏ စကားအဆုံးတွင် ကျွန်တော့်ကို လှမ်းကြည့်ပြီး 'တဟဲဟဲ' ရယ်ပါသည်။

"အင်း . . ဂီတနဲ့ ပတ်သက်ရင်တော့ အန်ကယ်တို့ဟာ လူပြိန်းတွေပဲသမီးရဲ့ . . လေတောင်ဖြောင့်အောင် ချွန်တတ်တာမဟုတ်ဘူး တီးဖို့မှုတ်ဖို့ဆိုတာ ဝေးရော . . ဒါပေမယ့် အန်ကယ့်သား ဇော်ဇော်ကတော့ ဂီတကိုအတော်စိတ်ဝင်စားတယ်ကွ . . သူတီးချင်တယ်ဆိုလို့ အန်ကယ်က စန္ဒရားတစ်လုံးဂယ်ပေးထားရတယ် . . ဆရာဆီမှာလည်း သူသွား သွားသင်တယ်ကွဲ . . သားဇော်ဇော် . . မင်း မြန်မာဂီတအကြောင်း ပိုင်ပိုင်နိုင်နိုင်သိလား . ."

မြန်မာဖြစ်သော်လည်း မြန်မာဂီတကို ကျွန်တော်သိပ်မသိပါ။ အနောက်တိုင်းဂီတကို လေ့လာသင်ယူရင်းဖြင့် လက်လှမ်းမီရာကြားဖူးနားဝရှိသော မြန်မာသီချင်းတွေကို ခွဲခြမ်းစိတ်ဖြာမှု အနည်းငယ်လုပ်ကြည့်မိခြင်းသာ ရှိပါသည်။

"ကျွန်တော်သိပ်မသိဘူးဖေဖေ . ."





"ကိုဇော်ဇော်က ဘာသီချင်းတွေအတီးများလဲ . ."

"ကလပ်စီကယ်တွေပါ . ."

"ဟုတ်ပါပြီလေ . . ဘယ်သူ့ သီချင်းတွေအတီးများလဲ . . လို့မေးတာ . ."

"ဗီသိုဗင်(Beethoven) . . မိုးဇက်(Mozart) . . ဘတ်စ် (J.S. Bach) . ."

"ရှိုပင် (Chopin) . . . တီးဖူးလား . ."

ပိုလန်ဂီတပညာရှင်ရှိုပင်၏ တေးသွားတချို့ကို တီးခတ်ဖူးသော်လည်း ဂျာမန်ဂီတပညာရှင် ဗီသိုဗင်လောက်တော့ စွဲမက်မှုမရှိပါ။

"နည်းနည်းတော့တီးဖူးတယ် . ."

"ဟေဒင် (Hayden) ရော . ."

"တစ်ပုဒ်နှစ်ပုဒ်လောက်ပဲ . ."

"ဘာနုတ်စ် (Notes) . . သင်္ကေတနဲ့တီးတာလဲ . ."

"အင်တာနေရှင်နယ်နုတ်စ်နဲ့ပဲ . ."

"တစ်ခါတည်း ဖတ်နိုင်လား . ."

"ဖတ်နိုင်ပါတယ် . ."

သူမ မသိမသာပြုံးနေသည်။ ပြီးတော့ ဖေဖေ့ဘက်သို့လှည့်၍ ပြောသည်။

"သမီးမြန်မာဂီတကို လေ့လာတဲ့နေရာမှာ ကိုဇော်ဇော်ရဲ့ အကူအညီ အများကြီးရပါလိမ့်မယ် အန်ကယ် . . ဒါနဲ့ ကိုဇော်ဇော် မြန်မာပြည်မှာ ဂီတစာကြည့်တိုက်ရှိလား . ."

ကျွန်တော်တော့ ဂီတစာကြည့်တိုက်သက်သက်ဟူ၍ တစ်ခါမျှမကြားဖူးပါ။ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ သာပေဗိမာန်စာကြည့်တိုက်တို့သည် ဘာသာရပ်ပေါင်းစုံအတွက်



www.burmeseclassic.com

www.burmeseclassic.com



လေ့လာစရာစာကြည့်တိုက်များပင်ဖြစ်သည်။ သို့သော် ထိုစာကြည့်တိုက်များတွင် ဂီတနှင့်ပတ်သက်သော စာရွက်စာတမ်း၊ စာအုပ်တို့သည် ပြည့်စုံနေလိမ့်မည်မဟုတ်ဟု ကျွန်တော်ထင်ပါသည်။

ထားအိခိုင်၏ အမေးကို ကျွန်တော်ချင့်ချိန်စွာ ပြန်ဖြေမိသည်။

"ဒီမှာတော့ မထားအိခိုင် ဂီတစာကြည့်တိုက်သက်သက်ရယ်တော့မရှိဘူး. . ဒါပေမယ့် ရှိနေတဲ့ စာကြည့်တိုက်တွေမှာ ဂီတဘာသာရပ်နဲ့ဆိုင်တဲ့ စာအုပ်စာတမ်းတွေတော့ ရှိနေနိုင်ပါတယ်. ."

"ကိုဇော်ဇော် . . အဲဒီ စာကြည့်တိုက်တွေမှာ ဂီတဆိုင်ရာစာအုပ်တွေလေ့လာဖူးလား . ,"

ကျွန်တော်ရယ်လိုက်မိလေသည်။

"အမှန်အတိုင်းပြောရရင် ကျွန်တော်မလေ့လာဖူးဘူး . ."

သူမသည် ထမင်းစားရင်းနှင့် ကျွန်တော်ရယ်သလို လိုက်ရယ်သည်။

"ရပါတယ်လေ . . ကျွန်မနဲ့အတူ ကိုဇော်ဇော်ကလည်း ပြန်လေ့လာပေါ့ . . ဟုတ်လား . ."

ဖေဖေ၊ မေမေ၊ ကိုကိုတို့သည် ဂီတနှင့် အစိမ်းသက်သက်ဖြစ်နေသဖြင့် ကျွန်တော်တို့စကား၌ ဝင်မပါပါ။ ထို့ကြောင့် ကျွန်တော်က ထမင်းဝိုင်းကို စည်စေရန် စကားလမ်းကြောင်း ပြောင်းပေးလိုက်၏။

"ဟိုမှာ ရာသီဥတုအခြေအနေ ဘယ်လိုရှိလဲ မထားအိခိုင်"

ယခုအချိန်ထိ ကျွန်တော်တို့စကားဝိုင်းထဲသို့ ကိုကိုဝင်မလာသေးပါ။ ကိုကိုသည် ထမင်းကို ငြိမ်ငြိမ်သက်သက်ပင် စားနေလေ၏။ ကိုကို၏ငြိမ်သက်နေမှုကို မေမေကလည်း သတိပြုမိနေလေသည်။

"သား . . ကိုကျော် . . သမီးပန်းကန်ထဲကို ဟင်းထည့်ပေးဦးလေ . ."





ထိုခဏ၌ ကိုကို့မျက်နှာသည် ရှက်ရိပ်ဖြင့် အနည်းငယ်နီသွားသည်။ သို့သော် ရင့်ကျက်တည်ငြိမ်သူပီပီ ကြန္တြေဆည်လိုက်နိုင်ပါသည်။ ပြီးတော့ တည်တည်ငြိမ်ငြိမ်ပင် ဟင်းတွေကိုခပ်၍ ထားအိခိုင်၏ပန်းကန်ထဲသို့ ထည့်ပေးလေ၏။ ပါးစပ်ကလည်း တည်ငြိမ်သောစကားသံအချို့ ပွင့်ထွက်လာသည်။

"နေ့လယ်က အစ်ကိုမအားလို့ . . ညီမလေးကို လာမကြိုဖြစ်ဘူးကွ . . ဒါကြောင့် ဇော်ဇော့်ကိုပဲ လွှတ်လိုက်ရတာ . . အစ်ကိုက သွင်းကုန်ထုတ်ကုန် အစည်းအဝေးတစ်ခု အရေးကြီးလို့ သွားတက်နေရလို့ . ."

"အစ်ကိုကြီး ကုမ္ပဏီက ဘာလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီလဲဟင်"

"အချိုရည်နဲ့ အဖျော်ယမကာ ထုတ်လုပ်တဲ့ကုမ္ပဏီပါ. . . 'မြဇမ္ဗူ' လို့နာမည်ပေးထားတယ်"

ထားအိခိုင်သည် စားလက်စဇွန်းကို ချပြီး ပြန်မေးသည်။

"အဖျော်ယမကာဆိုတော့ အရက်လည်း ပါမှာပေါ့နော် . ."

"အဖျော်ယမကာဆိုတာ အရက်ကို ယဉ်ယဉ်ကျေးကျေး ခေါ်လိုက်တာပါ ညီမလေး. ."

"အခြေအနေဘယ်လိုလဲ . ."

"တစ်နှစ်ထက်တစ်နှစ် ရောင်းအားတက်လာတယ် ဆိုတော့ မဆိုးဘူးလို့ ပြောလို့ရမှာပေါ့. ."

"တစ်နှစ်ထက်တစ်နှစ် အရက်သောက်တဲ့လူတွေ ပိုများလာတဲ့ သဘောပေါ့နော်. ."

ကျွန်တော်တို့ရယ်လိုက်ကြသည်။ ခဏမျှအကြာတွင် ကျွန်တော်တို့ ထမင်းစားသောက်၍ ပြီးသွားသဖြင့် အချိုပွဲဆက်စားကြသည်။ အချိုပွဲကတော့ သစ်သီးတွေသာ ဖြစ်သည်။ ပန်းသီး၊ မျှော်သီး ကီဝီသီးနှင့် အချိုရည်တို့ဖြစ်သည်။ ထားအိခိုင်သည် အချိုပွဲတို့



www.burmeseclassic.com

www.burmeseclassic.com



တို့ကနန်း၊ ဆိတ်ကနန်းစားရင်းနှင့် စကားစအပြတ်တွင် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

"ကိုဇော်ဇော့် စန္ဒရားလက်သံကို ကျွန်မနားထောင်ချင်တယ်"

ထိုစကား၏အဆုံး၌ ဖေဖေ၊ မေမေတို့မျက်နှာပေါ်တွင် စိတ်မသက်သာသည့် အရိပ်အယောင်များပေါ်သွားသည်။ ကျွန်တော် တစ်စုံတစ်ရာ ပြန်ဖြေမည်အပြုတွင် ဖေဖေက ဝင်ပြောသည်။

"ဒီနေ့တော့ ငါ့သမီးလည်း ခရီးပန်းလာတယ်မဟုတ်လား . . ဒီမှာ ဆယ်ရက်တောင်နေမှာဆိုတော့ အချိန်တွေရပါသေးတယ်လေ . . နောက်ရက်တွေမှ နားထောင်ပေါ့. . "

ထားအိခိုင်သည် ဘာမှဆက်မပြောတော့ဘဲ ခေါင်းညိတ်သည်။ သို့နှင့်ပင် ကျွန်တော်တို့၏ ထမင်းဝိုင်းသည် ပြီးခဲ့ရ၏။ မေမေသည် ထားအိခိုင်နှင့်ကိုကို့ကို အရင်ခေါ်၍ ဧည့်ခန်းဘက် ထွက်သွားသည်။ ထမင်းစားခန်းထဲတွင် ဖေဖေနှင့် ကျွန်တော်သာ ကျန်ခဲ့သည်။ ကျွန်တော်က ထိုင်ရာမှထမည်အပြုတွင် ဖေဖေက ကျွန်တော့်ကို ခပ်တိုးတိုးလှမ်းတားသည်။

"သား . . ဇော်ဇော် . . ခဏထိုင်ဦး . . ဖေဖေပြောစရာရှိတယ်"

ဖေဖေသည် ကျွန်တော့်ဘေးကခုံသို့ ရွှေ့လာသည်။ ပြီးတော့ စကားဆက်ပြောလေ၏။

"အရင်ကတည်းကပြောမယ် . . ပြောမယ်နဲ့ . . မပြောဖြစ်ခဲ့ဘူးဇော်ဇော် . . ဒါပေမယ့် အခုတော့ မင်းလည်း သိထားဖို့လိုအပ်လာလို့ ဖေဖေဖွင့်ပြောတော့မယ် . . ဒီလိုကွ . . အခုရောက်လာတဲ့ ထားအိခိုင်ကို မင်းအစ်ကိုနဲ့ ဖေဖေတို့လူကြီးချင်း သဘောတူထားတယ် သား . . ထားအိခိုင်ရဲ့ မိဘတွေက သူတို့သမီးကို နိုင်ငံခြားမှာ





ခဲ့ မနေစေချင်ဘူး . . နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျသွားမှာ စိုးရိမ်တယ် . . ပြီးတော့ ဖေဖေတို့ကလည်း မိတ်ဆွေရင်းချာတွေဖြစ်နေတော့ သားကြီးနဲ့ သူတို့သမီးကို သဘောတူကြတယ် . . ဒါကြောင့်သူ့ကို ဒီကိုအလည်လွှတ်လိုက်တာပဲ. . "

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိသည်။ ဖေဖေသည် မည်သည့် အဓိပ္ပာယ်နှင့် ကျွန်တော့်ကို သည်စကားပြောလေသနည်း။ တစ်စုံတစ်ရာကို ကျွန်တော်နားလည်လိုက်သလိုရှိပါသည်။ ထို့အတွက် စိတ်ထဲတွင် ဝမ်းနည်းသလို ခံစားလိုက်ရလေသည်။ သို့သော် ကျွန်တော် ကြွေ့ဆည်နိုင်ပါသည်။

"ဟုတ်လားဖေဖေ . . ကောင်းတာပေါ့ . . ဒါနဲ့ ဒီကိစ္စကို ကိုကို သိလား . . ပြီးတော့ . . သဘောတူလား . . "

ဖေဖေသည် နှစ်ခြိုက်စွာပြုံးလေ၏။

"ပထမတော့ မင်းအစ်ကိုက လူချင်းမတွေ့ဖူးတော့ သိပ်ပြီး စိတ်မပါလှဘူးပေါ့ . . ဒါပေမယ့် စောစောက ကုမ္ပဏီကလည်း ပြန်ရောက်ရော . . ကောင်မလေးကိုတွေ့လိုက်ရတော့ . . ဟဲ . . ဟဲ. . "

ထမင်းစားခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ကျွန်တော့်တွင် ပြောစရာစကားတွေ ရှိမနေတော့ချေ။ သို့သော် ဖေဖေက ဆက်ပြောပြန်ပါသည်။

"အဲဒီတော့ကွာ . . သားလည်း သဘောပေါက်မှာပါ . . သားရဲ့မရီးလောင်းကို သားအတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေါ့ . . ပြီးတော့ မင်းအစ်ကိုက ကုမ္ပဏီအလုပ်နဲ့ ဘာကိုမှပစ်ထားခဲ့လို့ရတာမဟုတ်ဘူး . . ဒီတော့ သားကပဲ ကောင်မလေးကို လည်ပတ်စရာတွေနဲ့ သူလေ့လာချင်တဲ့ကိစ္စတွေကို တာဝန်ယူပြီး လိုက်ပေးပါ"

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။ ပြီးတော့ ကိုကိုအား



www.burmeseclassic.com

တွက်လည်း တကယ်ပင်ပီတိဖြစ်ရပါသည်။ သည်မျှချောမောလှပသော မိန်းကလေးတစ်ယောက်ကို ကျွန်တော့်အစ်ကိုက ဇနီးတော်စပ်ခွင့်ရပေလိမ့်မည်။ ကျွန်တော့်အတွက်လည်း မရီးလှလှလေးတစ်ယောက်ရပေလိမ့်မည်။ ကျွန်တော် ကြည်နူးစွာနှင့် ပြုံးဖို့ကြိုးစားသည်။ သို့သော် ကျွန်တော့်အပြုံးသည် မပီမသဖြစ်သွားလေသည်။

"စိတ်ချပါ ဖေဖေ . ."

စိတ်ချပါ ဖေဖေဟူသော စကားသည် တိုတောင်းလှသော်လည်း အဓိပ္ပါယ်တွေများစွာပါနေလိမ့်မည်။ ထားအိခိုင်ကိုလည်းပတ်စေခြင်းကိစ္စနှင့် သူမလေ့လာချင်သည့်ကိစ္စများအတွက် ကျွန်တော့်ကို စိတ်ချပါဟု ဆိုလိုသလို၊ နောက်ထပ် တစ်စုံတစ်ရာကိစ္စအတွက်လည်း ကျွန်တော့်ကို စိတ်ချပါဟု အသိပေးလိုက်ခြင်း သဘောတွေ ပါပါလိမ့်မည်။

ဖေဖေသည် ဘာမှဆက်မပြောတော့ဘဲ ကျွန်တော့်ပခုံးကို တစ်ချက်ပုတ်ပြီး အခန်းထဲမှထွက်သွားသည်။ ကျွန်တော်လည်း ခဏကြာမှ အခန်းထဲမှထွက်လာပြီး ဧည့်ခန်းဆီသို့ လျှောက်လာခဲ့သည်။ သို့သော် ဧည့်ခန်းနားအရောက်တွင် ကျွန်တော့်ခြေလှမ်းတွေရပ်သွားသည်။ ယခုအချိန်၌ ဧည့်ခန်းသို့ ကျွန်တော်ဝင်သွားရန် မလိုအပ်တော့ပါ။

ကိုကိုနှင့် ထားအိခိုင်၏ စကားလက်ဆုံကျနေမှုကြားတွင် ကျွန်တော် ကန့်လန့်ကန့်လန့်မပါသင့်တော့ပါ။ ကျွန်တော် နောက်ပြန်လှည့်လိုက်သည်။ ပြီးတော့ ဘေးတံခါးကို တွန်းဖွင့်၍ အိမ်အပြင်သို့ ထွက်လိုက်သည်။ အပြင်တွင် မိုးတိတ်သွားလေပြီ။ ခြံထဲမှာ စိုက်ထားသော ပန်းအိုးတွေမှ စပယ်ပန်းရနံ့သင်းသင်းလေးကို ရလေသည်။

ကျွန်တော့် တစ်ထပ်တိုက်ကလေးဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လာမိခဲ့သည်။ ပြီးတော့ ခုတင်ပေါ်မှာ ပစ်လှဲလိုက်သည်။



ဇောက်စိအမြင်အာရုံထဲသို့ ထားအိခိုင်၏ မျက်နှာသွင်ပြင်က ဝင်လာသည်။ သူမနှင့် ကိုကိုတို့ဘေးချင်းယှဉ်၍ မြင်ကြည့်သည်။ အလွန်ပင်လိုက်ဖက်ညီသော အတွဲဖြစ်လေသည်။ ကိုကိုက ကျွန်တော့်လောက် အရပ်မရှည်၊ ကိုယ်လုံးမထွားသော်လည်း ယောကျ်ားထဲမှာကြည့်ကောင်းသူတစ်ယောက်ဖြစ်သည်။

ပြီးတော့ ကျွန်တော့်ထက်လည်း အသားဖြူသဖြင့် ထားအိခိုင်နှင့်ဆိုလျှင် အလွန်ပင်ကြည့်ကောင်းသော စုံတွဲတစ်တွဲဖြစ်လာပါလိမ့်မည်။ ခြင်္သေ့မင်းတို့၏အဆီသည် သိဂီရွှေခွက်နှင့်သာ ထိုက်တန်ပေ၏။

ကျွန်တော် တက္ကသိုလ်တက်သည့်နှစ်မှပင်လျှင် တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ်နေချင်သည်ကို အကြောင်းပြ၍လည်းကောင်း၊ စန္ဒရားလွတ်လွတ်လပ်လပ်တီးချင်သည်ဟု အကြောင်းပြ၍လည်းကောင်း အိမ်ကြီးပေါ်မှ ခြံဝင်းအတွင်းရှိ တစ်ထပ်တိုက်ကလေးသို့ ပြောင်းရွှေ့နေခဲ့လေသည်။

ကျွန်တော့်ဘဝကို ကျွန်တော်စဉ်းစားနေမိသည်မှာ အတော်ကြာသောအခါ ကျွန်တော် ခုတင်ပေါ်မှထသည်။ ကျွန်တော့်အခန်းထဲရှိ စားပွဲခုံမှာ ဝင်ထိုင်သည်။ စာအုပ်အချို့ကို လျှောက်လှန်မိသော်လည်း စာဖတ်ရန်စိတ်ဝင်စား၍မရဖြစ်နေသည်။ ထို့ကြောင့် အခန်းအပြင်ဘက်သို့ထွက်ခဲ့သည်။

အိမ်ကြီးဆီသို့ အကြည့်အရောက်တွင် အိမ်အပေါ်ထပ်အခန်းတစ်ခန်း၌ မီးလင်းနေပြီး ပြတင်းဝတွင် လူရိပ်သဏ္ဌာန်တစ်ခုကို တွေ့ရ၏။ ထားအိခိုင်များဖြစ်နေမည်လား မသိပါ။ ကျွန်တော် ခုံတစ်ချက်တွန့်လိုက်ပြီး အိမ်ထဲပြန်ဝင်မည်အပြုတွင် လတ်ဆတ်သော လေပြည်က ကျွန်တော့်ကို ခပ်ကြမ်းကြမ်းတိုးဝှေ့သွားလေ၏။

www.burmeseclassic.com



(၃)

ညက ညဥ့်နက်သဖြင့် ကျွန်တော် အိပ်ရာထနောက်ကျခဲ့ပါသည်။ ပြီးတော့ ညက ညဥ့်နက်ပိုင်း၌ မိုးသည်းထန်စွာရွာ၏။ ကျွန်တော့်ခေါင်းရင်းက ပြတင်းပေါက်ကို မပိတ်ဘဲ ဖွင့်အိပ်သည်ဖြစ်ရာ မိုးအအေးဓာတ်ကြောင့် အိပ်၍ကောင်းလှပါသည်။ ထို့ကြောင့် နံနက်ရှစ်နာရီအထိ ကျွန်တော်မနိုး။ ထားအိခိုင်သည် မည်သည့် အချိန်က နိုးနေသည်မသိ။ ဖြီးလိမ်းပြင်ဆင်ထားပြီး ကိုကို့ကို ပါခေါ်၍ ကျွန်တော်ရှိရာ တစ်ထပ်တိုက်ကလေးသို့ ရောက်ချလာသည်။

"ဟော့ကောင် . . ဇော်ဇော် . . ထတော့လေ . . ရှစ်နာရီ တောင်ထိုးနေပြီ . ."

ကိုကိုက ကျွန်တော့်အခန်းထဲဝင်နှိုးသဖြင့် ကျွန်တော်က ကမန်းကတမ်းအိပ်ရာမှထသည်။ ပြီးတော့ မျက်နှာသစ်သွားတိုက်ပြီး ရေချိုးခန်းဝင်သည်။ ကျွန်တော် အဝတ်အစားလဲပြီး အိမ်ရှေ့သို့ ထွက်လာသည့်အခါ ထားအိခိုင်က ကျွန်တော့် စန္ဒရားကိုဖွင့်ကြည့်နေသည်။





ကိုကိုကတော့ စားပွဲရှေ့ကုလားထိုင်မှာ သွားထိုင်နေ၏။ ကိုကို့မျက်နှာသည် ခါတိုင်းထက်ပို၍ လန်းဆန်းကြည်လင်နေသည်ဟု ကျွန်တော် ထင်ပါသည်။

"ညက အတော်ညဥ့်နက်မှ အိပ်တယ် ထင်တယ် . ."

ထားအိခိုင်၏မျက်နှာသည် အိပ်ရေးဝထားသည့် မျက်နှာဖြစ်၏။ သူမသည် မြန်မာချိတ်ထဘီတစ်ထည်ကို ဝတ်ထားသဖြင့် မနေ့က မြင်ခဲ့ရသည့် သူမ၏အသွင်နှင့် သိသိသာသာ ခြားနားနေလေသည်။

ကျွန်တော် ဘာမှပြန်မဖြေလိုက်ဘဲ ပခုံးကိုသာတွန့်ပြလိုက်သည်။

"ဒီကောင်က ဒီလိုပဲ ညီမလေးရဲ့ . . အိပ်ချိန်စားချိန်တစ်ခုမှ မမှန်ဘူး . . မနည်းသတိပေးနေရတယ် . . ကဲ . . ဇော်ဇော် . . မင်းကိုပဲ ကိုကိုတာဝန်ပေးခဲ့တော့မယ် . . ကိုကို ကုမ္ပဏီကိုမသွားလို့ မဖြစ်ဘူး . . ဒီက ညီမလေးက မနက်စာ ဘာမှစားမထားဘူး . . အိမ်မှာရှိတဲ့ မနက်စာကိုလည်း မစားချင်ဘူးတဲ့ . . မြန်မာပြည်ရောက်တုန်း မြန်မာစားစရာတွေ စားချင်တယ်တဲ့ . . ပြီးတော့ ရွှေတိဂုံဘုရား . . ဆူးလေနဲ့ ရန်ကုန်ကဘုရားတွေဖူးချင်တယ်တဲ့ . . အဲဒါ မင်းပဲ လိုက်ပို့ပေးလိုက်ပါ . ."

"ကိုကို . . ကုမ္ပဏီက ကျွန်တော့်အလုပ်တွေ လက်စမပြတ်သေးဘူး . ."

"ထားလိုက်စမ်းပါကွာ . . အဲဒီ့ လက်စမပြတ်တဲ့အလုပ်တွေ . . ကဲ . . သိပ်နေမြင့်ရင် မကောင်းဘူး . . ထားလည်း ဆာနေလိမ့်မယ် . ."

ကိုကိုသည် ပထမဦးဆုံးအကြိမ် ထားအိခိုင်အပေါ် အခေါ်အဝေါ်တွေပြောင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



## ကိုဌေးမြင့်ဦး

"ကဲ . . ကိုကို စိတ်ချမယ် ဟုတ်လား . ."

ကိုကိုစိတ်ချမယ်ဆိုသည့်စကားသည် သဘောရိုးနှင့်ပင်ပြောလိုက်သော စကားပင်ဖြစ်ပါသလော။ ကျွန်တော့်အတွက်တော့ ထားအိခိုင်နှင့် သွားလာရမည့်ကိစ္စတွေအတွက် စိတ်လေးသွားပါလေသည်။ တစ်ဖက်မှပြန်စဉ်းစားမိသောအခါ အတွေးကြောင်နေခြင်းသာဖြစ်ပါသည်။

ကိုကိုနှင့် သဘောတူထားသည့် မိန်းကလေးတစ်ယောက် နိုင်ငံခြားမှ ရောက်လာသည်။ ကိုကို အလုပ်မအားသဖြင့် ကိုကို့ကိုယ်စား ကျွန်တော်ကမရီးလောင်းကို အဖော်လုပ်၍ လည်ပတ်ပေးစေရမည်။ ပြဿနာက ဘာမျှမဟုတ်ပါ။

သူမသည်အချိန်တန်သောအခါ သူမ၏အိမ်သို့ ပြန်ပေလိမ့်မည်။ နောက် အဆင်ပြေသောအချိန်တွင် ကိုကိုနှင့်သူမတို့လက်ထပ်ကြပေလိမ့်မည်။ သူမပြန်သောအခါ ကိုကိုသာ ပတ်သက်သူတစ်ဦးအဖြစ် လွမ်းချင်လွမ်းပါလိမ့်မည်။ သူမနှင့် ကျွန်တော်က ဘာမျှသက်ဆိုင်သူမဟုတ်ပါ။

"ဟေ့ကောင် ဇော်ဇော် ဘာငိုင်နေတာလဲ . . ရှစ်နာရီခွဲပြီ ကိုတို့သွားတော့မယ် . . လိုရမယ်ရ ဟန်းဖုန်းလည်း ယူသွားလိုက်ဦးနော် . . ကိုကို့ဆီလည်း အဆင်ပြေရင် ဆက်ပေးဟုတ်လား . . ညီမလေး ထား . . အစ်ကို ကုမ္ပဏီသွားလိုက်ဦးမယ် . . ညနေကျမှ ထားနဲ့ တွေ့ကြမယ် ဟုတ်လား . . အခုတော့ ထား သွားချင်တဲ့နေရာတွေ ဒီကောင် လိုက်ပို့လိမ့်မယ် . ."

"ဟုတ်ကဲ့ အစ်ကိုကြီး . ."

ကိုကိုသည် ကျွန်တော့်ကို ကားသော့ပစ်ပေးပြီး ပြန်ထွက်သွားသည်။ ခဏနေတော့ ကိုကို့ကားမောင်းထွက်သွားသံကြားလိုက်ရ၏။



## ချစ်ခြင်း၏ဆင်စွယ်

"သွားကြတော့မလား . . မထားအိခိုင် . . ကျွန်တော်ကတော့ အဆင်သင့်ပဲ . ."

"သွားကြတာပေါ့လေ . . ဪ . . ညက ထား နားစွင့်နေသေးတယ် . . ရှင် စန္ဒရားများတီးမလားလို့ . ."

"ဒီရက်ပိုင်းတော့ အလုပ်တွေများနေတာနဲ့ သိပ်မတီးဖြစ်ပါဘူး မထားအိခိုင်ရယ် . . ကဲ . . လာ သွားကြရအောင် . ."

ကျွန်တော်တို့နှစ်ယောက်သည် ဘေးချင်းယှဉ်၍ လျှောက်လာပြီး ဆလွန်းကားအဖြူကလေးဘေးမှာ ရပ်လိုက်သည်။ ကျွန်တော်က ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ သူမသည် ကျွန်တော်ဖွင့်ပေးသည့်အပေါက်မှ မတက်။ စက်ခေါင်းကို တစ်ပတ်ပတ်သွားပြီး ကားရှေ့ခန်းတစ်ဖက် ထိုင်ခုံမှာ ဝင်ထိုင်သည်။

"ကျွန်မတို့ စကားတပြောပြောနဲ့ သွားကြမယ်လေ . ."

ကျွန်တော် ဘာမှမပြောတော့ဘဲ ကားပေါ်တက်၍ စက်နှိုးကာ ကားကိုမောင်းထွက်ခဲ့သည်။ ယနေ့တော့ မိုးမရွာချေ။

"မထားအိခိုင် ဘာအစားအစာ စားချင်သလဲ . ."

"မြန်မာအစားအစာရတဲ့ ဆိုင်ကိုသွားအောင် . ."

"မြန်မာအစားအစာဆိုတာ ဟိုဒင်း . . နန်းကြီးသုပ်၊ အုန်းနို့ခေါက်ဆွဲ . . မုန့်ဟင်းခါးလိုဟာမျိုးကို ပြောတာလား ဟင် . ."

"ဟုတ်တယ် . . လက်ရာကောင်းတဲ့ဆိုင်မျိုးပေါ့ . ."

"လက်ရာတော့ ကောင်းပါတယ် . . ပြီးတော့ သန့်လည်းသန့်တယ် . . ဒါပေမယ့် လမ်းဘေးမှာ ဖွင့်တာဗျ . . မထားအိခိုင်တို့ခေါ်သွားရမှာ အားနာတယ် . ."

"အို . . ဘာဖြစ်သေးလဲ . . ကျွန်မအတွက် အတွေ့အကြုံ ကောင်း ရသေးတယ် . . သွားလေ . . အဲဒီလမ်းဘေးဆိုင်ကိုပဲ . ."

ကျွန်တော် တစ်ချက်ပြုံးမိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေရိကမှာရော လမ်းဘေးဆိုင်ရှိလား ဟင် . ."

"အင်း . . တရုတ်တန်းလို နေရာမျိုးမှာတော့ရှိတယ် . ."

ကျွန်တော် သူမကိုခေါ်သွားသည့် လမ်းဘေးကမုန့်ဟင်းခါးဆိုင်သည် သူမအတွက်တော့ အလွန်ပင်သေးနုတ်နေမည်လား မသိပါ။ လမ်းဘေးမှာရှိသည့် မြောင်းပေါ်တွင် ပျဉ်ချပ်တွေနှင့်အဖုံးလုပ်ထားပြီး ထိုအပေါ်တွင်ပင် ဆိုင်ကိုခင်းထားသည်။ ပြီးတော့ သည်ဆိုင်မှာက အုန်းနို့ခေါက်ဆွဲရသည်။ မုန့်ဟင်းခါးနှင့် နန်းကြီးသုပ်၊ နန်းပြားသုပ်ရသည်။ ကျွန်တော်နှင့်ထားအိခိုင်သည် ဆိုင်ရှေ့မလှမ်းမကမ်းတစ်နေရာမှာ ကားကိုရပ်ထားခဲ့ပြီး ကားပေါ်မှ ပြန်ဆင်းလာခဲ့သည်။

ဆိုင်မှာ စားသောက်နေသူတွေ များသော်လည်း ကျွန်တော်တို့နှစ်ယောက်အတွက် ထိုင်စရာနေရာရှိနေသဖြင့် အဆင်ပြေပါသည်။

"မထားအိခိုင် ဘာစားမလဲ . ."

"ဘာစားရင် ကောင်းမလဲ . ."

"အင်း . . ကောင်းတာကတော့ ဒီမှာရတဲ့ အစားအစာတွေ အကုန်ကောင်းတယ် . . အဲဒီတော့ အကုန်လုံးစားကြည့် . ."

သူမ မျက်စောင်းထိုးသည်။

"အို . . ဘယ်လိုလုပ် စားနိုင်မှာလဲ . . ကိုဇော်ဇော်ရော ဘာစားမလဲ . ."

"ကျွန်တော်ကတော့ အုန်းနို့ခေါက်ဆွဲစားမယ် . ."

"ထားတော့ နန်းကြီးသုပ်စားမယ် . ."

"အမှန်ကတော့ သုံးမျိုးလောက်စားကြည့်သင့်တယ် . ."

မသိမသာပြုံး၍ ကျွန်တော့်ကို မျက်စောင်းထိုးသည်။ ကျွန်တော်မှာထားသော အစားအစာတွေရောက်လာသောအခါကျွန်တော်





တို့နှစ်ယောက်စားကြသည်။

"ကောင်းတယ်နော် . . နောက်နေ့ကျရင် မုန့်ဟင်းခါးစားမယ် . ."

"စားပေါ့ . . ဒါနဲ့ ဒီက စားပြီးရင် လက်ဖက်ရည်သောက်အောင် . . ကျွန်တော်က မနက်ကို လက်ဖက်ရည်ကျကျတစ်ခွက်သောက် အမြဲသောက်နေကျ . . ပြီးရင် ဘုရားသွားမယ် . ."

ကျွန်တော် အုန်းနို့ခေါက်ဆွဲစားနေရင်းနှင့် ကိုကို့ထံဖုန်းဆက်ရန် သတိရသဖြင့် ဆက်လိုက်သည်။

"ကိုကိုလား . . ကျွန်တော်ပါ . ."

"အေး . . ဇော်ဇော် . . ပြော . ."

"ကျွန်တော်တို့နှစ်ယောက် အခုနန်းကြီးသုပ်စားနေကြတယ် . . ပြီးရင် ဘုရားဆက်သွားမလို့ . . ကိုကို မထားအိခိုင်နဲ့ စကားပြောမလား . . ."

"ရတယ် ဇော်ဇော် . . မပြောတော့ဘူး . . ကိုကိုအလုပ်တွေများနေလို့ . . ညနေကျမှ တွေ့မယ်လို့ပဲ ပြောလိုက် . ."

"ဟုတ်ကဲ့ ကိုကို . ."

ကျွန်တော် ဖုန်းကို ပိတ်လိုက်သည်။ သူမသည် ကျွန်တော့်ကြည့်ဘဲ လမ်းမဘက်သို့ကြည့်ရင်း နန်းကြီးသုပ်ကိုစားနေသည်။ မျက်နှာဘက်ကောင်းကင်တွင် နေရောင်မြင်ရသော်လည်း ကျွန်တော်ခေါင်းပေါ်မှာတော့ မိုးအုံ့နေပါသည်။

"ကိုဇော်ဇော့်အသိထဲမှာ ဆိုင်းဆရာအသိတွေ ဘာတွေများရှိလား . . ပတ္တလားဆရာဆိုလည်း ရတယ် . ."

"မရှိဘူး . . ဘာလုပ်မလို့လဲ . ."

"ထား နည်းနည်းလေ့လာချင်လို့ . ."

"ကျွန်တော့်မှာ ဟိုးရှေးကျကျက ထုတ်ထားတဲ့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



သီချင်းကြီး (၁၀)ပုဒ်လောက်ကို အင်တာနေရှင်နယ်နုတ်စ်နဲ့ရေးထား
တာရှိတယ် . . ကြိုးသီချင်းတို့၊ ဝေဇယန္တာတို့ပါတယ် . . ရေးတာက
တော့ စောင်းဦးဘသန်း . . . ”

သူမ၏မျက်နှာ၌ စိတ်ဝင်စားသည့် အမူအရာပေါ်လာ
သည်။

“အဲဒီစာအုပ် ကိုဇော်ဇော် ဘယ်ကဝယ်လာတာလဲဟင်
. . ထားလည်း ဝယ်ချင်တယ် . . ”

ကျွန်တော် ရယ်လိုက်ပါသည်။

“လမ်းဘေးအဟောင်းဆိုင်ကဗျ . . ဈေးလည်း အတော်ပေ
တယ် . . အင်း . . အခုချိန်မှာတော့ ရှာဖို့ ခပ်ခက်ခက်ပဲ . . ကို
မရှိဘူးလေ . . ကျွန်တော် မထားအိခိုင်ကို လက်ဆောင်ပေးပါ့မယ်”

“ထား တစ်ခုသတိထားမိတယ် ကိုဇော်ဇော် . . မြန်မာ
သီချင်းကြီးတွေဟာ မယ်လိုဒီပိုင်းကိုပဲ အလူးအလှိမ့်တွေနဲ့ တီးခတ်
ကြပြီးတော့ အဲဒီမယ်လိုဒီနဲ့ ဆက်စပ်တဲ့ ဟာမိုနီကိုတော့ သိပ်
တီထွင်ကြဘူးနော် . . သီချင်းတွေမှာ သိပ်မတွေ့ရဘူး . . နောက်ပြီး
ကော့ဒ်တွေဘာတွေလည်း မတွေ့ရဘူး . . ”

“မထားအိခိုင် မြန်မာသီချင်းကြီးတွေ ဘယ်လောက်နား
ထောင်ထားသလဲ . . ”

“ထား စာတမ်းတင်မယ်ဆိုတော့ ဖေဖေက သီချင်းကြီး
အခွေတွေ ရှာပေးတယ် . . ဒါပေမယ့် ခက်တာက အဲဒီ သီချင်းကြီး
တွေအတွက် နုတ်စ်ကိုတော့ ရအောင်မရှာပေးနိုင်သေးဘူး . . ”

“ခက်တာက ကျွန်တော်တို့မြန်မာသီချင်းကြီးတွေကို ဖန်တီး
စပ်ဆိုတဲ့သူတွေဟာ နုတ်စ်ကိုတီထွင်ရမှန်းမသိကြဘူး . . ပြီးတော့
နုတ်စ်နဲ့လည်း မှတ်တမ်းမတင်ထားခဲ့ကြဘူး . . အဲဒီတော့ သီချင်း
တစ်ပုဒ်ကို လက်ထပ်ပြီးသင်ယူ၊ အလွတ်ကျက်ပြီး သင်ယူတာမျိုး





ခဲ့တော့ ကာလကြာလာတာနဲ့ သီချင်းမှာအပြောင်းအလဲဖြစ်လာ
နိုင်တာပဲ . . ”

“ဒါနဲ့ ကိုဇော်ဇော် စန္ဒရားတီးတာ ဘာရည်ရွယ်ချက်နဲ့တီး
တာလဲ . . အသက်မွေးဝမ်းကျောင်းအနေနဲ့ တီးစားဖို့လား . . ”

“ကျွန်တော် ဂီတကိုချစ်တယ် မထားအိခိုင် . . ပီပြင်တဲ့
ဘယ်ဂီတမျိုးကိုမဆို ကျွန်တော်နှစ်သက်ခံစားပါတယ် . . ”

“ကလပ်စီကယ်ကိုတော့ ပိုကြိုက်တယ်ဆိုပါတော့ . . ”

“ကျွန်တော်က အဆိုမပါတဲ့ တေးသွားချည်းသက်သက်က
ပညာပိုအားကောင်းတယ်လို့ ထင်တယ် . . ဒီဂီတအမျိုးအစား
မှာ ဘာသာစကားမလိုပါဘူး . . သီချင်းထဲက စာသားအပေါ် နား
လည်လို့ သီချင်းရဲ့အရသာ အပြည့်အဝမခံစားရတဲ့ ဒုက္ခမရှိပါဘူး
. . ဂီတကို ခံစားဖို့အတွက် နားရှိဖို့ပဲလိုပါတယ် . . ဒါကြောင့် ဒီဂီတ
အမျိုးအစားကိုပဲ ရွေးဖြစ်သွားတာပါ . . ”

“မြန်မာသီချင်းကြီးတွေထဲမှာ ပုစဉ်းတောင်ပံကြိုးဆိုတာ
ကိုဇော်ဇော်ကြားဖူးလား . . သူက တကယ်သရုပ်ပါတယ်နော် . .
ပုစဉ်းတွေ ပျံနေတာကို မျက်စိထဲမြင်အောင် တီးနိုင်တယ် . . ”

“ကျွန်တော် ကြားဖူးပါတယ် . . အဲဒီအတွက် ကျွန်တော်တို့
ဂုဏ်ယူရမှာပါ . . ဒီလိုသီချင်းမျိုးတွေ မြန်မာမှာရှိတယ်ဟေ့ ဆိုပြီး
ကြွားနိုင်ပါတယ် . . ”

သူမသည် ကျွန်တော့်စကားကို ပြုံး၍ နားထောင်နေလေ
သည်။

“ထားတို့နှစ်ယောက် စကားကောင်းနေတာနဲ့ နောက်လု
ပ္ပ စားဖို့ရပ်စောင့်နေရပြီ . . ”

ထိုအခါမှပင် ကျွန်တော်တို့လည်းစားလက်စကို လက်စ
သတ်ရလေသည်။ ပြီးတော့ သပ်ရပ်သန့်ရှင်းသည့် လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင် တစ်ဆိုင်ကို ခေါ်သွားပြီး လက်ဖက်ရည်သောက်ကြသည်။ ထိုဆိုင်သည် ကျွန်တော် သောက်နေကျဆိုင် မဟုတ်သဖြင့် သိပ်တော့ လက်ဖက်ရည်မကောင်း။ ထားအိခိုင်သည် ကျွန်တော်တိုက် သော လက်ဖက်ရည်ကို ကြိုက်သည်ဟု ပြောပါသည်။

"အမေရိက,ကလက်ဖက်ရည်နဲ့တော့ အရသာမတူဘူး . ."

"အမေရိက,က လက်ဖက်ရည်က ဘယ်လိုမို့လဲ . ."

သူမပြုံး၏။

"ပြောပြရုံနဲ့ အရသာသိနိုင်မလား . ."

ကျွန်တော်လည်း ပြုံးမိသွားလေသည်။ ကျွန်တော်တို့နှစ်ယောက်ဘုရားသို့ ရောက်သွားကြသည်။ ဘုရားသို့ရောက်သောအခါ နံနက်ဆယ်နာရီကျော်နေလေပြီ။ ထားအိခိုင်သည် ရွှေတိဂုံဘုရားကြီးကို ရင်သပ်ရှုမောနေ၏။ ဘုရားသည် ရွှေရောင်ဝင်းလျက်ရှိသည်။ ထီးတော်တစ်ဝိုက်တွင် ငှက်အချို့ပျံဝဲနေ၏။

"အံ့သြစရာပဲနော် . . ထား ငယ်ငယ်က ရွှေတိဂုံဘုရားကို ဖူးခဲ့ပေလိမ့်မယ် . . ဒါပေမယ့် မမှတ်မိဘူး . . အိမ်မှာတော့ ဓာတ်ပုံတွေနဲ့ ကြည့်ညိုနေရတာ . . ဒီလောက်ကြီး . . ဒီလောက်မြင့်လိမ့်မယ်လို့ မထင်ဘူး . ."

ထားအိခိုင်နှင့် ကျွန်တော်သည် ဘုရားရင်ပြင်တော်တစ်နေရာ၌ ထိုင်ပြီး ဘုရားဝတ်ပြုကြသည်။ ကျွန်တော့်စိတ်ထဲတွင် ကြည်နူးချမ်းမြေ့မှုတစ်ခုဖြစ်လာသည်။ ကျွန်တော်က လျင်လျင်မြန်မြန်ပင် ဘုရားရှိခိုးပြီး၍ ထားအိခိုင်ကတော့ မပြီးသေးချေ။ ကျွန်တော်တို့ ခေါင်းတည့်တည့်လောက်တွင် ရှိနေခဲ့သော မိုးတိမ်တွေမရှိတော့သော်လည်း အနောက်တောင်ထောင့်အရပ်မှ မိုးတိမ်တွေရွေ့လာသည်ကို သတိပြုမိလိုက်ပါသည်။ မိုးများ ရွာဦးမည်လား မသိ။

"ထား အံ့သြတာ တစ်ခုရှိတယ် ကိုဇော်ဇော် . ."





ထားအိခိုင်၏အသံကြောင့် သူမကို ကျွန်တော် စောင်းကြည့်လိုက်၏။ သူမ ဘုရားရှိခိုးပြီးသွားပြီး ပဆစ်တုတ်ကလေးထိုင်နေ၏။

"ဘုရားကို တည်ခဲ့ကြတဲ့ ရှေးတုန်းကပညာရှင်တွေရဲ့အစွမ်းဟာ အံ့သြစရာပဲနော် . . သူတို့မှာ အဲဒီတုန်းက ခေတ်မီပစ္စည်းကိရိယာတွေလည်း ဘာမှမရှိဘူး . . အတိုင်းအတာနဲ့ အနိမ့်အမြင့်ဒီဂရီတွက်တာကအစ . . အားလုံး တိတိကျကျသေသေသပ်သပ်ပဲ"

"ဟုတ်တယ်ဗျ . . ကျွန်တော့်စိတ်ထင်တော့ သူတို့ဟာ ဘုရားပုံတော်ကိုလည်း ဒီဇိုင်းတွေဘာတွေထုတ်ဆွဲပြီးမှ ဆောက်တာ မဟုတ်ဘဲ ဒီအတိုင်း မျက်မှန်းနဲ့ဆောက်ခဲ့ကြတာ ဖြစ်လိမ့်မယ်"

"ကြည်နူးစရာပဲနော် . ."

ကျွန်တော် သူမ၏မျက်နှာကို ဖျတ်ခနဲကြည့်လိုက်သည်။ ဒိန်ဖူးတော်ရှိရာကို မော့ကြည့်နေသဖြင့် ကျော့ရှင်းသောလည်တိုင်ဘွင် သွေးကြောစိမ်းကလေးများပင် မြင်နေရ၏။ သူမ၏ ဆံပင်သည် ပခုံးအောက်သို့ တစ်လက်မမျှသာ ရောက်မည်။ အညိုရောင်ခပ်ဖျော့ဖျော့ ဆံပင်သည် မျက်နှာဝင်းဝင်းနှင့်လိုက်ဖက်နေ၏။

"ထားလေ . . အိမ်မှာဘုရားရှိခိုးတိုင်း ရွှေတိဂုံဘုရားကို ကိုယ်တိုင်ရောက်ပြီး ဖူးချင်စိတ်ပေါ်တယ် . . ကိုဇော်ဇော်တို့ကတော့ နေ့စဉ် မြင်တွေ့ဖူးမြော်နေရတော့ စိတ်ထဲမှာ သိပ်ပြီးချဉ်ခြင်းတပ်ပါမယ် မထင်ဘူး . ."

ကျွန်တော် ရယ်လိုက်မိသည်။

"အဲဒီစကားဟာ မှန်သောစကားပဲဗျ . . ကျွန်တော်ဆို ဘစ်လ တစ်ခါတောင် ဘုရားကို မရောက်ဘူး . ."

"ဘုရားတော့ နေ့တိုင်းရှိခိုးတယ် မဟုတ်လား . ."

ကျွန်တော် ဆက်၍ ရယ်မောလိုက်မိပြန်သည်။ ထားအိခိုင်၏ မျက်စောင်းဖျော့ဖျော့က ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ၊ မေမေက အမေရိကမှာ နေတယ်ဆိုပေမယ့် ဘာသာရေးကိုင်းရှိုင်းတယ်သိလား . . ထားကိုလည်း ဆုံးမတယ် . . ဘယ်နိုင်ငံ၊ ဘယ်ဒေသမှာနေ,နေတဲ့ မြန်မာဟာ မြန်မာပဲဆိုတာ သဘောပေါက်ထားပါတဲ့ . ."

တစ်စုံတစ်ခုကို သိချင်သဖြင့် မေးဖြစ်သွားသည်။

"မထားအိခိုင် မြန်မာစကားကိုတော့ ကောင်းကောင်းပြော တတ်တယ်နော် . . အံ့သြစရာပဲ . ."

"ဘာမှတော့ သိပ်အံ့သြစရာမရှိပါဘူး . . ထားက မြန်မာပဲ . . အိမ်မှာဆိုလည်း ထားတို့ မြန်မာလိုပဲပြောကြတယ် . . နောက်ပြီး ဟိုမှာလည်း ထားတို့လိုပဲ မြန်မာတွေရှိတယ် . . သူတို့တွေနဲ့လည်း မြန်မာလိုပဲပြောကြတယ်လေ . . နောက်ပြီး မြန်မာပြည်က မဂ္ဂဇင်း တွေ၊ စာစောင်တွေ ဖတ်ဖြစ်တော့ ထားက မြန်မာစာ၊ မြန်မာစကား နဲ့ စိမ်းမနေဘူး . ."

သူမသည် ရှည်ရှည်ဝေးဝေးပင် ရှင်းပြနေ၏။ အနောက် တောင်အရပ်မှ မိုးသားတွေသည် တဖြည်းဖြည်း မည်းနက်လာနေ သည်။

"လာ မထားအိခိုင် . . ကျွန်တော်တို့ ဟိုစောင်းတန်းထဲကို သွားကြရအောင် . . မိုးရွာလိမ့်မယ်နဲ့တူတယ် . ."

ကျွန်တော်တို့နှစ်ယောက် စောင်းတန်းထဲသို့ နေရာရွှေ့ခဲ့ကြ သည်။ သိပ်မကြာခင်ပင် မိုးစက်မိုးမှုန်တွေကျလာ၏။ လှာထိုးခင်း ထားသော ကြမ်းပြင်မှာ ကျွန်တော်တို့နှစ်ယောက် ထိုင်လိုက်ကြသည်။

"ညကျရင် ထားတို့ ထမင်းစားပြီးတာနဲ့ စန္ဒရားတီးကြရ အောင် . . ကိုဇော်ဇော်ကလည်း ထားကို လက်ကုန်တီးပြနော် . ."

"အမေရိက,က တက္ကသိုလ်မှာ ဂီတပညာသင်ယူနေတဲ့ ကျောင်းသူရဲ့လက်ကိုတော့ ကျွန်တော်မီနိုင်မယ် မထင်ပါဘူးဗျာ . .





ကျွန်တော်တို့ဆီမှာတော့ ဒီလိုပဲ စမ်းတဝါးဝါးနဲ့ တီးနေကြတာများပါ တယ် . ."

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ကိုဇော်ဇော်ရဲ့ . . ကိုယ့်အတိုင်း အတာနဲ့ကိုယ်ပဲ . . နောက်ပြီး ထားခံယူထားတာက ဂီတပညာဟာ အထပ်ထပ်လေ့ကျင့်တီးခတ်မှုနဲ့အများဆုံး သက်ဆိုင်တယ်လေ . . ကိုဇော်ဇော်က ထားထက်ပိုပြီး အချိန်ယူလေ့ကျင့်ရင် ထားထက်ပို ကောင်းမှာပဲ . ."

"တစ်ခုတော့ ရှိတယ်ဗျ . . ကိုယ့်ဘာသာကိုယ် လေ့ကျင့်နေ တိုင်းလည်း တိုးတက်တာမဟုတ်ဘူး . . ဥပမာဗျာ . . ၁၂သံစဉ် (Chromatic Scale ခရိုမက်တစ်စကေး) ကိုတီးဖို့ လက်ချောင်း စနစ်ကိုမသိဘဲ စွတ်ကျင့်နေရင် ဘယ်လိုမှတိုးတက်မှာမဟုတ်ဘူး . . စနစ်ကျဖို့ဆိုတာ . . ဆရာရှိမှ . ."

သူမသည် ကျွန်တော့်စကားကို နားထောင်ပြီး ပြုံးသည်။

"အင်း . . မိုးတော့ရွာလာပြီ . . ကျွန်မတို့ဘုရားပေါ်က ဘယ်လိုဆင်းကြမလဲ . ."

မည်သို့သော အကြောင်းကြောင့်မှန်းမသိ။ ကျွန်တော့်စိတ် ထဲတွင် နောက်ဆယ်ရက်မျှအကြာကို မှန်းဆပြီးလွမ်းသွားမိသည်။ ဘုရားရင်ပြင်တွင် မိုးသည်းထန်လျက်ရှိလေပြီ။ မိုးစက်မိုးမှုန်တွေက ကျွန်တော်တို့ ထိုင်နေသည့် ဇရပ်ထဲသို့ပင် ပက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



# (၄)

ကျွန်တော်တို့နှစ်ဦးသည် ညနေလေးနာရီခန့်တွင် အိမ်သို့ ပြန်ရောက်ကြသည်။ ရွှေတိဂုံဘုရားပေါ်မှာ နာရီဝက်လောက်ကြာသောအခါ မိုးတိတ်သွားသဖြင့် ဆူးလေ၊ ဗိုလ်တထောင်ဘုရားများသို့ ဆက်သွားသည်။ နောက်တော့ နေ့လယ်စာ စားကြသည်၊ ထားအိခိုင်က မြန်မာထမင်းဟင်း ကောင်းကောင်းစားချင်သည်ဆို၍ ကျွန်တော် ရှာဖွေရသေးသည်။ ထားအိခိုင်သည် ဆာနေပုံရပြီး ထမင်းကို မြိန်ရေရှက်ရေစားပါသည်။

ထမင်းစားပြီးသော် သူမအား ကမ္ဘာအေးစေတီတော်၊ စွယ်တော်မြတ်စေတီတော်နှင့် မယ်လမုစေတီတော်တို့ကို လိုက်ပို့သည်။ တစ်နေ့တည်းတွင် ဘုရားတော်တော်များများ ဖူးလိုက်ရသဖြင့် ကြည်နူးရွှင်ပြနေပုံရသော်လည်း သူမသည် ပင်ပန်းနွမ်းနယ်မှု အနည်းငယ်ရှိနေ၏။

"ညစာ ထမင်းစားပြီးတာနဲ့ ကိုဇော်ဇော်ဆီကို ထား လာခဲ့မယ် . ."

ကျွန်တော် ခေါင်းမညိတ်မိသလို၊ ခေါင်းလည်း မခါမိပါ။





မေမေသည် ကျွန်တော်တို့နှစ်ယောက် ဝင်လာသည်ကို အိမ်ထဲမှ အကဲခတ်သလိုကြည့်နေ၏။ ကျွန်တော့်အခန်းသို့ပြန်ရောက်သောအခါ လုပ်စရာအလုပ်လည်းမရှိသဖြင့် ခဏအနားယူသည်။ ညနေခြောက်နာရီထိုးသောအခါ ကိုကိုပြန်ရောက်လာသည်။ သို့နှင့်ပင် ညခုနစ်နာရီ၌ ကျွန်တော်တို့ ညစာ စားကြသည်။

"ဘုရားတွေတော့ အတော်စုံပြီ မဟုတ်လား ထား . . ဒီတစ်ပတ် တနင်္ဂနွေနေ့ အစ်ကိုအားတယ် . . ထားကိုလိုက်ပို့ပေးမယ် . . ထား ဘယ်သွားချင်လဲ . ."

"အင်း . . ထား သွားချင်တာကတော့ မြန်မာစန္ဒရားပညာရှင်တစ်ယောက်ဆီပဲ အစ်ကို . ."

ကိုကို့မျက်နှာ၌ စိတ်မသက်မသာဖြစ်သွားမှုကို တွေ့လိုက်ရပါသည်။ ဖေဖေ၊ မေမေတို့သည် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်၏။

ထားသည် ဆက်ပြောပြန်သည်။

"ဖြစ်နိုင်ရင် ဆိုင်းဆရာတစ်ယောက်နဲ့ပါ တွေ့ချင်တယ်"

"ဒါများ သမီးရယ် . . မနက်ဖြန်တွေ့လည်း ရတာပဲ . . တနင်္ဂနွေနေ့ကိုတော့ သမီးမရောက်သေးတဲ့နေရာ ကွကို သမီးအစ်ကို လိုက်ပို့ပေးလိမ့်မယ် . ."

ထား ခေါင်းညိတ်လိုက်ပါသည်။ ထမင်းစားပြီးကြသော် ထားက ကျွန်တော့်စန္ဒရားလက်သံကို နားထောင်ချင်သည်ဆိုပြီး ကျွန်တော့်နောက်က လိုက်လာသည်။ ကိုကိုကလည်း အဖော်လိုက်လာသည်။ နောက်တော့ ကျွန်တော်က စန္ဒရား တီးပြရလေသည်။

(Beethoven's Romanza, Moonlight Sonata, Fur Elise) စသည်တို့အပြီးတွင် ဘာ့ခ်၏ ပရီလုအင်ဒီမိုင်နာ၊ ဂဲဗော့အင်အီး စသည်တို့အပြီးတွင် ထားသည် ကျွန်တော့်ကိုချီးမွမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်ဇော်က အတော်တီးနိုင်တာပဲ . . မဆိုးပါဘူး . ."

"ထားလည်း ပြန်တီးဦးလေ . ."

ထားသည် ကျွန်တော်နေရာဖယ်ပေးလိုက်သောအခါ ကျွန်တော့်စန္ဒရားခုံမှာ ဝင်ထိုင်ပြီး တီးတော့၏။ ထား၏ လက်သံသည် ပြည့်စုံအောင် ကောင်းမွန်ပြီး ရသမြောက်လှသည်ဟု ခံစားရပါသည်။ တေးသွားတစ်ခုကို ရေးသားထားသည့်အတိုင်း တီးခတ်နေသော်လည်း ထိုတေးသွားတွင်ခံစားမှုကို ထည့်တီးသဖြင့် တေးသွားသည် နူးညံ့ကြွရွနေ၏။ ထို့ပြင် သူမ၏ လက်အကူးအပြောင်းတို့သည် နှစ်သက်ဖွယ်ကောင်းအောင် လှပနေသည်။

တေးသွားဆုံးသွားသောအခါ ထားက ကျွန်တော့်ကိုမော့ကြည့်ပြီး ပြုံးပြလေသည်။

"ထားရဲ့ လက်သံက ကျွန်တော့်ထက်အများကြီးမြင့်တယ် . . ဒါကိုကြည့်ပြီး ကျွန်တော် ကြိုးစားဖို့ အများကြီးလိုသေးတယ်ဆိုတာ သိလိုက်ပြီ . ."

"မဟုတ်ဘူး . . ထား စိတ်ထင်တော့ ကိုဇော်ဇော်က ကျွန်မထက်ပိုကောင်းတယ်လို့ ထင်တယ် . . ကိုဇော်ဇော်အနေနဲ့ ဒီအခြေအနေကိုပဲ နည်းနည်းမွမ်းမံလိုက်ရင် ကျွန်မထက် အများကြီးသာသွားမှာ . ."

"ထားက ပိုကောင်းတာဗျ . ."

ကျွန်တော်တို့ စကားဝိုင်းထဲသို့ ကိုကိုက ဝင်လာ၏။

"မဟုတ်ဘူး . . ညီမလေးတို့နှစ်ယောက်စလုံး ကိုကို့ကိုမမီတာတော့ သေချာတယ် . ."

ကျွန်တော်တို့နှစ်ယောက်ရယ်လိုက်ကြသည်။ ထားသည် ညဦးအတော်နက်သည်အထိ စန္ဒရားနှင့်ပတ်သက်သော စကားတွေကို ပြောသည်။ ကျွန်တော်ကလည်း သိချင်သည့်အရာတို့ကို မေး၍ ထား





သိချင်သည့်အရာတို့ကိုဖြေ၏။ ကိုကိုသည် ကျွန်တော်တို့နှစ်ယောက်ကြားတွင် ပျင်းလာပုံရပြီး ထပြန်သွားသည်။ ကျွန်တော့် တိုက်ပုကလေးတွင် ထားနှင့်ကျွန်တော်သာ ကျန်ခဲ့တော့သည်။

ထားသည် ဘလောက်စ်အကျႌတစ်ထည်ကို ဝတ်ဆင်ထားပြီး ချည်ထည်ထဘီကို ဝတ်ဆင်ထားသည်။ မျက်နှာတွင် အခြယ်အသအမွှမ်းအမံမရှိသော်လည်း အသားသည် နုဝင်းစိုပြည်နေ၏။

"ကိုဇော်ဇော် . ."

"ဟင် . . ဘာလဲ ထား . ."

"ကိုဇော်ဇော့်မှာ ရည်းစားရှိလား . ."

မြတ်စွာဘုရား။ ထားသည် ပြောလက်စကားတွေနှင့် ဘယ်လိုမှ ပတ်သက်ခြင်းမရှိသည့် အမေးကို မေး၏။ ကျွန်တော် ထားကို ကြည့်လိုက်သောအခါ ထားကလည်း တည်တည်ငြိမ်ငြိမ်ပင် ပြန်ကြည့်နေလေသည်။ ကျွန်တော် သူမမသိအောင် သက်ပြင်းတစ်ချက်ကို ကြိတ်၍ ချလိုက်မိသည်။

"မရှိပါဘူး ထား . ."

သူမပြုံး၏။ ပြီးမှ ခပ်ဖြည်းဖြည်းပြောသည်။

"ထားတို့ အမေရိကမှာတော့ ရည်းစားလို့မသုံးဘူး ကိုဇော်ဇော် . . Girl Friend မိန်းကလေးသူငယ်ချင်း၊ Boy Friend ယောကျ်ားလေးသူငယ်ချင်း အဲဒီလိုမျိုးတွေရှိတယ် . . ကိုဇော်ဇော်မှာရော Girl Friend မရှိဘူးလား . ."

"ဒီမှာတော့ မိန်းကလေး၊ ယောကျ်ားလေးသူငယ်ချင်းတွေရှိပေမယ့် ထားတို့ဆီကလိုတော့ မဟုတ်ကြဘူးထား . . ဒီမှာက သူငယ်ချင်းစစ်စစ်အနေနဲ့ရပ်တည်ကြတယ် . . ထား မေးတာကို ကျွန်တော်ဖြေရရင် ကျွန်တော့်မှာ ထားတို့ဆီကလို Girl Friend မရှိဘူး . . ဒါနဲ့ ကျွန်တော့်သာ မေးနေတယ် . . ထားမှာရော Boy



www.burmeseclassic.com

www.burmeseclassic.com



Friend မရှိဘူးလား . . ”

ပြုံးယောင်သန်းနေသော ထား၏မျက်နှာသည် အနည်းငယ်တည်သွား၏။ သူမ၏ မျက်လုံးသည် ကျွန်တော့်ကို မကြည့်တော့ဘဲ စန္ဒရားခလုတ်တွေကိုသာ ကြည့်နေသည်။ သူမ ခပ်ဖြည်းဖြည်း သက်ပြင်းတစ်ချက်ချလိုက်သလား မသိပါ။

“ထား . . ဟိုမှာ Boy Friend တစ်ယောက်ရှိခဲ့ဖူးတယ်”

မြတ်စွာဘုရား။ ကျွန်တော် ဘုရားတလိုက်မိ၏။ ထားက ဆက်ပြော၏။

“သူ့နာမည်က ရစ်ချတ်တဲ့။ အမေရိကန်နိုင်ငံသားတစ်ယောက်ပဲ . . နောက်ပြီး သူနဲ့ ထားက ဘာသာချင်းမတူဘူး . . တစ်ခုတော့ရှိတယ် ကိုဇော်ဇော် . . သူနဲ့ထားဟာ အတွဲအနေနဲ့သာ တွဲဖြစ်တာပါ . . သန့်သန့်စင်စင်တော့ အမြဲရှိခဲ့ကြပါတယ် . . ”

ထားသည် မည်သည့်အတွက်ကြောင့် ကျွန်တော့်ကို ထိုအကြောင်းတွေ ပြောပြနေရလေသနည်း။

“အခုတော့ ထားတို့ ပြတ်သွားကြပါပြီ . . ”

သူမသည် စန္ဒရားခုံမှ မတ်ဟတ်ထရပ်လိုက်သည်။ ကျွန်တော်က သူမအနီး၌ ရပ်နေသဖြင့် ထားနှင့်ကျွန်တော် အလွန်ပင်နီးကပ်လျက်ရှိသည်။ ထိုအခိုက်မှာပင် မီးက ရုတ်တရက်ပြတ်သွားလေသည်။ ပကတိအမှောင်။ ကျွန်တော်တို့သည် ဘာဆိုဘာမှမမြင်ရတော့။

“ကိုဇော်ဇော် . . ”

“ခဏလေး ထား . . ကျွန်တော် ဖယောင်းတိုင်နဲ့ မီးခြစ်ရှာလိုက်ဦးမယ် . . ”

ထိုခဏ၌ပင် ထားနှင့်လက်ချင်းထိမိသည်။ ကျွန်တော့်လက်ကို ထားက ဆုပ်ထားလိုက်သည်ကို သိသဖြင့် ကျွန်တော် မသိမသာ





ရုန်းသည်။ မရ။ ထားသည် ကျွန်တော့်လက်တွေကို ဆုပ်ထားဆဲပင်ဖြစ်၏။

“ထား . . ခဏလေးနော် . . ဒီခုံမှာပဲ ထိုင် . . ကျွန်တော် မီးရှာလိုက်ဦးမယ် . . ”

အနားမှာရှိသည့် စန္ဒရားထိုင်ခုံမှာပင် သူမကို ထိုင်ခိုင်းလိုက်ပြီး ကျွန်တော် မီးသွားထွန်းရသည်။ အခန်းတွင်း၌ အလင်းရောင်ရသောအခါ အခြေအနေသည် ပုံမှန်အတိုင်းပင် ဖြစ်သွားသည်။ ဖယောင်းတိုင် မီးများ၏ အလင်းရောင်သည် လျှပ်စစ်မီးများထက် မှိန်သော်လည်း ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသည်ဟု ထင်ပါသည်။

“ကိုဇော်ဇော် . . ”

“ဟင် . . ဘာလဲ ထား . . ”

“ကိုဇော်ဇော်လည်း သိပြီးပြီ ထင်တယ် . . ”

“ဘာကိုလဲ ထား . . ”

အလင်းရောင်မှိန်မှိန်ဖြင့်ပင် ထားပြုံးလိုက်သည်ကို ကျွန်တော်မြင်လိုက်ရ၏။ ကျက်သရေရှိသောအလှဟု ရင်ထဲ၌ကြိတ်၍ မှတ်ချက်ပြုလိုက်မိပါသည်။

“ဩော် . . ကိုဇော်ဇော်နဲ့ထားကို လူကြီးတွေက သဘောတူထားတဲ့ ကိစ္စလေ . . ”

ဗုဒ္ဓေါ။ မြတ်စွာဘုရား။ ကမ္ဘာကြီး ချာချာလည်သွားပြီလား မသိပါ။ ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားမိလေသည်။ တစ်ခုခုတော့ လွဲချော်နေလေပြီ။

“ကျွန်တော် . . ”

“ဟင်း . . ဟင်း . . ”

“ကိုဇော်ဇော်က ရှက်နေတာကိုး . . ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီကိစ္စကို ဘာမှမသိဘူး ထား . . ဒါပေမယ့် ကျွန်တော့် အထင်တော့ . . "

ထား ရယ်ပြန်သည်။

"ကဲပါ . . ထားပါတော့ ကိုဇော်ဇော် . . နောက်မှပဲ ဒီအကြောင်းကို ထားတို့ဆက်ဆွေးနွေးရအောင် . . ညဉ့်လည်းနက်နေပြီ . . ထား ဒီမှာ ဒီ့ထက်ဆက်မနေသင့်တော့ဘူး . . ပြန်တော့မယ်"

ထား ပြန်တော့မည်ဆိုသဖြင့် ကျွန်တော်လက်နှိပ်ဓာတ်မီး သွားရှာပြီး ထားကို အိမ်ကြီးဆီသို့ လိုက်ပို့ပေးလိုက်သည်။ အိမ်ထဲ ဝင်ခါနီး ကျွန်တော့်လက်နှိပ်ဓာတ်မီးကို လှမ်းပေးလိုက်၏။

"ဒီလက်နှိပ်ဓာတ်မီးကို ယူထားလိုက် ထား . . အပေါ်မှာ တော့ မီးလင်းပြီဆိုပေမယ့် ညရေးညတာ အလိုရှိတဲ့အချိန်မှာ သုံးလို့ရတာပေါ့ . . "

"ကျေးဇူးတင်ပါတယ် ကိုဇော်ဇော် . . ထား သွားတော့မယ် . . မနက်ကျမှ ဆုံကြတာပေါ့ . . "

ထားသည် ကျွန်တော့်ကို ကျောခိုင်းကာ အထဲသို့ဝင်သွားသည်။ ကျွန်တော် အိမ်ကြီးဆီမှ ပြန်လာခဲ့သည်။ အိမ်ထဲတွင် ကျွန်တော်တို့တီးလက်စ စန္ဒရားကြီးက အဖုံးပွင့်လျက်သား ဖြစ်နေသည်။ ထား တို့ထိ တီးခတ်ထားသော စန္ဒရားခလုတ်တွေကို ကျွန်တော့် လက်ချောင်းဖြင့် ပွတ်သပ်နေမိသည်။ စန္ဒရားခလုတ်တွေကို ပွတ်သပ် နေမိသော်လည်း မျက်လုံးထဲတွင်တော့ ထားကိုသာ မြင်ယောင်နေမိ သည်။

ထိုအခါ ကျွန်တော့်ခေါင်းထဲသို့ စဉ်းစားစရာအချို့ရောက် ရှိလာပြန်သည်။ ထားသည် သူ့မိဘများ သဘောတူထားသည့်သူမှာ ကျွန်တော်ဟု အဘယ်ကြောင့်ထင်ရသနည်း။ ထား၏ မိဘများကပင် လျှင် ကိုကိုနှင့်ကျွန်တော့်အနက် ကျွန်တော့်ကိုပင် သဘောတူ၍ပင်





သော။ ဖေဖေကလည်း ထားနှင့် ကိုကို့ကို သဘောတူထားသည်ဟု အကြောင့် ကျွန်တော့်ကို ပြောရလေသနည်း။ ကိုကိုလည်း သည်ကိစ္စ ကို သိမှသိပါလေစ။

အကယ်၍သာ လွဲချော်နေသည့်ကိစ္စများ အဆင်ပြေသွား ဘာ ကျွန်တော်နှင့်ပင် ထားကို သဘောတူသည် ဆိုငြားအံ့။ ကျွန် တော်မည်သို့ခံစားရမည်နည်း။ သေချာတာတစ်ခုက ထိုကဲ့သို့သာ ထားနှင့် ကျွန်တော့်ကို သဘောတူကြသည်ဆိုလျှင် ကျွန်တော် အလွန် ဝင် ဝမ်းမြောက်ဝမ်းသာဖြစ်ရလိမ့်မည်။ ထားသည် ပျိုမြစ်နုနယ်ပြီး လှပသော မိန်းကလေးတစ်ဦးဖြစ်ပါသည်။

သူမနှင့်စကားပြောနေရသည့် အချိန်တို့တွင် ကျွန်တော် စိတ်ချမ်းမြေ့နေမိပါသည်။ စဉ်းစားနေရင်းနှင့်ပင် တစ်စုံတစ်ခုကို ကျွန်တော် တွေးတောမိလိုက်သောအခါ ထိတ်လန့်တုန်လှုပ်သွားမိပါ သည်။ ထို တစ်စုံတစ်ခုမှာ အချစ်ဖြစ်ပါသည်။ ကျွန်တော့်ဘဝ၌ အချစ်ဆိုသည်မှာ တစ်ခါတစ်ရံမျှပင် မစဉ်းစားမတွေးတောမိခဲ့ပါ။ ဘက္ကသိုလ်တက်ရောက်စဉ်ကလည်း ကျွန်တော်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ချစ်ဖို့မကြိုးစားမိခဲ့ပါ။

ကျောင်းပြီး၍ ကိုကို့လုပ်ငန်းခွင်ထဲ ဝင်ရောက်ရသောအခါ တွင်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ စိတ်မဝင်စားခဲ့မိပါ။ ယခု ထားအိခိုင်ဆိုသည့် အမျိုးသမီးနိုင်ငံခြားမှ ရောက်လာသည့်အခါမှ ကျွန်တော်သည် အချစ်အကြောင်းကို ဘာကြောင့်စတင်စဉ်းစားလာ သနည်း။ သူမနှင့် ကျွန်တော် တွေ့ဆုံရသည်မှာ ဘာမှမကြာသေး။ အချစ်ဆိုသည်မှာ အချိန်ကာလနှင့် မည်သို့မျှ ပတ်သက်မှုမရှိသော အရာပင် ဖြစ်သလော။

အနေနီးစပ်မှုနှင့်ဆိုင်သော အရာပင်ဖြစ်သလော။ သို့တည်း မဟုတ် ကျွန်တော်မသိသေးသော အကြောင်းတစ်စုံတစ်ရာနှင့်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သော အမှာပင်လော။ ထားအိခိုင်ဆိုသည့် အမျိုးသမီးနှင့် ဆက်နွယ်၍အချစ်ကို စတင်တွေးတောမိသည် ဖြစ်သောကြောင့် ထိုထားအိခိုင်အပေါ်၌ပင် ကျွန်တော် မေတ္တာသက်ဝင်ချစ်ခင်နေမိပြီလား။ ထို့ကြောင့်ပင်လျှင် ကျွန်တော်၏နှလုံးသည်းပွတ်၌ တုန်လှုပ်လာမိလေတော့သည်။



ထား က ကားမောင်းချင်သည်ဆိုသဖြင့် ကျွန်တော် ဖယ်ပေးလိုက်ပြီး တစ်ဖက်က ထိုင်ခုံဘက်သို့ စက်ခေါင်းကိုကွေ့ပတ် သွားရောက်ထိုင်လိုက်သည်။ ထားသည် ကားလက်ကိုင်ဘီးကိုကိုင်ပြီး သော့ကိုဖွင့်သည်။ သူမ၏ ကားမောင်းမှုသည် မြန်မာပြည်နှင့်အဆင်ပြေပါ့မလားဟု စိုးရိမ်ပူပန်နေမှုသည် ချက်ခြင်းပင်ပျောက်သွား၏။ အမေရိကသည် မြန်မာပြည်ထက် ကားရှုပ်ထွေးသောတိုင်းပြည်ဖြစ်သဖြင့် သူမ ကားမောင်းမှုက ပိုကျွမ်းကျင်နေပါသည်။

"ဒီနေ့တော့ ဘာစားရင် ကောင်းမလဲ ကိုဇော်ဇော် . ."

"အမှန်အတိုင်းပြောရရင်တော့ ကျွန်တော်ကတော့ ဟမ်ဘာဂါစားချင်နေတယ် . ."

သူမရယ်လိုက်သဖြင့် သူမသွားကလေးတွေ ပေါ်သွားသည်ကိုတွေ့လိုက်ရ၏။ ကျွန်တော် ငေးကြည့်မိသည်ကို သူမရိပ်မိသွားပြီး ကျွန်တော့်ဘက်သို့ ဖျတ်ခနဲကြည့်သည်။ ကျွန်တော်တို့နှစ်ယောက် မျက်လုံးချင်းဆုံမိလေသည်။

"ထားကတော့ ကောက်ညှင်းပေါင်း စားချင်တယ်"

"အင်း . . ဆန့်ကျင်ဘက် အစာနှစ်ခုပဲ . . ဆိုင်တစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတော့ ဒီနှစ်မျိုးစလုံးရနိုင်တဲ့ ဆိုင်သိပ်ရှိမယ် မထင်ဘူး . . ဒီတော့ ဒီလိုလုပ်ရအောင် . . ကျွန်တော့် ဟမ်ဘာဂါက ဘယ်တော့ စားစားရတယ် ကိစ္စမရှိဘူး . . ထားအတွက်သာ အရေးကြီးတာ . . လှည်းတန်းဘက်သွားရအောင် ထား . . အဲဒီမှာ ကောက်ညှင်းပေါင်းရတဲ့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှိတယ် . . ”

“ကိုဇော်ဇော်ကရော . . အဲဒီ့ကျရင် ဘာစားမှာလဲ . . ”

“ကောက်ညှင်းပေါင်းပဲပေါ့ . . ”

“ဟင်း . . ဟင်း . . အားနာစရာကြီး . . ”

ထားသည် ရှေ့ကိုကြည့်ရင်း ကားကိုဆက်မောင်းနေသည်။ ရန်ကုန်မြို့ကို ရောက်ဖူးသူမဟုတ်သဖြင့် ယာဉ်ကြောနှင့်လမ်းကြောင်းကို ပြောပြပေးနေရရာ ခဏကြာတော့ သူမက ကားကိုလမ်းဘေး၌ ချရပ်လိုက်၏။

“လာ . . ကိုဇော်ဇော်ပဲ လာမောင်းတော့ . . ”

သူမနှင့် ကျွန်တော် နေရာချင်းလဲလိုက်ကြပြန်သည်။

“နံနက်စာစားပြီးရင် ကျွန်တော့်အသိစန္ဒရားသမားကြီးဆီ သွားရအောင်နော် ထား . . သူ့ဆီမှာ ထား သိချင်တာတွေမေးပေါ့”

ယနေ့နံနက်ပိုင်းတွင် မိုးမရွာဘဲ နေကခပ်ပြပြကလေး သာနေသည်။ လှည်းတန်းသို့ရောက်သောအခါ ကျွန်တော်ပြောသည့် လက်ဖက်ရည်ဆိုင်သို့သွားကြသည်။ ဆိုင်သည် အလင်းရောင်ခပ်နည်းနည်းဖြစ်သော်လည်း အစားအသောက်တွေကတော့ သန့်ရှင်းပါသည်။ ကောက်ညှင်းပေါင်းသည် ပူပူနွေးနွေးဖြစ်ပြီး နှမ်းထောင်းကလေးကလည်း မွှေးလှပါဘိ။

ထားသည် ကောက်ညှင်းပေါင်းကို ဇွန်းနှင့်ခပ်စားနေရာမှ ကျွန်တော့်ကို တစ်ချက်မော့ကြည့်သဖြင့် ကျွန်တော် မေးလိုက်မိပါသည်။





“ဘာဖြစ်လို့လဲ ထား . . ဘာလိုလို့လဲ . . ”

“ဘာမှမလိုပါဘူး . . လက်နဲ့စားရင် ကောင်းမလားလို့ စဉ်းစားမိလို့ . . ”

“အင်း . . အမှန်တော့ ကောက်ညှင်းပေါင်းဆိုတာ လက်နဲ့ စားရင် ပိုကောင်းတယ်ဗျ . . နေဦး . . ”

ကျွန်တော်ဆိုင်ထဲသို့ မျက်စိဝေ့၍ ကြည့်လိုက်သည့်အခါ ဆိုင်ထောင့်တစ်နေရာ၌ ရေဘုံပိုင်တစ်ခုကို တွေ့လိုက်ရသဖြင့် . .

“လာ . . ထား . . ဟိုမှာ လက်သွားဆေးရအောင် . . ”

ထား လက်ဆေးသည်။ သူမ၏ လက်ကလေးသည် နူးညံ့သွယ်လျနေ၏။ ကျွန်တော်တို့နှစ်ယောက် လက်ဆေးပြီး ကောက်ညှင်းပေါင်းကိုလက်ဖြင့် စားကြတော့၏။ ကျွန်တော့်ချည်းသာ တစ်ယောက်တည်းဆိုလျှင် ယခုလိုလက်တွေ၊ ဘာတွေ ဆေးနေမည်မဟုတ်ဘဲ သည်အတိုင်း လက်ဖြင့်ပင် ကောက်စားမိမည်ကို တွေးမိသောကြောင့် ပြုံးလိုက်မိသည်။ ဒါကို ထားက တွေ့သွားပြီးမေး၏။

“ဘာပြုံးတာလဲ . . ကိုဇော်ဇော် . . ထား လက်နဲ့စားနေတာ ရယ်ချင်လို့လား . . ”

“မဟုတ်ဘူးဗျ . . ကျွန်တော့်ချည်းသာဆိုရင် ဒီလိုလက်ဆေးမှာမဟုတ်ဘူးလို့ တွေးမိလို့ . . ”

ထားသည် ချစ်စဖွယ်မျက်စောင်းထိုး၏။

“ညစ်ပတ်တယ်ပေါ့ ဟုတ်လား . . ”

“ယောကျာ်းပဲ . . ”

“အိုး . . ယောကျာ်းဆိုတာလည်း သန့်ရှင်းရတယ် . . သန့်ရှင်းမှုမှာ ယောကျာ်းမိန်းမ မခွဲဘူး . . ရေရော မှန်မှန်ချိုးရဲ့လား”

“မနက်ကတော့ နည်းနည်းချမ်းသလိုဖြစ်လို့ မချိုးခဲ့ဘူး . . ”

အမှန်က ကျွန်တော် လိမ်လိုက်ခြင်းသာဖြစ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ထားက တကယ်ထင်သွား၏။

"ဟင် . . ညစ်ပတ်လှချည်လား . . ချမ်းရင်လည်း ရေနွေးနဲ့ စပ်ချိုးပေါ့ . ."

ကျွန်တော် ဘာမှမပြောဘဲ ရယ်နေလိုက်သောအခါ သူမက ဆက်ပြောပြန်သည်။

"ရေချိုးတာဟာ လူကိုသန့်ရှင်းစေတဲ့အပြင် . . စိတ်ကိုလည်း လန်းဆန်းစေတယ် . . ဒါနဲ့ လက်သည်းခြေသည်းတွေရော မှန်မှန်ညှပ်ရဲ့လား . ."

"အင်း . . ညှပ်တော့ ညှပ်ပါတယ် . . ဒါပေမယ့် ပုံမှန်တော့ မဟုတ်ဘူး . . တစ်ခါတလေ အရမ်းရှည်လာတာကို သတိထားမိမှ ညှပ်ဖြစ်တယ် . ."

"ဟာ . . မဖြစ်ဘူး . . အန်တီ့ကို ပြောထားဦးမှ . . ကိုဇော်ဇော်က နည်းနည်းတော့ ပေတေပုံရတယ်နော် . . ထား စိတ်ထဲမှာ ကိုဇော်ဇော်တို့ ညီအစ်ကိုနှစ်ယောက်ဟာ စရိုက်ချင်း အတော်ခြားနားတယ်လို့ ထင်တယ် . . အကြီးကလည်း အရမ်းသေသပ်တိကျတာပဲ . . ပြီးတော့ အရမ်းလည်း သန့်ရှင်းတယ် . ."

"အငယ်ကျတော့ရော . ."

"အငယ်ကျတော့ . . ညစ်ပတ်တယ် . . နည်းနည်း ပရမ်းပတာနိုင်တယ် . . လွတ်လွတ်လပ်လပ်နေချင်တယ် . ."

ကျွန်တော် ရယ်လိုက်သောအခါ သူမက မျက်စောင်းထိုးပါသည်။

"ဘာရယ်တာလဲ . . ထား ပြောတာ မဟုတ်လို့လား . ."

"ဟုတ်ပါတယ် . . ကိုကိုကလည်း ကျွန်တော့်ကို အဲဒီလို ခဏ၊ ခဏဝေဖန်တာ တွေးမိလို့ . ."

ထားကလည်း ပြုံး၍ ကောက်ညှင်းပေါင်း ဆက်စားနေ





သည်။ ထိုအခိုက်မှာပင် ကျွန်တော့်လက်ကိုင်ဖုန်းက အသံမြည်လာသဖြင့် ဖုန်းကို ကျွန်တော် နားထောင်လိုက်သောအခါ ကိုကိုဖြစ်နေသေသည်။

"ဇော်ဇော်လား . . ကိုကိုပါကွ . . အခု မင်းတို့ ဘယ်မှာလဲ"

"အခု ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်မှာ ကိုကို . . လက်ဖက်ရည်သောက်ပြီးတာနဲ့ ပန်းတျာကျောင်းကို သွားမယ် . . အဲဒီက အပြန် ကျွန်တော့်မိတ်ဆွေစန္ဒရားဆရာကြီးဆီ ခေါ်သွားမလို့ . ."

"ထား . . မင်းအနားမှာရှိလား . . ရှိရင် ကိုကို ဖုန်းခဏ ပြောမယ် . ."

ထားသည် ကျွန်တော် ဖုန်းပြောနေသည်ကို မသိမသာ နားထောင်နေ၏။

"ရော့ . . ထား . . ကိုကို့ဆီကဖုန်း . . ထားနဲ့ ပြောချင်လို့တဲ့ . ."

ထားက ကျွန်တော်လှမ်းပေးသော ဖုန်းကို ယူ၍ ကိုကိုနှင့် စကားပြောလေသည်။

"ဟုတ်ကဲ့ . . နေ့လယ်တစ်နာရီ ဟုတ်လား အစ်ကိုကြီး . . ဟုတ်ကဲ့ . . ထား တို့လာခဲ့မယ်လေ . . အစ်ကိုကြီး ကုမ္ပဏီကိုပဲ မဟုတ်လား . . ဟုတ်ကဲ့ . ."

ထားသည် စကားဆုံးသောအခါ ကျွန်တော့်ကို ဖုန်းပြန်ပေး၏၊ ထို့ကြောင့် ကျွန်တော်လည်း ကိုကိုနှင့်ဆက်ပြောရလေသည်။

"ဇော်ဇော် . . ကိုကို ဒီနေ့နေ့လယ်တစ်နာရီကို ထားကို နေ့လယ်စာကျွေးမလို့ စီစဉ်ထားတယ် . . အဲဒီ့တော့ မင်းတို့ ကိစ္စတွေ ပြီးအောင်လုပ် . . ပြီးရင် တစ်နာရီလောက် ကိုကို့ဆီအရောက်ပြန်လာခဲ့ . . ဟုတ်ပြီလား . ."

ကိုကိုကျွေးမည့် နေ့လယ်စာ စားပွဲကို ကျွန်တော်လိုက်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရမည်လားဟု ကိုကို့ကိုမေးချင်သော်လည်း ဖေဖေ ကျွန်တော့်ကိုပြောခဲ့သော စကားတွေကို ပြန်ကြားလာသဖြင့် မမေးဖြစ်တော့ပါ။ ကျွန်တော့်ရင်ထဲတွင် မွန်းကြပ်လာသလို ခံစားရပါသည်။

"ဟုတ်ကဲ့ . . ကိုကို . . ကျွန်တော်တို့ အမီပြန်လာခဲ့ပါ့မယ်"

"ဟုတ်ပြီ . . ဪ . . မင်းကိုမှာရဦးမယ် . . ဖော်ဖော်ကုမ္ပဏီကိုရောက်ရင် ဦးမြင့်လွင်ဆီ ကိုကို့ကိုယ်စားသွားပေးကွာ . . သူ ဟိုမှာ မင်းကိုစောင့်နေလိမ့်မယ် . . အရေးကြီးတဲ့ ဖိုင်တစ်ခုလည်း ပေးလိုက်လိမ့်မယ် . ."

"ဟုတ်ကဲ့ ကိုကို . ."

ဦးမြင့်လွင်သည် ကိုကို့ကုမ္ပဏီ၏ တစ်ဦးတည်းသော ပြင်ပရှယ်ယာရှင်ဖြစ်လေသည်။ သို့သော် သူသည် ကိုကိုနှင့်ညီတူညီမျှ အချိုးတူရှယ်ယာဝင်တော့မဟုတ်ပါ။ ကျွန်တော်သိသလောက်တော့ သုံးပုံတစ်ပုံရှယ်ယာဝင်သာဖြစ်ပါသည်။

ကိုကိုသည် ကျွန်တော့်ကို မှာစရာအချို့မှာ၍ ဖုန်းချသွားလေသည်။ ထားသည် စကားမပြောတော့ဘဲ ကောက်ညှင်းပေါင်း ဆက်စားသည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက် လက်ထဆေးကြပြန်သည်။ လက်ဖက်ရည်သောက်ပြီးသော် ကျွန်တော်တို့နှစ်ယောက်သည် ပန်းတျာကျောင်းသို့သွားကြသည်။ ထားသည် နံနက်ခင်းနှင့်အတူ လန်းဆန်းလျက်ရှိလေ၏။

ပန်းတျာကျောင်းမှ တာဝန်ရှိသူတစ်ဦးက ကျွန်တော်တို့ကို လိုက်လံရှင်းလင်းပြသပါသည်။ ထားသည် အတီးဘာသာရပ်ကို ဦးစားပေးလေ့လာချင်သည်ဆိုသဖြင့် ကျွန်တော်တို့အား အတီးဘာသာရပ်သင်ကြားရာသို့ ခေါ်ဆောင်သွားပါသည်။ ကျွန်တော်သည် မြန်မာဂီတကို နှစ်သက်သော်လည်း မြန်မာ့စောင်းတွင် ကြိုးဘယ်နှချောင်းပါသည်ကို မသိပါ။ ပတ္တလားတစ်လုံးတွင် ပတ္တလားရွက်





မည်မျှပါသည်ကို မသိပါ။ ဆိုင်းဆရာ၏ ပတ်ဝိုင်းတွင် ဗုံမည်မျှပါသည်ကို မသိပါ။

ထားသည် သူမ သိချင်သည့်အကြောင်းအရာတွေကို စိတ်ရှည်လက်ရှည်မေးလေတော့သည်။ ထိုအခါ မြဝတီမင်းကြီး၊ လှိုင်ထိပ်ခေါင်တင်၊ စာဆိုတော် မမြကလေး၊ နဝဒေးတို့ ပါလာလေတော့သည်။

"စောင်းမှာ ဟိုးဘိုးတော်ဘုရားလက်ထက်အထိ ကြိုး(၇)ချောင်းသာ ရှိခဲ့တယ် . . ဒါပေမယ့် ဘိုးတော်ဘုရားက မြဝတီမင်းကြီးဦးစကို စောင်းအတွက်သီချင်းထက်ထူးအောင် မကြံနိုင်ဘူးလားဆိုလို့ ပိတောက်သားနဲ့လုပ်တဲ့ (၁၃)ကြိုးတပ်စောင်းကို တီထွင်နိုင်ခဲ့တယ် . . မြန်မာ့တူရိယာတွေအနက်က စောင်းဟာ ဂုဏ်ယူဖို့ကောင်းလောက်အောင် ဖြစ်လာခဲ့တယ် . ."

"ကြိုးသီချင်းတွေကို လေ့လာရင် ပုစဉ်းတောင်ပံ ကြိုး၊ တောင်သမန်လှိုင်းကြက်ခွပ် ကြိုး၊ ခါမင်း ကြိုး၊ သိကြားမင်းခရှသင်းသကြိုးစတာတွေရှိခဲ့တယ် . . အဲဒါတွေက ဖြစ်ကတတ်ဆန်း နာမည်ပေးခဲ့တာ မဟုတ်ပါဘူး . . ပုစဉ်းတောင်ပံ ကြိုးဆိုရင် အဲဒီ့တေးချင်းထဲမှာ ပုစဉ်းပျံသည့်အခါ တောင်ပံခတ်သံတို့နှင့်တူတဲ့ အသံတွေပါအောင် ထည့်သွင်းတီးတာကိုက ဒီတေးသီချင်းရဲ့အနှစ်သာရဖြစ်ပါတယ် . . တောင်သမန်လှိုင်းကြက်ခွပ်ကြိုးဆိုရင်လည်း ကြားရသူရဲ့ စိတ်ထဲမှာ တောင်သမန်အင်းကြီးရဲ့ သဏ္ဌာန်ကိုပေါ်လာအောင် အင်းထဲမှာရှိတဲ့ ငါး၊ လိပ်၊ သတ္တဝါတွေကို မြင်လာအောင် လှိုင်းကြက်ခွပ်သံများကို ကြားလာအောင် ဖန်တီးထားတာဟာ ဂုဏ်ယူစရာပါ . . အဲဒီ့လိုပဲ . . ခါမင်းကြိုးကိုတီးခတ်ရာမှာလည်း ခါတွန်သံကဲ့သို့ အသံများကြားယောင်လာအောင် ခံစားနိုင်စေပါတယ် . ."

"ကျွန်မသိချင်တာ . . မြန်မာသီချင်းကြီးတွေဟာ မူတစ်ခုနဲ့တစ်ခု မတူဘူးလို့ ဆိုပါတယ် . . အဲဒါကို အခု ဘယ်လိုမူမှန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်နေပါသလဲ . ."

တာဝန်ခံသည် ထား၏အမေးကို ရှည်ရှည်ဝေးဝေးပင် ဖြေလေသည်။

"အစိက ပြဿနာကတော့ မြန်မာသီချင်းကြီးတွေကို စတင်စပ်ဆိုခဲ့တဲ့ ဂီတပညာရှင်တွေဟာ သူတို့သီချင်းကို ကမ္ဘာသုံး ဒါမှမဟုတ် ကိုယ်ပိုင်သင်္ကေတတစ်ခုခုနဲ့ မှတ်တမ်းမတင်ခဲ့တာပါပဲ . . ကြိုးညှိပုံ၊ အသံညှိပုံကအစ နားနဲ့သာ ဆုံးဖြတ်ညှိခဲ့ကြတယ် . . အဲဒီတော့ သူတို့ရဲ့ တေးသီချင်းတွေကို နားအရ၊ လက်အရ အလွတ်ကျက်မှတ်တီးခဲ့ပြီး လက်ဆင့်ကမ်းခဲ့ကြတယ် . . အဲဒီမှာ မူမတူတာတွေ ပေါ်လာတော့တာပဲ . . သီပ်ဆိုးဆိုးဝါးဝါးကွဲလွဲတာတွေရှိသလို . . မသိမသာကွဲလွဲတာတွေလည်း ရှိတယ်. . အခုတော့မြန်မာသီချင်းကြီးများ မူမှန်ဖြစ်ရေးကို ဦးစားပေးပြီး ပညာရှင်တွေနဲ့တိုင်ပင်ပြီး စနစ်တကျလုပ်နေတော့ အတော်ကလေးတော့ စည်းစနစ်ရှိလာနေပါပြီ . ."

"မြန်မာဂီတမှာ Harmony ဟာမိုနီ (မိတ်ဖက်သံ) အားနည်းသလိုပဲနော် . ."

"အဲဒါကိုက မြန်မာဂီတရဲ့ထူးခြားမှုပါပဲ . . အနောက်တိုင်းဂီတကတော့ မယ်လိုဒီ Melody (သံစဉ်)နဲ့ ဟာမိုနီကို မျှတစွာဆက်စပ်ဆိုတဲ့သဘောရှိပေမယ့် . . မြန်မာမှာကျတော့ မယ်လိုဒီ ကိုပဲ အားကောင်းဖို့ကြိုးစားထားတာ တွေ့ရမှာပါ . ."

"ကျွန်မသဘောကတော့ မြန်မာဂီတကို ဆင်ဖိုနီ Synphony (တူရိယာလေးမျိုးခန့်သာပါသော တေးသွား) လိုမျိုးဟာ ဆင်ဖိုနီတွေ ပြည့်စုံအောင် ဖြည့်ကြည့်သင့်တယ်လို့ ထင်ပါတယ် . ."

တာဝန်ခံသည် ပြုံး၏။

"မြို့မငြိမ်းက အဲဒါကို လုပ်ဖို့ကြိုးစားသွားပါသေးတယ် . .





ပါသေမယ့် သူကွယ်လွန်သွားခဲ့တယ် . ."

ပန်တျာကျောင်းမှာ ကျွန်တော်တို့ နှစ်နာရီလောက်ကြာထိုက်သဖြင့် နံနက် (၁၁)နာရီလောက်တွင်ပင် ပန်တျာကျောင်းမှ ပြန်ထွက်လာနိုင်ခဲ့သည်။ ထိုမှအပြန်တွင် ကျွန်တော်က ကျွန်တော့်အသိ စန္ဒရားဆရာကြီးထံသွားရန် ကြံသော်လည်း ထားက အအေးသောက်ရင်း စကားပြောကြရန်ပြောသဖြင့် ကျွန်တော်တို့လည်း အအေးသောက်ရင်း စကားပြောဖြစ်ကြလေသည်။

"ကျွန်မကြိုက်တာတော့ အပျိုတော်သီချင်းပဲ ကိုဇော်ဇော် . . နတ်ဒိုးသံဆိုတော့ မြူးကြွတယ် . . မယ်လိုဒီလည်း လှတယ်"

"အပျိုတော် အကကိုရော မြင်ဖူးလား . ."

"ဗီဒီယိုထဲမှာတော့ မြင်ဖူးတယ် . . ကောင်းတယ်။ ခံစားသိရတယ် . . ဒါနဲ့ ကိုဇော်ဇော်ကို မေးရဦးမယ် . . အခုခေတ်ပေါ်ဂီတတွေအပေါ်မှာ ကိုဇော်ဇော် ဘယ်လိုမြင်လဲ . ."

ကျွန်တော် ရယ်လိုက်မိပါသည်။ ထားသည် ကျွန်တော့်အဖြေကို စိတ်ဝင်တစား နားစွင့်နေ၏။

"ဂီတသမားတစ်ယောက်အနေနဲ့ ဖြေရမှာလား . . ခံစားသူ ရသိသတ်တစ်ယောက်အနေနဲ့ ဖြေရမှာလား . ."

"ဂီတသမားတစ်ယောက်အနေနဲ့ ဖြေပါ ကိုဇော်ဇော် . ."

ကျွန်တော် ခပ်တိုးတိုးပဲ ဖြေလိုက်ပါသည်။

"ရောခ်ဂီတကိုတော့ ကျွန်တော်အတော်ကြိုက်တယ် . . အခြားဂီတတွေမှာလည်း ရသပေါ်တဲ့ဂီတမျိုးဆို ကြိုက်ပါတယ်"

ကျွန်တော်တို့နှစ်ယောက်သည် သီချင်းအမျိုးအစားတွေအကြောင်း စကားရောက်သွားကြပြန်သည်။ ထားသည် ဂီတအကြောင်းကို စိတ်ဝင်တစားနားထောင်သည်။ စိတ်ဝင်တစားဆွေးနွေးသည်။ ထို့ကြောင့် ကျွန်တော့်အသိပညာရှင်စန္ဒရားပညာရှင်ကြီးထံ



www.burmeseclassic.com

www.burmeseclassic.com



သွားရန် မမီတော့ချေ။ နံနက်ခင်းက ခပ်ပြုပြုသာနေခဲ့သော နေသည် ပျောက်ဆုံးသွားပြီး ကောင်းကင်တွင် မိုးတိမ်တွေမည်းလာသည်။ သို့သော် မိုးက ချက်ခြင်းရွာမည့်ပုံမပေါ်ပါ။

"ထား . . စန္ဒရားဆရာကြီးဆီ နောက်နေ့မှသွားရအောင် . . အခု ကိုကို့ဆီသွားမယ် . . ထားလည်း ဆာလှရော့မယ် . ."

ထားသည် ခေါင်းညိတ်၏။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်အအေးဆိုင်မှ ထွက်ခဲ့ကြသည်။ ရွာမည်ဟု မျှော်လင့်မထားသော မိုးက လမ်းရောက်မှခပ်ဖွဲဖွဲရွာချလာ၏။



(၄)

ဦးမြင့်လွင်သည် ကျွန်တော့်ကိုဆီးကြို၍ နှုတ်ဆက်ပြီး နေရာထိုင်ခင်းပေးပါသည်။ သူ့အိမ်သည် ခမ်းနားကြီးကျယ်လွန်းလျက်ရှိသည်။

"လာ . . ဇော်ဇော် . . အန်ကယ့်ကို မင်းအစ်ကိုဖုန်းဆက်ပြီး ပြောထားလို့ အန်ကယ်စောင့်နေတာ . ."

ဦးမြင့်လွင်၏ ဧည့်ခန်း၌ သူနှင့်ကျွန်တော်နှစ်ယောက်တည်းသာရှိပါသည်။ အခန်းသည် တိတ်ဆိတ်ငြိမ်သက်လွန်းလှပေသည်။

"လုပ်ငန်းတိုးချဲ့ဖို့ မင်းအစ်ကိုက ပြောထားတဲ့ကိစ္စကို အန်ကယ်သဘောမတူဘူး . . ဘာဖြစ်လို့လဲဆိုတော့ ဇော်ဇော် လည်း ကုမ္ပဏီအခြေအနေကို သိနေတာပဲ . ."

ဟုတ်ပေ၏။ ကျွန်တော်ကလည်း ကုမ္ပဏီအခြေအနေကို ဘာမျှ သိပ်သိသော ကောင်မဟုတ်။ ကိုကိုကလည်း ယခုကဲ့သို့ အရေးကြီးသောကိစ္စ၊ အရေးကြီးသော ပုဂ္ဂိုလ်မျိုးနှင့်တွေ့ရန် အဘယ်ကြောင့် ကျွန်တော့်ကိုမှ ရွေး၍လွှတ်သနည်း။ ထိုအခါမျိုးတွင် ကိုကိုသည်



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီ၏ MD အဖြစ်ဖြင့်လည်းကောင်း၊ ကျွန်တော့်ကို ကုမ္ပဏီ၏ GM (အထွေထွေမန်နေဂျာ)အဖြစ်လည်းကောင်း ဖွင့်ပြောလေ့ရှိပါ သည်။ လက်တွေ့မှာတော့ ကျွန်တော်က ကုမ္ပဏီတွင် ဘာကောင်မှ မဟုတ်ချေ။

"ရော့ . . ဖော်ဖော် . . ဒါက မင်းအစ်ကို အန်ကယ့်ကိုတင် ပြထားတဲ့ လုပ်ငန်းတိုးချဲ့မယ့် Project ဖိုင် . . မင်းအစ်ကို့ကိုပြန် ပေးလိုက် . . အဲဒီ့ထဲကဟာတွေဟာ မဖြစ်နိုင်ဘူးလို့ ပြောလိုက်"

"ကျွန်တော် တစ်ခုတော့ပြောပါရစေ အန်ကယ် . . လုပ်ငန်း တိုးချဲ့ဖို့ကိစ္စကို အန်ကယ် သဘောမတူရတဲ့ အဓိကအကြောင်းရင်း က ဘာလဲ . ."

"အဓိက,ကတော့ အခုအချိန်မှာ အပြိုင်အဆိုင်တွေ များ လွန်းတဲ့ ပြဿနာပဲ . ."

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ အကယ်၍ ဦးမြင့်လွင် ကလည်း ယခုကဲ့သို့ သဘောမတူခဲ့သည့် ပြဿနာကို ကိုကိုသိလျှင် မည်သို့ဖြေရှင်းလေမည်နည်း။ ဦးမြင့်လွင် သဘောမတူဘဲနှင့် လုပ်ငန်းကို မိမိသဘောနှင့်တိုးချဲ့၍ မရနိုင်ပြီလော။ ခက်တာက ကျွန်တော်ကလည်း ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်း။ စည်းမျဉ်း စည်းကမ်းတွေကို ဘာမှမသိ။ ထို့ပြင် အကယ်၍ လုပ်ငန်းတိုးချဲ့မည့် အစီအစဉ်ကို ရပ်ဆိုင်းလိုက်ရလျှင် ကုမ္ပဏီအတွက် မည်သို့ထိခိုက် လေမည်နည်းကိုပင် ကျွန်တော်မသိ။

ယုတ်စွအဆုံး ကုမ္ပဏီ၏ အရှုံးအမြတ်ကိုပင် ကျွန်တော် မသိ။ ကိုကိုကလည်း ထိုကိစ္စမျိုးတွေကို ကျွန်တော့်ကိုတစ်ခါမျှ ဖွင့် မပြော၊ မတိုင်ပင်ဖူးပါ။ ဘာပဲပြောပြော ယခုကဲ့သို့ အခြေအနေမျိုး ကို ကျွန်တော်လည်း သိဖို့လိုအပ်လာပါသည်။

"ကောင်းပါပြီ အန်ကယ် . . ကျွန်တော် ပြန်လိုက်ပါဦးမယ်





. . ကိုကို့ကိုလည်း အန်ကယ်ပြောတာတွေပြန်ပြောလိုက်ပါ့မယ်"

ဦးမြင့်လွင်သည် ကျွန်တော့်ကို ဆင်ဝင်အောက်သို့တိုင် လိုက်ပို့လေသည်။ ကျွန်တော် ကားမောင်းထွက်ခဲ့သောအခါ သူက ကျွန်တော့်ကားကို မျက်စိတဆုံးကြည့်၍ ကျန်ရစ်ခဲ့ပါသည်။ ကုမ္ပဏီ သို့ ကျွန်တော် ပြန်ရောက်လေသော် ကိုကိုနှင့်ထားက ကုမ္ပဏီမှာ မရှိတော့။ ကိုကို့စားပွဲပေါ်တွင် ဖိုင်တချို့က ပွင့်လျက်သားကျန်ခဲ့ သည်။

ကိုကို ကုမ္ပဏီမှာရှိနေလျှင် ကိုကို့စားပွဲမှာ မထိုင်ရဲသော် လည်း ကိုကို ကုမ္ပဏီမှာမရှိလျှင်တော့ ရဲဝံ့စွာထိုင်ရဲပါသည်။ ယခု လည်း စားပွဲပေါ်မှ ပြန့်ကျဲနေသော စာရွက်တွေကို သေသေသပ်သပ် ထပ်ပေးလိုက်ပြီး ကိုကို့ဆုံလည်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါသည်။ ထိုအခါ ပွင့်လျက်သားရှိသည့်ဖိုင်သို့ မျက်လုံးအကြည့်ရောက်သွား လေသည်။ ဖိုင်၏အမည်က နှစ်ချုပ်စာရင်းဖိုင်ဖြစ်ပြီး ဖိုင်ထဲတွင် ကုမ္ပဏီ၏ နှစ်အလိုက် စာရင်းချုပ်ထားမှုများကို တွေ့ရ၏။ ကျွန် တော်လည်း နည်းနည်းစိတ်ဝင်စားသွားပြီး စာရင်းဇယားတွေကို လေ့လာလိုက်မိသည်။

ဓာတုဗေဒဘာသာရပ်ဖြင့် ကျွန်တော်ဘွဲ့ရခဲ့သော်လည်း သာမန်စာရင်းဇယားတစ်ခုလောက်ကိုတော့ ကြည့်ရှုတတ်ပါသည်။ ထို့အပြင် စာရင်းဇယားများကို ပြုစုထားပုံကလည်း စနစ်ကျပြီး ရှင်း လင်းလွန်းလှပါသည်။ စာရင်းတွေ၏ တစ်နေရာအရောက်တွင် ကျွန် တော် ဒိတ်ခနဲဖြစ်သွားမိလေသည်။ မြတ်စွာဘုရား ကုမ္ပဏီ၏ အရှုံး သည် ယခုနှစ်၌ ထိတ်လန့်ဖွယ်ကောင်းလောက်အောင်ပင် ဖြစ်နေ၏။

နှစ်ချုပ်စာရင်းဖိုင်ကို ကျွန်တော် ပိတ်လိုက်သည်။ ကုမ္ပဏီ ၏ အခြေအနေသည် စာရင်းထဲကအတိုင်းဆိုလျှင် အခြေအနေမ ကောင်းပါ။ ဒါကို ဦးမြင့်လွင်ကလည်း သိနေပုံရပါသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နားမလည်တာတစ်ခုက ကိုကို၏စိတ်ကူးစိတ်သန်းကိုပင် ဖြစ်သည်။ အဘယ့်ကြောင့် ကုမ္ပဏီ၏ ဆိုးဝါးနေသောအခြေအနေ၌ လုပ်ငန်းတိုးချဲ့မည့်ကိစ္စကို စဉ်းစားတွေးတောလေသနည်း။ ယခုလို အခြေအနေဆိုလျှင် ကျွန်တော်လည်း ဦးမြင့်လွင်ထင်သလိုပင် လုပ်ငန်းတိုးချဲ့ဖို့ကို မလုပ်သင့်ဟု ထင်ပါသည်။

သို့သော် ကုမ္ပဏီ၏အရှုံးအတွက် လက်ရှိပုံမှန်အတိုင်းသွားနေလျှင်ရော၊ ရှေ့နှစ်အတွက် အခြေအနေကောင်းနိုင်ပါဦးမည်လား။ ဒါကလည်း သိပ်မသေချာပါ။ ဦးမြင့်လွင်ပြောသလိုပင် လုပ်ငန်း၌ အပြိုင်အဆိုင်တွေ မှိုလိုပေါက်လာသည်ကိစ္စကပင်လျှင် ကုမ္ပဏီကို အရှုံးသို့တွန်းပို့ခဲ့သည့် အခြေအနေတစ်ရပ်ပင်ဖြစ်သလော။ ထိုအခိုက်မှာပင် စားပွဲပေါ်မှ တယ်လီဖုန်းက ကောက်၍မြည်လာသဖြင့် ကျွန်တော်နားထောင်လိုက်သည်။

"ဟဲလို . . အမိန့်ရှိပါ . . မြဇမ္ဗူကုမ္ပဏီကပါ . ."

"ကျွန်တော် ဦးကျော်ထက်လှိုင်နဲ့ စကားပြောချင်လို့ပါ . . သူ့ လက်ကိုင်ဖုန်းကိုဆက်တာ ပိတ်ထားလို့ ကုမ္ပဏီကိုပဲ ဆက်လိုက်တာ . ."

"သူ အခု ကုမ္ပဏီမှာ မရှိပါဘူး . . ဧည့်သည်တစ်ယောက်နဲ့ အပြင်ထွက်သွားပါတယ် . . နောက်တစ်နာရီလောက်ဆိုရင်တော့ ပြန်ရောက်မှာပါ . . ဘယ်သူလို့ ပြောပေးလိုက်ရမလဲ . ."

"ကိုဆွေလို့ ပြောပေးပါ . . ကျွန်တော် နောက်တစ်နာရီလောက် ဖုန်းပြန်ဆက်ပါ့မယ်လို့ . ."

တစ်ဖက်မှသူသည် ဖုန်းချသွား၏။ ကိုကိုနှင့်ထားသည် ယခုအချိန်လောက်ဆို စားသောက်ဆိုင်တစ်ခုခု၌ နေ့လယ်စာ စားနေကြပေတော့မည်။ ထိုအခါမှပင် ကျွန်တော်လည်း ဗိုက်ဆာနေကြောင်း သတိပြုမိပြီး ကုမ္ပဏီအကူစာရေးကလေး မောင်လတ်ကိုခေါ်၍



ထမင်းကြော်တစ်ပွဲဝယ်ခိုင်းလိုက်ရ၏။ ကိုကိုသည် သူ့အတွက် အရေးကြီးသော ဧည့်သည်အဖြစ် ထားကို နေ့လယ်စာ ကျွေးနေသည့်အချိန်တွင် ကုမ္ပဏီကိစ္စတွေကို မေ့ထားသည့်အနေဖြင့် လက်ကိုင်ဖုန်းကို ပိတ်ထားပုံရသည်။

အင်းလေ။ ထားသည် ကိုကို့အတွက် ကုမ္ပဏီထက်ပင် အရေးကြီးချင်ကြီးနေပါလိမ့်မည်။ ထားအကြောင်း စဉ်းစားမိခါမှပင် ကျွန်တော့်ရင်တွင် လှုပ်ရှားမှုတစ်ခုရှိနေကြောင်းကို ကျွန်တော်သိလာ၏။ ထားက ကျွန်တော့်ကိုကြည့်သော အကြည့်တို့တွင် ချစ်ခြင်းမေတ္တာ၏ သင်္ကေတတွေပါနေသည်ဟု ကျွန်တော်ထင်ပါသည်။

ရွှန်းမြကြည်လင်သောအကြည့်၊ ရီဝေသောအကြည့်တို့သည် ကျွန်တော့် မျက်လုံးမှတစ်ဆင့် နှလုံးသည်းပွတ်သို့တိုင်ရောက်ရှိခဲ့ပုံရပါသည်။ တဆက်တည်းမှာပင် ညစာထမင်းပွဲအပြီး၌ ဖေဖေပြောခဲ့သော စကားတွေကို ကျွန်တော် ပြန်ကြားလာမိလေသည်။

"ဒီလိုကွ . . အခုရောက်လာတဲ့ ထားအိခိုင်ကို မင်းအစ်ကိုနဲ့ ဖေဖေတို့ လူကြီးချင်း သဘောတူထားတယ် . . ထားအိခိုင်ရဲ့မိဘတွေက သူတို့သမီးကို နိုင်ငံခြားမှာပဲ မနေစေချင်ဘူး . . နိုင်ငံခြားသားတွေနဲ့ အိမ်ထောင်ကျသွားမှာ စိုးရိမ်တယ် . . ပြီးတော့ ဖေဖေတို့ကလည်း မိတ်ဆွေရင်းချာတွေဖြစ်နေတော့ . . သားကြီးနဲ့သူတို့သမီးကို သဘောတူကြတယ် . . ဒါကြောင့် သူ့ကို ဒီလို အလည်လွှတ်လိုက်တာပဲ . ."

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိသည်။ စိတ်ထဲတွင် ဘဝင်မကျသော အချက်တစ်ချက်ကပေါ်လာ၏။ ကိုကိုနှင့်ထားကို သဘောတူသည့်ကိစ္စကို ထားက အဘယ်ကြောင့် မသိရလေသနည်း။ ထား၏ စိတ်ထဲ၌ သူမနှင့်မိဘချင်းသဘောတူထားသည့် သူမှာ ကျွန်တော်ဟု အဘယ်ကြောင့်ထင်နေရလေသနည်း။ ဖြစ်နိုင်ဖွယ်ရာရှိသော

www.burmeseclassic.com



အချက်ကို ကျွန်တော် တွေးတောလေတော့သည်။

ထား၏မိဘနှင့် ကျွန်တော်တို့မိဘသည် ရှေးယခင်ကတည်းက သိကျွမ်းခင်မင်ခဲ့ကြသော မိတ်ဆွေများဖြစ်သော်လည်း နောက်ပိုင်းတွင် ဝေးကွာသွားခဲ့ကြသည်။ ထား၏ မိဘတွေက နိုင်ငံခြားရောက်သွားသည်။ ထား၏ မိဘတွေသည် ကျွန်တော်တို့တွင် ညီအစ်ကိုနှစ်ယောက်ရှိသည်ကို ရှေးယခင်ကတည်းက သိထားနှင့်သည်။ ထို့ကြောင့် ဖေဖေမေမေတို့နှင့် သားရေးသမီးရေးကိစ္စ ဆွေးနွေးတိုင်ပင်ကြသောအခါ ထား၏မိဘတို့သည် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်အနက်မှ တစ်ယောက်ယောက်နှင့် (ထား၏ စိတ်ဆန္ဒကိုပင် ဦးစားပေးရွေးချယ်စေရန်) နားလည်ထားကြပုံရ၏။

ထားကိုလည်း သည်အတိုင်းပင် ပြောပြလိုက်ပုံရသည်။ သို့သော် စဉ်းစားဖွယ်ရာ ကောင်းသည်မှာ ဖေဖေမေမေတို့၏ သဘောထားပင်ဖြစ်၏။ ဖေဖေမေမေတို့သည် ထားကို ကိုကိုနှင့်သာပို၍ သဘောတူပုံရသည်။ ဒါကလည်း သိပ်တော့ဆန်းကြယ်သည့်ကိစ္စမဟုတ်ပါ။ ကိုကို့အသက်အရွယ်သည် အိမ်ထောင်ပြုသင့်သည့်အရွယ်ပင် ကျော်နေလေပြီ။ ထို့အပြင် ကိုကိုက ရင့်ကျက်တည်ငြိမ်၏။ ဦးစီးဆောင်ရွက်နေသော ကုမ္ပဏီကြီးကလည်းရှိသဖြင့် ထားနှင့်ကိုကိုသာ ပို၍လိုက်ဖက်သည်ဟု ထင်မြင်သုံးသပ်ကြဟန်ရှိပါသည်။

ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်မိပြန်သည်။ ထား၏ အဆုံးအဖြတ်သည် မိဘများအတွက် အံ့ဩစရာပင်ဖြစ်လာမည်လား။ ထားသည် ကျွန်တော်နှင့်ယှဉ်လျှင် အစစပို၍ သာလွန်သည့် ကိုကို့ကိုပင် ပို၍ရွေးချယ်သင့်သည်ဟု ကျွန်တော်တွေးမိပါသည်။ ထိုအခိုက်မှာပင် မောင်လတ်က ထမင်းကြော်ပန်းကန်နှင့် ပြန်ရောက်လာ၏။

"အစ်ကို ဆာပြီလား . . ဆောရီးပဲ အစ်ကို . . ထမင်းကြော်





က နည်းနည်းစောင့်လိုက်ရတယ် . ."

"ရပါတယ်ကွာ . . ဒါနဲ့ မင်းလည်း စားပြီးပြီလား . ."

"ဟုတ်ကဲ့ အစ်ကို . ."

ကျွန်တော် ထမင်းကြော် စစားတော့သည်။ မောင်လတ်သည် ကျွန်တော့်အနားမှာပင်ရပ်နေဆဲဖြစ်သည်။ သူသည် တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် ဟန်ဖြင့် ချီတုံချတုံဖြစ်နေ၏။

"မောင်လတ် . . ဘာဖြစ်သလဲ . . ဘာပြောစရာရှိလို့လဲ"

"ဟို . . ဟိုလေ . ."

"ပြောပါကွာ . . ရဲရဲပြော . ."

"ကျွန်တော် ပိုက်ဆံနည်းနည်းလောက် အစ်ကို့ဆီက ချေးချင်လို့ အစ်ကို . . ကျွန်တော့်အမေနေမကောင်းလို့ ဆေးခန်းပြချင်လို့ . ."

"မင်း . . လခ ဘယ်လောက်ရသလဲ မောင်လတ် . ."

မောင်လတ်က မဝံ့မရဲဖြေပါသည်။ ကျွန်တော် ထပ်မေးလိုက်၏။

"မင်း မိသားစုက ဘယ်နှယောက်လဲ . ."

"လေးယောက်အစ်ကို . . အမေရယ် . . ညီနှစ်ယောက်ရယ် . . ကျွန်တော်ရယ် . . ညီလေးတွေက ကျောင်းသားတွေ အစ်ကို"

ကျွန်တော် အိတ်ထဲက ပိုက်ဆံတစ်ထပ်ကို ဆွဲထုတ်လိုက်သည်။

"ရော့ . . မောင်လတ် . . မင်းအဆင်ပြေတဲ့အချိန်မှ ပြန်ဆပ် ဟုတ်လား . ."

"ကျေးဇူးတင်လိုက်တာ အစ်ကိုရာ . ."

သူ့အသံသည် လှိုက်လှဲ့တုန်ခါနေလေသည်။ မောင်လတ် ကျွန်တော့်ကို နှုတ်ဆက်ပြီး အနားက ထွက်သွားမှ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းများ၏ လစာကိစ္စဆက်စဉ်းစားလိုက်သည်။ ကုမ္ပဏီဝန်ထမ်းများ၏လစာကိစ္စကို ပြန်၍သုံးသပ်ဖို့တော့ ကောင်းနေလေပြီ။ သို့သော် ကုမ္ပဏီ၏ အဆုံးအဖြတ်ကိစ္စများ၌ ကိုကိုသာ တာဝန်ယူထား၍ ကျွန်တော် မတတ်နိုင်သောကိစ္စဖြစ်၏။ ကိုကို စိတ်ကြည်လင်သော တစ်နေ့၌ ထိုကိစ္စကိုတင်ပြကြည့်ရန်တော့ ကျွန်တော်စိတ်ကူးမိလိုက်လေသည်။



သည်ည မိုးမရွာပါ။ မိုးမရွာသည့်အပြင် လကပါ သာနေလေသည်။ ထို့ကြောင့် ကျွန်တော်နှင့်ထားသည် ကျွန်တော့်တစ်ထပ်တိုက် ကလေး၏ရှေ့မှ ကျောက်ခုံကလေးမှာ ယှဉ်တွဲ၍ထိုင်နေမိကြသည်။ ကိုကိုကတော့ ကုမ္ပဏီမှ ယခုအချိန်ထိ ပြန်မရောက်သေး။ ထားကို နေ့လယ်စာကျွေးပြီး ကိုကိုတို့ပြန်ရောက်လာသောအခါ နေ့လယ်နှစ် နာရီထိုးနေလေပြီ။ ကုမ္ပဏီ၌ ကိုကို့အတွက် အလုပ်တွေပုံနေသော်လည်း ကိုကိုသည် ထားကို ကုန်ပစ္စည်းထုတ်လုပ်ရာ စက်ရုံသို့ လိုက်လံပြသရန် ပြန်လည်၍ထွက်သွားသည်။ ပြီးတော့ သူတို့နှစ်ယောက်သည် ညနေလေးနာရီလောက်မှ ပြန်ရောက်လာ၏။ ပြန်ရောက်ပြီး မကြာမီပင် ကျွန်တော်တို့ နှစ်ယောက်ကို ပြန်ခိုင်းသဖြင့် ပြန်ခဲ့ကြရသည်။

"ကိုဇော်ဇော် ဘာတွေစဉ်းစားနေတာလဲ ဟင် . ."

"ဘာရယ်တော့မဟုတ်ပါဘူး ထား . . ထား နောက်ထပ် ခုနစ်ရက်ဆို ပြန်တော့မှာကို တွေးမိလို့ပါ . ."

ထား ငြိမ်သက်သွားသည်။ ပြီးမှ ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်ဇော် . ."

"ဟင် . ."

"ထားလေ မိန်းကလေးပေမယ့် မျှသိပ်မထားချင်ဘူး . . ကိုဇော်ဇော် ထားအပေါ်မှာ ဘယ်လိုသဘောထားလဲ ဟင် . ."

"ဘယ်လိုမှ သဘောမထားပါဘူး . ."

"ရှင် . ."

ထားသည် အံ့ဩသွားပြီး ကျွန်တော့်လက်မောင်းကို ကိုင်၏။

"ထားအပေါ် ကိုဇော်ဇော် မနှစ်သက်ဘူးလား ဟင် . ."

ကျွန်တော် သက်ပြင်းကြိတ်၍ ချလိုက်၏။

"ထားဟာ . . . နှစ်သက်စွဲလန်းစရာကောင်းတဲ့ မိန်းမတစ်ယောက်ပါ ထား . . ကျွန်တော် . ."

"ဟင့်အင်း . . ကိုဇော်ဇော် မပြောနဲ့တော့ ထားဆက်ပြောမယ် . . ထား အတွက်လည်း ကိုဇော်ဇော်ဟာ နှစ်သက်စွဲလန်းစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါ . . ဒါဆို ထားတို့နှစ်ယောက် မိဘတွေကို မီးစိမ်းပြလိုက်တော့မယ်နော် . . ထား . . ဒီညကို ဖေဖေ၊ မေမေတို့ဆီ ဖုန်းဆက်ပြီး အိုကေလို့ပြောလိုက်တော့မယ် . . ပြီးရင် ထားမြန်မာပြည်က ဗီဇာကုန်တာနဲ့ အမေရိက ကိုပြန်မယ် . . ဟိုမှာ ဖေဖေ၊ မေမေတို့နဲ့ တိုင်ပင်စရာတွေ တိုင်ပင်မယ် . . ပြီးရင် ဗီဇာ ထပ်လျှောက်ပြီး . . ဒီကိုပြန်လာခဲ့ဦးမယ် . . အဲဒီတော့မှ လက်ထပ်ဖို့ကိစ္စ အသေးစိတ် ဆွေးနွေးကြတာပေါ့ . ."

"ထား . ."

ကျွန်တော့်အသံသည် မူမမှန်ပါ။ ခြောက်ကပ်ကပ်ဖြစ်နေ၏။

"ထား . . ထားမိဘတွေနဲ့ ထား ပြောကြ၊ ဆိုကြတာတွေနဲ့ ကျွန်တော့်မိဘတွေ ပြောကြ၊ ဆိုကြတာတွေ လွဲနေတယ် ထား . အမှန်တကယ်က ထားကို ကျွန်တော့်မိဘတွေက ကိုကိုနဲ့သဘောတူတာပါ"





ထား၏မျက်နှာတွင် အံ့ဩသောအရိပ်အယောင်တွေ ပေါ်လာပါသည်။

"ဘာရယ် ကိုဇော်ဇော် . . ထားနဲ့ အစ်ကိုကြီးကို သဘောတူတယ်ဟုတ်လား . . မဖြစ်နိုင်ဘူး . ."

ထား တုန်လှုပ်သွားပုံရပါသည်။ ကျွန်တော်လည်း ဘာမှပြန်မပြောဘဲ ငြိမ်နေခြင်းဖြင့် ထိုစကားရပ်ကိုပိုပြီး အတည်ပြုပေးလိုက်မိ၏။ ထားသည် ကျွန်တော်နှင့်မျက်လုံးချင်း ဆိုင်သည်။

"ထား . . ဒီညကို ဖေဖေတို့ဆီ ဖုန်းဆက်မယ် ကိုဇော်ဇော် . . ပြီးရင် ဒီအကြောင်းတွေ ပြောပြမယ် . . ဒီကိစ္စမှာ ထားရဲ့အဆုံးအဖြတ်က အဓိကပဲဖြစ်ရမယ် . . ဘာဖြစ်လို့လဲဆိုတော့ အကြင်လင်မယားအဖြစ် ပေါင်းရမယ့်ကိစ္စဟာ အဓိက,က ကာယကံရှင်နှစ်ယောက်ရဲ့ ပြဿနာဖြစ်နေလို့ပဲ . . ထားပြောတာကို . . ကိုဇော်ဇော် နားလည်တယ် မဟုတ်လား . ."

ကျွန်တော် အာစေးမိသလိုဖြစ်နေလေသည်။ ထားသည် သွက်လက်စွာ ဆက်ပြောပြန်၏။

"အခုဆို ဘာမှခက်တဲ့ ပြဿနာမဟုတ်တော့ဘူး . . ကိုဇော်ဇော်ကလည်း ထားကိုနှစ်သက်တယ် . . ထားကလည်း ကိုဇော်ဇော့်ကို ငြင်းစရာမရှိဘူး . . ဘယ်လောက် အဆင်ပြေလဲ . ."

"ထား . ."

"ဟင် . . ဘာလဲ ကိုဇော်ဇော် . ."

"ပြဿနာက ထားပြောသလောက် မလွယ်ဘူး ထား . . ဘာဖြစ်လို့လဲ ဆိုတော့ . ."

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိ၏။

"ဒီကိစ္စမှာ ကိုကိုလည်း ပါလာပြီ . . ကိုကိုကလည်း ထားကို နှစ်သက်နေတဲ့ ပုံပဲ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . ထားကို . . အစ်ကိုကြီးကလည်း ထားကိုနှစ်သက်နေတယ် . . ဟုတ်လား . . မဖြစ်နိုင်ဘူး . . ဒါနဲ့နေပါဦး . . ထားရှင်းရှင်းလင်းလင်း မေးပါရစေဦး . . ကိုဇော်ဇော်က အစ်ကိုကြီးထားကို နှစ်သက်နေတယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ . . သူ ဖွင့်ပြောလို့လား . ."

ထားသည် အနောက်နိုင်ငံတွင် ကြီးပြင်းလာရသူပီပီ စကားပြောရာ၌ ပွင့်လင်းလွတ်လပ်ပါသည်။ သို့သော် ကျွန်တော့်ဘက်တွင်မူ ငဲ့ညှာထောက်ထားစရာတွေ ရှိနေပါသည်။ ထိုအခါ ကျွန်တော်သည် ထားကဲ့သို့ အိမ်ထောင်ရေးကို လွတ်လပ်စွာစဉ်းစားချင်လာလေသည်။ တစ်ခုတော့ ကျွန်တော်လက်ခံယုံကြည်လာပါသည်။ ချစ်ခြင်းမေတ္တာ၌ အချိန်ကာလသတ်မှတ်ချက်မရှိဟူသော ကောက်ချက်သာဖြစ်ပါ၏။ ကျွန်တော် မိမိကိုယ်ကိုယ် မလိမ်ညာတမ်းဝန်ခံရလျှင် ထားကို ဤမျှလောက်အချိန်တိုတိုလေးအတွင်း၌ ချစ်မိနေလေပြီ။

"ဖြေလေ . . ကိုဇော်ဇော် . ."

"ဒီလို ထား . ."

ကျွန်တော် ထားကို ဖေဖေပြောခဲ့သည့် စကားတွေမှစ၍ ပြည့်ပြည့်စုံစုံ ဖြေလိုက်မိသည်။ ထားသည် ကျွန်တော့်စကားအဆုံး၌ ငြိမ်သက်သွားလေသည်။ ထိုအခိုက်မှာပင် ကိုကိုက ကုမ္ပဏီမှ ပြန်ရောက်လာလေသည်။ ကိုကိုသည် ကားကို ဆင်ဝင်အောက်၌ ထိုးရပ်လိုက်သည်။ သူ့အကြည့် ကျွန်တော်တို့ထံ မရောက်မီ ကျွန်တော် ထား၏ဘေးမှ မတ်တတ်ထရပ်ပြီးသား ဖြစ်နေလေသည်။

"ထား . . ကျွန်တော်တို့ ကိုကို့ဆီသွားရအောင် . ."

ထားသည် ထိုင်ရာမှ မထ။ ကျွန်တော် သူမကို ပြန်ငုံ့ကြည့်လိုက်သောအခါ သူမက ကျွန်တော့်ကို ရီဝေစွာပြန်ကြည့်နေသည်။ မျက်လုံးချင်း အတန်ကြာအောင် ဆုံနေမိသော်လည်း အကြည့်တွေကို





BURMESE CLASSIC

လွှဲဖယ်ပစ်ရန် မကြိုးစားမိကြ။ ရွှန်းမြလတ်ဆတ်သော လရောင်သည် ထား၏ နုညက်နေသော မျက်နှာဝင်းဝင်းကလေးပေါ်သို့ ဖြာကျနေ၏။ ဆံနွယ်တို့သည် ခွေလိပ်ပြေလျော့စွာရှိနေသည်။

"ကိုဇော်ဇော် . ."

"ဟင် . . ဘာလဲ ထား . ."

"ကိုဇော်ဇော် ထားကိုချစ်လား ဟင် . ."

ထားသည် ကျွန်တော့်မျက်လုံးတွေကို သေသေချာချာကြည့်နေ၏။ အမှန်ကိုဖြေရန် ကျွန်တော် ဝန်မလေးပါ။ ထို့ကြောင့် ဖြေတော့မည့်ဆဲဆဲတွင် ကိုကို့အသံကိုကြားရလေသည်။

"ဟေး . . ဇော်ဇော်နဲ့ ထား လာကြလေ . . ကိုကိုပြန်လာပြီ . . စကားလေးဘာလေး ပြောရအောင် . ."

"လာပါ ထား . . ကျွန်တော်တို့ ကိုကို့ဆီ သွားရအောင်"

ထားသည် ဖြည်းလေးစွာ မတ်တတ်ထရပ်သည်။ ကိုကို့ထံသို့ အရင်ဆုံးရောက်သွားသူမှာ ကျွန်တော်သာဖြစ်ပါသည်။ ကိုကိုသည် ကျွန်တော်တို့ကိုပြုံး၍ ကြိုဆိုနေပါသည်။ ကိုကို့မျက်နှာသည် ပင်ပန်းနွမ်းနယ်မှုရှိနေသော်လည်း ချိုချိုသာသာပင်ဖြစ်သည်။

"ဘာတွေများ စကားကောင်းနေသလဲကွ . . ဘာလဲ ဂီတအကြောင်းပဲလား . . ဟား ဟား . . ထမင်းရော စားပြီးကြပြီလား"

"ဟုတ်ကဲ့ အစ်ကိုကြီး . ."

"ဘယ့်နှယ်လဲ ငါ့ညီမလည်း ဒီနေ့စက်ရုံကို လိုက်လေ့လာရတာ ပင်ပန်းသွားတယ် မဟုတ်လား . ."

"မပင်ပန်းပါဘူး အစ်ကိုကြီးရဲ့ . . ဟင်း ဟင်း . ."

ကိုကိုသည် ညစာ စားပွဲတစ်ခုမှပြန်လာခြင်းဖြစ်သဖြင့် ကျွန်တော်တို့ အိမ်ရှေ့ဧည့်ခန်းမှာပင် ထိုင်၍စကားပြောကြပါသည်။ ဖေဖေနှင့်မေမေသည် ကိုကိုပြန်ရောက်လာသဖြင့် အိမ်ပေါ်မှဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကျွန်တော်တို့စကားဝိုင်းထဲရောက်လာသည်။ မေမေက ကျွန်တော်နှင့် ထားကို အကဲခတ်သလို တစ်ချက်ကြည့်ပါသည်။ လရောင်ရွှန်းမြမြသည် ညည့်ခန်းသို့ရောက်မလာပါ။

(၅)

ထား နည်းနည်းနေမကောင်းဖြစ်သဖြင့် ယနေ့ကျွန်တော်တို့ ယဉ်ကျေးမှုတက္ကသိုလ်သို့ သွားမည့်အစီအစဉ်၊ တက္ကသိုလ် စာကြည့်တိုက်များသို့သွားမည့် အစီအစဉ်ကို ဖျက်လိုက်ပါသည်။ ကိုကိုကတော့ ထား နေမကောင်းဖြစ်ရခြင်းမှာ သူ့ကြောင့်ဟုဆိုပါသည်။ ဖေဖေ၊ မေမေတို့က စိတ်ပူစွာဆရာဝန်ခေါ်သောအခါ ဆရာဝန်က လာရောက်စစ်ဆေးကြည့်ရှုပြီး စိတ်မပူရန်ပြောပါသည်။ ပြီးတော့ ဆေးတစ်လုံးထိုးပေးခဲ့လေသည်။

"ကဲ . . ဖော်ဖော် . . မင်း ကိုကိုနဲ့လိုက်ခဲ့ . . ကုမ္ပဏီသွားအောင် . . ထား အတွက်ကတော့ စိတ်ချရပါပြီ . . ထား . . အစ်ကိုတို့ ကုမ္ပဏီသွားလိုက်ဦးမယ် . . လိုချင်တာ . . စားချင်တာရှိရင် သည်း မေမေတို့ကိုပြောပြီး အစ်ကို့ဆီဖုန်းဆက်ခိုင်းလိုက် . . အင်း . . ညနေကိုတော့ အစ်ကိုတို့ စော[illegible]ပြန်လာမယ် . . ဟုတ်ပြီလား"

ထားသည် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို ဖျော့တော့စွာပြုံးပြလေသည်။ ကိုကိုနှင့် ကျွန်တော်တို့နှစ်ယောက် ထားအ[illegible]

www.burmeseclassic.com

အခန်းထဲမှထွက်လာသောအခါ ထားက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်လုံးကို လိုက်ကြည့်နေပါသည်။ ကျွန်တော်တို့ ကားပေါ်ရောက်သောအခါ ကိုကိုက ပြောလေသည်။

"ဇော်ဇော် . . ကိုကိုတို့စကားလွတ်လွတ်လပ်လပ် ပြောချင်တယ်ကွာ . . ဆိုင်တစ်ဆိုင်ကို အရင်မောင်း . . နာရီဝက်တစ်နာရီလောက် စကားပြောပြီးမှ ကုမ္ပဏီကိုသွားကြတာပေါ့ . ."

ကျွန်တော် ကိုကို့ကို ခေါင်းညိတ်ပြလိုက်ပြီး ကားကို ထားနှင့်ကျွန်တော်ထိုင်ခဲ့ဖူးသည့် လက်ဖက်ရည်ဆိုင်သို့မောင်းလိုက်ပါသည်။ လက်ဖက်ရည်လည်း ကောင်းသည့်အပြင် လွတ်လွတ်လပ်လပ်စကားပြော၍လည်း ကောင်းလောက်အောင် လူရှင်းပါသည်။ ဆိုင်သို့ရောက်သောအခါ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်သည် စားပွဲ၌မျက်နှာချင်းဆိုင်ထိုင်လိုက်ကြပြီး လက်ဖက်ရည်မှာလိုက်ကြ၏။ ကိုကိုသည် စကားမပြောသေးဘဲ ဆိုင်တစ်ဆိုင်လုံးကို ဝေ့၍ကြည့်နေသည်။ ကိုကို့ကိုကြည့်ရသည်မှာ အနည်းငယ်ပိန်သွားသလို ရှိလေသည်။ ပြီး တော့ ကိုကိုက ကျွန်တော့်ထက် အသားပိုဖြူသူမို့လား မသိ။ အသားအရေက ပို၍ဖျော့တော့နေပုံရ၏။

"ဇော်ဇော် . . ကိုကိုတို့ ကုမ္ပဏီရဲ့လက်ရှိအခြေအနေကို သိလား . ."

ကိုကို့ထံမှ အသံထွက်လာသည်။ ကိုကို့အသံ၌ အားသိပ်မပါဟု ကျွန်တော်ထင်ပါမိပါသည်။

"ကျွန်တော် နည်းနည်းပါးပါး ရိပ်မိပါတယ် ကိုကို . ."

"အေး . . အခုလက်ရှိ အခြေအနေက မကောင်းဘူး ဇော်ဇော် . . ဒီအတိုင်းသာဆိုရင် ကိုကို့ကုမ္ပဏီယိုင်သွားလိမ့်မယ် . ."

"ကျွန်တော် နားမလည်တာက ဒီလောက်အခြေအနေမှာ ကိုကိုရဲ့လုပ်ငန်းတိုးချဲ့ဖို့ စီမံကိန်းကိုပဲ ကိုကို . ."





ကိုကိုက ခပ်ညှင်းညှင်းရယ်လေ၏။ ဆံပင်တွေက အနည်းငယ်ရှည်နေသဖြင့် ညှင်းသိုးသိုးဖြစ်နေသော ကိုကိုသည် ကျွန်တော့်ကိုစိုက်ကြည့်ကာ လေသံခပ်တိုးတိုးဖြင့် ပြောလေသည်။

"အကြံကုန် ဂဠုန်ဆားချက်တဲ့ စီမံကိန်းမဟုတ်ဘူးကွ . . ဇော်ဇော် . . ဒီစီမံကိန်းကို အရင်ကတည်းက ကိုကိုစိတ်ကူးခဲ့တာကြာပြီ . . လက်ရှိအခြေအနေမှာ ဒီစီမံကိန်းကို အကောင်အထည်ဖော်ဖို့ သိပ်မလွယ်ပေမယ့် . . လုပ်မယ်ဆိုရင် ဖြစ်လာနိုင်ပါတယ် . . မင်းအဲဒီ စီမံကိန်းအကြောင်း ဘယ်လောက်သိသလဲ ဇော်ဇော် . ."

"အချိုရည်တစ်မျိုးအတွက် စီမံကိန်းလို့ပဲ အကြမ်းဖျင်း သိပါတယ် ကိုကို . ."

ကိုကိုက စားပွဲခုံကို လက်ဖဝါးနှင့် ဖွဖွပုတ်ရင်း ပြော၏။

"ဟုတ်တယ်ကွ . . အချိုရည်စီမံကိန်း . . ဒါပေမယ့် ဘယ်တမ်း ကိုကိုရည်ရွယ်နေတာက သမားရိုးကျ တခြားအချိုရည်မဟုတ်ဘူး . . ကော်ဖီအေးလို အချိုရည်မျိုး . . တစ်နည်းအားဖြင့်ပြောရရင် ကော်ဖီအေးဘူးတွေပဲ ဇော်ဇော် . . တို့ဆီမှာ ကော်ဖီနဲ့ တော်သက်လို့ အပူတွေသာထုတ်ကြတာများတယ် . . ကော်ဖီမစ်ဆိုလည်း ရေနွေးနဲ့ဖျော်ရတယ် . . စားသောက်ဆိုင်တချို့မှာတော့ ကော်ဖီအေးကို ရလေ့ရှိပေမယ့် ဈေးကြီးတာနဲ့ . . . ဆိုင်ကို သွားသောက်ဖို့ မလွယ်ကူတာနဲ့ လူတွေကြားထဲ သိပ်မရောက်ဘူး . . ကိုကိုလုပ်မယ့် ကော်ဖီအေးဘူးကတော့ ဒီပြဿနာကို ဖြည့်ပေးလိုက်တဲ့ ကုန်ပစ္စည်းတစ်မျိုး ပဲ . . ဈေးလည်း ချိုမယ် . . ရေခဲ ဒါမှမဟုတ် . . ရေခဲသေတ္တာရှိရုံနဲ့တင် ဆိုင်ကြီးတွေမှာမှ ရနိုင်တဲ့ ကော်ဖီအေးကို ရတော့မှာကွ"

ကျွန်တော့် ရင်ထဲနွေးလာပါသည်။ ကိုကိုက စိတ်အားထက်သန်စွာဖြင့် ဆက်ပြောနေလေသည်။

www.burmeseclassic.com



"နောက်ပြီး အရက်လို ယမကာမျိုးကို . . ကိုကို သိပ်မထုတ်ချင်တော့ဘူး ဖော်ဖော် . . ရောင်းအားတက်လာတာကို ကြည့်ပြီး ကျေနပ်နေတဲ့ စီးပွားရေးသမားတွေထဲမှာ ကိုကိုမပါဘူး . . ငါ့ကြောင့် အရက်သမားတွေ ပိုများလာလေမလားဆိုတဲ့ စိတ်ကြီးက ချောက်လှန့်နေတယ် . . ဟော့ . . ဖော်ဖော် . . ပြောပါဦးကွ . . အရက်နဲ့ ကော်ဖီအေး ဘယ်ဟာကိုကောင်းသလဲ . ."

"အရက်သမားတွေကတော့ အရက်ဟာ ပိုကောင်းတယ်လို့ ဖြေမှာပဲ ကိုကို . ."

"ဟာ . . ဒီကောင် စကားအကောင်းမပြောဘူး . . ဟား ဟား . ."

ကိုကိုသည် ကျွန်တော့်အဖြေစကားကြောင့် မျက်နှာတည်သွားသော်လည်း ချက်ခြင်းပင် တဟားဟား ရယ်လေသည်။

"တွေးကြည့်ရင် ရယ်စရာတော့ ကောင်းတယ်ကွ ဖော်ဖော် . . အရက်ကိုလုံးဝမသောက်တဲ့ ကိုတို့လို ကောင်မျိုးက ယမကာတွေ ထုတ်နေတယ် . . ဟား ဟား . . ဘယ်လောက်ရယ်စရာကောင်းသလဲ"

"ဟီး . . ဟီး . ."

ကျွန်တော်ကလည်း ကိုကိုတစ်ယောက်တည်း ရယ်နေရတာ ကြောင်နေမည်စိုးသဖြင့် လိုက်ရယ်ပေးနေမိသည်။

"ဟား ဟား . . ကိုယ်ထုတ်တဲ့ ယမကာတွေရဲ့အရသာ ဘယ်လိုရှိမှန်းတောင်သိတဲ့ ကောင်မဟုတ်ဘူး . . ဟား ဟား . ."

"ဟီး . . ဟီး . . ဟား . . ဟား"

"ဝီစကီနဲ့ရမ်ကိုတောင် အနံ့မခွဲတတ်တဲ့ ကောင်ကွ . . ဟား . . ဟား . ."

"ဟီး . . ဟီး . . ဟား . . ဟား . ."

ကိုကိုတစ်ယောက်တည်း ရယ်နေရတာ ကြောင်နေမည်စိုး





သဖြင့် ကျွန်တော်ပါလိုက်ရယ်ပေးနေရသော်လည်း မရယ်ချင်တော့သဖြင့် ကျွန်တော် အရယ်ရပ်လိုက်၏။ ကိုကိုလည်း သူတစ်ယောက်တည်းသာရယ်နေသည့်အဖြစ်ကို ရိပ်မိသွားပြီး အရယ်ရပ်လိုက်သည်။

"ဖော်ဖော် . . မင်း ကိုကို့ကွယ်ရာမှာ အရက်သောက်သလား . ."

မြတ်စွာဘုရား . . ကိုကိုက ကျွန်တော့်ဘက်လှည့်လာတော့သည်။

"မသောက်ပါဘူး ကိုကို . . ကျွန်တော်က အနံ့မှခံလို့မရတာ ကိုကိုလည်း သိသားနဲ့ . ."

"ဟော့ကောင် လုပ်မနေနဲ့ . . မင်းအကြောင်းငါသိတယ် . . မင်းက ငါ့လိုကောင်မဟုတ်ဘူး . . ဗရုတ်သုက္ခကောင် . . မင်း ဆယ်တန်းအောင်တုန်း ပျော်လို့ဆိုပြီး မင်းသူငယ်ချင်းတွေနဲ့ အရက်သောက်ကြတော့ အရက်နံ့မခံနိုင်လို့ဆိုပြီး မင်းနှာခေါင်းပိတ်ပြီး မျိုချတယ်ဆို . . မင်း အခုလည်း သောက်တတ်နေတယ် မဟုတ်လား"

"ဒုက္ခပါပဲ ကိုကိုရာ . . အခုလည်း ကျွန်တော် မသောက်ပါဘူး . ."

"အေး . . ကောင်းတယ် မသောက်နဲ့ . . မင်း သောက်တာ ငါကြားလို့ကတော့ ဟောဒါ ဘာလဲ"

"စိန်လက်စွပ်ပါ ကိုကို . ."

"ဟော့ကောင် . . လက်စွပ်ကိုပြတာမဟုတ်ဘူး . . လက်သီးကို ပြတာ . . မြင်လား . . အေး . . မင်းပြောသလိုဆို . . စိန်လက်စွပ် စွပ်ထားတဲ့ စိန်လက်သီးပေါ့ကွာ . . အေး . . ကောင်းကောင်းသတိထားနေ . ."

ကျွန်တော် ခေါင်းညိတ်ပြီး ကိုကိုမမြင်အောင် တစ်ဖက်လှည့်၍ ပြုံးလိုက်မိသည်။ ကိုကိုသည် လူလားမြောက်သည့်အပြင် သွန်



www.burmeseclassic.com

တောင်လွန်နေပြီဖြစ်သည့် ကျွန်တော့်ကို ယခုအချိန်ထိ ဆုံးမနေတုန်းပဲ ဖြစ်ပါသည်။

"ကိုကို့ စီမံကိန်းက ကောင်းပါတယ် . . ဒါပေမယ့် သူများတွေထက် လက်ဦးဖို့တော့ လိုတယ်နော် ကိုကို . ."

ကိုကိုက ခေါင်းညိတ်၏။ ကျွန်တော် ဆက်ပြောလိုက်သည်။

"တစ်ခုတော့ အရေးကြီးတယ် ကိုကို . . ဒီကိစ္စက ငွေလုံးငွေရင်းအတော်များများနဲ့ လုပ်ရမယ့် သဘောဖြစ်နေတယ် . . စက်ယန္တရားလည်း လိုလိမ့်မယ် . ."

"ဒီလောက်တော့ မလိုဘူးကွ ဇော်ဇော် . . ကုမ္ပဏီရောက်ရင် ကိုကိုပြုစုထားတဲ့ ဖိုင်ရှိတယ် . . မင်း လေ့လာကြည့်စမ်း . . ကိုကို့ စက်ရုံထဲမှာပဲ ဒီကော်ဖီအေးအတွက်ဌာနတစ်ခုထပ်တိုးချဲ့မယ် . . ပြီးတော့ ကော်ဖီအေးကို ကုမ္ပဏီမှာပဲ ဇော်စပ်ထုတ်လုပ်မယ် . . ဘူးထဲသွတ်တာကိုတော့ ဘူးနဲ့ထုတ်တဲ့အချိုရည်ကုမ္ပဏီတစ်ခုခုမှာ သွားလုပ်မယ် . . ဘူးခနဲ့စရိတ်ကိုတော့ ပေးရမှာပေါ့ . ."

ကိုကိုမဆိုးပါ . . ကုမ္ပဏီကိစ္စအရပ်ရပ်တွင် ကိုကိုက ကျွန်တော့်ထက်ပိုမိုတော်ကြောင်း ကျွန်တော် ဝန်ခံပါသည်။ ပြီးတော့ စိတ်ကူးစိတ်သန်းတွေလည်း ကျွန်တော့်ထက် ကောင်းပါသည်။

"ဒါပေမယ့် ကုန်ပစ္စည်းဖြန့်ချိဖို့နဲ့ ကြော်ငြာဖို့ကိစ္စကတော့ ငွေအတော်သုံးရဦးမှာပဲ မဟုတ်လား ကိုကို . ."

ကိုကို သဏ်ပြင်းချလိုက်သည်ကို ကျွန်တော် သိလိုက်ပါသည်။

"ဖြန့်ချိဖို့ ကြော်ငြာဖို့ ကုန်ကြမ်းဝယ်ဖို့ ကုန်ပစ္စည်းထုတ်လုပ်ဖို့ ဘူးလုပ်ဖို့ အဲဒီဟာတွေအတွက် လိုအပ်တဲ့ငွေကြေးပါ ကိုကိုခန့်မှန်းတွက်ချက်ထားတယ် ဇော်ဇော် . . အဲဒီကုန်ကျငွေရဲ့ သုံးပုံတစ်ပုံလောက်ရရင်ပဲ ကိုကို ဒီစီမံကိန်းကို စနိုင်နေပြီ . . အခုတော့ ဦးမြင့်





လွင်က ဒီစီမံကိန်းကို လုံးဝစိတ်မဝင်စားဘူး ဖြစ်နေတယ် . . ကုမ္ပဏီမှာလည်း ငွေကသိပ်ကျပ်နေတယ် ဇော်ဇော် . . နောက်ပြီး ပေးစရာအကြွေးတွေလည်း အတော်များများရှိနေပါတယ် . ."

"ဒီကိစ္စကို ဖေဖေ၊ မေမေတို့ သိလား ကိုကို . ."

"သိတယ် . ."

ကျွန်တော် အံ့သြသွားပါသည်။ ကျွန်တော်တောင် မသိသည့်ကိစ္စကို ဖေဖေ၊ မေမေတို့က သိနေသည်။ ကိုကိုပင် ဖွင့်ပြောပြထားခြင်းဖြစ်နိုင်ပါသည်။ ကျွန်တော့်ကျတော့ ကိုကိုဘာကြောင့်ဖွင့်မပြောတာပါလိမ့်။

"ကိုကို . ."

"ဟေ . . ဘာလဲကွ . ."

"ဒီ အကြောင်းတွေကို ဘာလို့ ကျွန်တော့်ကို အရင်ဖွင့်မပြောတာလဲ . ."

ကိုကို ပြုံးပါသည်။

"မလိုလို့ပေါ့ ငါ့ညီရယ် . ."

"မလိုလို့ ဟုတ်လား . ."

"ဟုတ်တယ် . . ဖြစ်နိုင်ရင် မင်းလည်း စိတ်ညစ်ရမှာဆိုတော့ မပြောသင့်ဘူးလို့ထင်လို့မပြောခဲ့တာ . ."

ကျွန်တော်တို့ နှုတ်ဆိတ်သွားကြလေသည်။ ခဏကြာမှ . .

"ဦးမြင့်လွင်ကို ထပ်ဆွေးနွေးကြည့်ရင် ကောင်းမလား ကိုကို . . ကျွန်တော် ကြိုးစားကြည့်ရမလား . ."

"သိပ်မလွယ်ပါဘူးကွာ . . ကဲ . . တို့တွေ သွားကြရအောင်"

ကိုကိုက ပိုက်ဆံထုတ်ရှင်းပြီး ကျွန်တော်တို့နှစ်ယောက်ဆိုင်ထဲမှထွက်ခဲ့ကြသည်။ ကုမ္ပဏီရောက်သောအခါ ကိုကိုက ကျွန်တော့်လက်ထဲသို့ ဖိုင်တစ်ခုလာထည့်သည်။ ထိုဖိုင်မှာ ဦးမြင့်လွင် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပေးလိုက်သည့် ဖိုင်ပင်ဖြစ်နေသည်။ ကျွန်တော် စတင်ဖတ်ကြည့်လိုက်သည်။ နာရီဝက်လောက်ကြာသောအခါ ကျွန်တော်ဖိုင်ကိုပိတ်လိုက်ပြီး မျက်စိကိုမှိတ်ထားလိုက်သည်။

ကိုကို့စိတ်ကူးစိတ်သန်းတွေကို ကျွန်တော် ချီးကျူးလိုက်မိပါသည်။ ကိုကိုပြောသလိုပင် ဤလုပ်ငန်းသည် ဖြစ်နိုင်ဖွယ်ရာရှိသည့်လုပ်ငန်းဖြစ်ပါသည်။ သို့သော် ဤလုပ်ငန်းကို အကောင်အထည်ဖော်ဖို့ ငွေလိုနေလေသည်။ ကျွန်တော် မျက်စိကိုပြန်ဖွင့်လိုက်သည်။

ကိုကိုက စာရင်းဇယားများနှင့် အလုပ်ရှုပ်နေလေ၏။

"ဦးမြင့်လွင်အကြောင်း ကျွန်တော် သိချင်တယ် ကိုကို . ."

"ဦးမြင့်လွင်အကြောင်း ဟုတ်လား . ."

ကျွန်တော့် ရုတ်တရက်အမေးကြောင့် ကိုကိုက ကြောင်သွားပြီး ကျွန်တော့်ကို ပြန်မေးသဖြင့် ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။

"ဒီလူကြီးဟာ ကိုကို့ ကုမ္ပဏီကို ရှယ်ယာသုံးပုံတစ်ပုံထည့်ထားတယ် . . ပိုက်ဆံအရမ်းချမ်းသာတယ် . . ဒါပေမယ့် မိန်းမကိစ္စဝါသနာထုံတယ် . . အခု ယူထားတဲ့မိန်းမက လေးယောက်မြောက်မယားငယ် . . မယားလို့ နာမည်မတပ်ပဲ ယူထားတာတွေလည်း ရှိသေးတယ် . ."

"သူ့ အရက်ကို သောက်တတ်သလား . ."

"အေးကွ . . အရက်လည်း သိပ်ကြိုက်တယ် . ."

ကျွန်တော် ဆက်မမေးဖြစ်တော့ပါ။ အခန်းသည် ပြန်လည်တိတ်ဆိတ်သွား၏။ ဗီသိုဗင်၏ တေးသွားတစ်ပုဒ်ကို ကျွန်တော့်အနေနှင့် တီးခတ်ဖို့မခက်ခဲသော်လည်း ယခုလို ကုမ္ပဏီပြဿနာမျိုးကို ဖြေရှင်းပေးရန် ကျွန်တော်မတတ်နိုင်ဖြစ်နေလေသည်။

"အပြင်ရှယ်ယာဝင်တွေ ထပ်ခေါ်ရင်ရော ကိုကို . ."

"အင်း . . ကိုကိုအနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် နောက်ထပ်





ရှယ်ယာဝင်တွေ မလိုချင်ဘူး ဇော်ဇော် . . ရှိတဲ့ရှယ်ယာတစ်ယောက်တောင် ပြန်အမ်းနိုင်ရင် ပြန်အမ်းတယ် . . ဘာလုပ်မလဲကွ . . စီးပွားရေးလုပ်မှတော့ နိုင်သလောက်ကိုပဲ တစ်ယောက်တည်း ကိုယ့်သဘောနဲ့ကိုယ်လုပ်ချင်တယ် . . ရှုံးလည်းခံ မြတ်လည်းစံ . ."

အခန်းအပြင်ကို ကျွန်တော်လှမ်းကြည့်လိုက်သည်။ ကုမ္ပဏီဝန်ထမ်းတို့သည် ပုံမှန်အတိုင်းပင် အလုပ်လုပ်နေကြသည်။ ထိုအခိုက်မှာပင် ကုမ္ပဏီအကူစာရေးမောင်လတ်ကို သတိထားလိုက်မိသည်။ သူသည် စားပွဲတစ်လုံး၌ ငူငူငိုင်ငိုင်ထိုင်နေ၏။

"ကိုကို . ."

"ဘာလဲ ဇော်ဇော် . ."

"ဝန်ထမ်းတွေလစာသိပ်နည်းနေတယ် ကိုကို . . နည်းနည်းလောက်ဖြစ်ဖြစ် တိုးပေးရင်ကောင်းမလားလို့ . ."

ကိုကိုနှင့် ကျွန်တော် မျက်လုံးချင်း ဆိုင်မိသွားသည်။

"အရင်က မင်း ကိုကို့ကုမ္ပဏီလုပ်ငန်းတွေကို သိပ်စိတ်မဝင်စားဘူးနော် ဇော်ဇော် . . ကိုကိုခိုင်းရင်လည်း တာဝန်ကျေပွန်ရုံလုပ်ပေးတာများတယ် . . ဘာပဲဖြစ်ဖြစ် မင်းအခုလို ကုမ္ပဏီလုပ်ငန်းတွေကို စိတ်ဝင်စားလာတာ ကိုကို သဘောကျပါတယ် . . အင်း . . လစာပေးထားတာတွေ သိပ်ကိုနည်းနေတယ်ဆိုတာ ကိုကိုလည်း သိပါတယ် . . အဲဒီကိစ္စအတွက် ကိုကိုဖြေရှင်းပေးဖို့စဉ်းစားမိပေါင်းများပြီ . . ဒီတော့ ဒီလိုလုပ်ကွာ ဇော်ဇော် . . မင်း ငွေစာရင်းဌာနနဲ့ ညှိပြီး လစာကိစ္စကို ကြည့်လုပ်လိုက်စမ်းပါ . . အကြမ်းထွက်လာရင် ကိုကို့ကိုလာပြ . . ကဲ . . မင်းလည်း အားနေတာပဲ . . အဲဒါလေးကြည့်လုပ်လိုက် . ."

ကျွန်တော် မတ်တတ်ထရပ်၍ ကိုကို့အခန်းထဲမှ ထွက်ခါနီး ကိုကို့ အသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖော်ဖော် . ."

"ဘာလဲ ကိုကို . ."

"ထား အပေါ် မင်း ဘယ်လိုသဘောရသလဲ . ."

လာပြန်ပါပြီ . . ထားက ကျွန်တော့်ကို မေးခဲ့သော မေးခွန်းမျိုး၊ ထားကို ပြန်ဖြေသလိုပင် ပြန်ဖြေ၍တော့ မဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်တော် ဖြေလိုက်ပါသည်။

"ထားဟာ နိုင်ငံခြားမှာ ကြီးခဲ့ရတဲ့ မိန်းကလေးဆိုပေမယ့် . . မြန်မာပီသပါတယ် ကိုကို . . ယဉ်ကျေးတယ် . . ဘာသာတရားကို လိုက်စားတယ်. . သွက်လက်ချက်ချာတယ်. . ထက်မြက်ပါတယ်"

"ဟုတ်တယ်ကွ . . ဒါပေမယ့် မင်းအဖြေမှာ တစ်ခုကျန်ခဲ့တယ် . . အဲဒါကတော့ ထားသိပ်လှတယ်ကွ . . ကဲ ကဲ . . သွား. . အလုပ်သွားလုပ်တော့ . ."

ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ ကိုကို့အခန်းထဲမှ ထွက်ခဲ့၏။ ငွေစာရင်းဌာနတာဝန်ခံ မသင်းသင်းနှင့် စကားနည်းနည်းပြောကြည့်ပြီး ဝန်ထမ်းတို့၏ လစာစာရင်းကို ကျွန်တော် စတင်လေ့လာမိတော့သည်။ ထို စာရင်းတို့၌ အာရုံဝင်စားနေမိသဖြင့် ကျွန်တော့်စိတ်သည် ထား၌လည်းကောင်း၊ စန္ဒရား၌လည်းကောင်း ရှိမနေတော့ချေ။ ညနေစောင်း၌ မသင်းသင်း၏ အကူအညီဖြင့်ပင် လစာစာရင်းအသစ်အကြမ်းကို ရေးဆွဲလိုက်နိုင်တော့သည်။ ထို့နောက် ထိုလစာစာရင်းအကြမ်းကို ကိုကို လေ့လာနိုင်စေရန် ကိုကို့ထံသို့ သွားပို့ထားလိုက်သည်။

ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်သည် ရုံးဆင်းချိန်ထက် နာရီဝက်ခန့်စောဆင်းပြီး အိမ်သို့ပြန်လာခဲ့ကြသည်။ ထားသည် အတော်အသင့်နေကောင်းလျက်ရှိပြီး ထူထူထောင်ထောင်ပင် ဖြစ်နေသည်။ ကျွန်တော်တို့မရှိသဖြင့် ပျင်းနေပုံရသော ထားသည် ကျွန်



တော်တို့ ပြန်လာသဖြင့် ကျေနပ်သွားပုံရသည်။

အဖျားသွေးအနည်းငယ်ရှိနေသေးသော်လည်း သူမ၏ မျက်နှာက လန်းနေပါသည်။ သူမ၏ လက်ထဲတွင် ဂါထာပရိတ်တော်စာအုပ်တစ်အုပ်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဆယ့်တစ်နာရီတိတိတွင် ကျွန်တော့်လက်ကိုင်ဖုန်းသည် ခုတင်ဘေးရှိ စားပွဲပေါ်မှ အသံထမြည်လေတော့သည်။ အိပ်ရာဝင်တော့မည့် ကျွန်တော်သည် စိတ်ရှုပ်ထွေးစွာဖြင့်ပင် လက်ကိုင်ဖုန်းကို ဖွင့်လိုက်သည်။

"ကိုဇော်ဇော် . . ထားပါ . ."

ကျွန်တော် မျက်စိနည်းနည်းကျယ်လာပါသည်။ သည်နေ့ညစာကို ကျွန်တော်တို့မိသားစုသက်သက်သာ ပြီးလိုက်ကြသည်။ ထားကတော့ သူ့အခန်းထဲမှာပင် အိုတာတင်းနှင့် ဘီစကွတ်မုန့်တွေ ယူစားသည်။ ထမင်းစားပြီးသော် ကျွန်တော် ထားကို ဝင်၍နှုတ်ဆက်ပြီး ကျွန်တော့် တစ်ထပ်တိုက်ကလေးသို့ ပြန်လာမိသော်လည်း ကိုကိုကတော့ စကားဆက်လက်ပြောပြီး ထားအခန်း၌ ကျန်ရစ်ခဲ့ပါသည်။ ယခု ထားသည် ဘာစိတ်ကူးရသည်မသိ။ ကျွန်တော့်ထံသို့ ညဥ့်နက်မှပင် ဖုန်းဆက်လေတော့သည်။

"ဟုတ်ကဲ့ ထား မအိပ်သေးဘူးလား . . ညဥ့်တောင် အတော်နက်နေပြီ . ."



"ထား မျက်စိကျယ်နေလို့ . . ဒါနဲ့ ဒီနေ့ ကုမ္ပဏီမှာ အလုပ်တွေများလား . ."

"များလှတယ်လို့တော့ မဟုတ်ပါဘူး . . ပုံမှန်ပါပဲ . ."

"မနက်ဖြန်ဆို . . ယဉ်ကျေးမှုတက္ကသိုလ်သွားမယ် . . ပြီးရင် တိရစ္ဆာန်ဥယျာဉ်သွားကြမယ် . ."

"ဟာ . . ထားက အဖျားတောင် ပျောက်သေးတာ မဟုတ်ဘဲ . . ဖြစ်ပါ့မလား . ."

"ဟင်း ဟင်း . . ထား အဖျားမရှိတော့ပါဘူး ကိုဇော်ဇော်ရဲ့ . . ဒါဖြင့် ဒီလိုလုပ် တိရစ္ဆာန်ဥယျာဉ်ပဲ သွားကြမယ် . . အပျင်းလည်းပြေ၊ အပန်းလည်း ဖြေပေါ့ ဘယ့်နှယ်လဲ . ."

"အဲဒီ့ကိစ္စက ကိုကိုနဲ့တိုင်ပင်ပြီးမှ ပြောလို့ရမှာ ထားရဲ့ . ."

ထား အသံတိတ်သွားပါသည်။ ပြီးမှ ခပ်ဖျော့ဖျော့လေသံဖြင့် ပြော၏။

"ဘာကိစ္စမဆို အစ်ကိုကြီးရဲ့ သဘောတူခွင့်ပြုချက်လိုတာပဲလား ဟင် . ."

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ထား အသံက ဆက်၍ ထွက်လာ၏။

"ထား . . ဒီနေ့ နေ့လယ်က ဖေဖေ၊ မေမေတို့ဆီ ဖုန်းဆက်လိုက်တယ် ကိုဇော်ဇော် . . ပြီးတော့ ဟိုကိစ္စကိုလည်း ပြောပြလိုက်တယ် . . စကားတွေ ပြောဖြစ်တာ အကြာကြီးပဲ . ."

"ထား ဖုန်းဆက်တဲ့အချိန်မှာ ကျွန်တော့် အဖေနဲ့အမေရှိလား . ."

"သူတို့ ထားအနားမှာမရှိကြဘူး ကိုဇော်ဇော်ရဲ့ . . အင်း . . တမင်ရှောင်ပေးကြတာလည်း ဖြစ်နိုင်ပါတယ် . . အင်း . . ထား ဖုန်းဆက်တဲ့အကြောင်းကို ဆက်ပြောရဦးမယ် . . ဖေဖေက ထား



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံပြောပြလိုက်တော့ အံ့ဩသွားတယ် သိလား . . ထားရဲ့ စိတ်ကိုလည်း ဖေဖေက နားလည်တော့ ဘာပြောတယ်မှတ်သလဲ . . စိတ်အေးအေးနေ သမီးတဲ့ . . အဆင်ပြေစေရမယ်တဲ့ . . ဟင်း ဟင်း . . ”

ကျွန်တော့် ရင်ထဲတွင် အမည်မသိဝေဒနာတစ်ခုကို ခံစားလိုက်ရလေသည်။ အကယ်၍ ထားပြောသည့်အတိုင်းပင် ကျွန်တော့် မိဘများနှင့် ထား၏မိဘဆွေးနွေးညှိနှိုင်း၍ အဆင်ပြေခဲ့သည်ရှိသော် ကျွန်တော့်ရင်တွင် ချမ်းမြေ့လာလေသည်။ ကျွန်တော်သည် အလွန်တိုတောင်းသောအချိန်ကလေးအတွင်းမှာပင် ထားကို မြတ်နိုးစွာချစ်မိသွားလေပြီ . .။

“ကိုဇော်ဇော် . . ”

“ဟင် . . ထား . . ”

“မနက်ဖြန် တိရစ္ဆာန်ဥယျာဉ်သွားမယ်နော် . . အဲဒီ့ကျမှ ထားတို့ စကားတွေ တဝကြီးပြောကြမယ်နော် . . ဂွတ်နိုက် ကိုဇော်ဇော် . . ”

ထား တယ်လီဖုန်းချသွားလေသည်။ ကျွန်တော့် အခန်းလေးထဲတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းက ကြီးစိုးလာလေသည်။ ကျွန်တော် တယ်လီဖုန်းကို ပိတ်လိုက်ပြီး ခုတင်ပေါ်မှာ ပက်လက်လှဲနေလိုက်၏။ ထိုအခါ ကျွန်တော့်အတွေးထဲသို့ ကိုကိုရောက်လာတော့သည်။ ထား၏ သဘောထားကို ကိုကိုသိလျှင် မည်သို့နေမည်နည်း။ ထို့အပြင် ဖေဖေ မေမေတို့လည်း မည်သို့နေမည်နည်း။

ထားကို ချစ်မိနေပြီဖြစ်သော ကိုကို မည်သို့ခံစားရလေမည်နည်း။ စောစောက အိပ်ချင်နေသော်လည်း ယခုတော့ ကျွန်တော့်တွင် အိပ်ချင်စိတ်မရှိတော့ပြီ။ [illegible]တွေနှင့် ယောက်ယက်ခတ်နေသော ကျွန်တော်သည် ခဏအကြာတွင် အိပ်ခန်းအတွင်းမှ ထွက်ခဲ့





သည်။ အိမ်ရှေ့ခန်းရောက်သောအခါ စန္ဒရားတီးချင်လာသဖြင့် စန္ဒရားအဖုံးကို ဖွင့်လိုက်မိသည်။

ကျွန်တော့်လက်ချောင်းတို့သည် စန္ဒရားခလုတ်တွေကို ပွတ်သပ်လျက်ရှိရာမှ လက်ချောင်းတွေသည် သံစဉ်အနိမ့်အမြင့်၌မျောပါသွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လယ်စာအမီတော့ ကိုကိုဆီပြန်လာခဲ့ . . ထား . . အစ်ကိုနေ့လယ်စား ကျွေးဖို့စောင့်နေမယ် . . ”

ကိုကိုသည် ထားကို ထားခဲ့ပြီး အိမ်ကြီးဆီသို့ ပြန်ထွက်သွားသည်။

“ဒီနေ့တော့ ဘာစားကြည့်ရင် ကောင်းမလဲ ကိုဇော်ဇော်”

“အမှန်ကတော့ ထား ဘီစကွတ်ပဲ ဆက်စားသင့်တယ် . . ဘာဖြစ်လို့လဲဆိုတော့ အဖျားပျောက်ကာစ မဟုတ်လား”

“တော်ပါ . . မနေ့က တစ်နေ့လုံး ဘီစကွတ်ပဲ စားနေရတာ ငြီးငွေ့နေပြီ . . နေလည်း ကောင်းသွားပြီဆိုတော့ . . ”

ထားသည် အနည်းငယ် စဉ်းစားလိုက်ပြီး . .

“အင်း . . တကယ်စားချင်တာကတော့ ရှောက်သီးသုပ်ပဲ”

ဗုဒ္ဓေါ။ အဖျားကဖြင့် ပျောက်တာမကြာသေးဘူး . . အင်းလေ . . မိန်းကလေးဆိုတော့ သည်လောက်တော့ရှိမှာပဲ . . . ။

“လုပ်မနေနဲ့ ထား . . ရှောက်သီးသုပ်ကို နောက်နေ့မှစား . . ဒီနေ့တော့ မုန့်ဟင်းခါးပဲ စားရမယ် . . ”

“အင်း . . ကောင်းတယ် . . ထားလည်း မုန့်ဟင်းခါးပဲ စားတော့မယ် . . ”

ကျွန်တော်တို့နှစ်ယောက် အိမ်မှကားဖြင့် ထွက်ခဲ့ကြသည်။ ဟိုတစ်နေ့က ထားနှင့် ကျွန်တော် စားခဲ့ဖူးသော လမ်းဘေးကဆိုင်သို့ပင် သွား၍ မုန့်ဟင်းခါးကို စားကြသည်။ အရသာရှိသော မုန့်ဟင်းခါးကြောင့် ထားက နှစ်လိုဖွယ်ရာပင် ပြုံးပြ၍ ပြောသည်။

“ကောင်းတယ်နော် . . အင်း . . မြန်မာတွေ ကံကောင်းပါတယ်နော် . . မုန့်ဟင်းခါးလို အစားအစာမျိုးတွေ စားနိုင်ကြလို့လေ . . ဟိုမှာဆို မုန့်ဟင်းခါးတစ်ခါစားရဖို့ မလွယ်ဘူး . . ကိုယ်ဘာသာကိုယ် ချက်စားဖို့လည်း ဒီမှာလောက် စားမကောင်းဘူးလေ . . ”





(၆)

**ထား** သည် ကိုကိုနှင့်အတူ ကျွန်တော့် တိုက်ပုလေးသို့ နံနက် (၆)နာရီခွဲတွင် ရောက်ချလာသည်။ သူတို့ရောက်လာ ချိန်၌ ကျွန်တော်က အိပ်ပျော်နေဆဲပင်ဖြစ်သည်။ ထုံးစံအတိုင်းပါပဲ ကိုကိုက ကျွန်တော့်အိပ်ခန်းထဲဝင်ရောက်နိုးနေကြမို့ ယခုလည်း ကိုကို ကျွန်တော့်အိပ်ခန်းထဲရောက်လာပြီး ကျွန်တော့်ကို နိုးလေတော့သည်။

“ဟေ့ကောင် . . ဇော်ဇော် အိပ်လှချည်လား . . ဟာ . . ကောင် ဘယ်လိုအိပ်နေတာလဲ . . ”

ကျွန်တော့် တင်ပါးအထိ လန်တက်နေသော ပုဆိုးကို ကိုကို ဆွဲချပေးရင်း ကျွန်တော့်ပခုံးကို လက်ဖဝါးနှင့် ပုတ်၍ နိုးလေသည်။ အိပ်မှုန်စုံမွှားနှင့် ကျွန်တော်လည်း လူးလဲထပြီး သွားတိုက် မျက်နှာ သစ်သွားလုပ်ရ၏။ ကျွန်တော် ကိစ္စဝိစ္စပြီး၍ အိမ်ရှေ့ခန်းသို့ရောက် သွားသောအခါ ထားက ကျွန်တော့်ကို ပြုံးပြလေသည်။ သူမသည် ဖြီးလိမ်းပြင်ဆင်ထားပြီး အပြင်သွားဖို့ အဆင်သင့်ဖြစ်နေလေ၏။

“ထားတို့ တိရစ္ဆာန်ရုံ သွားမယ် ကိုဇော်ဇော် . . ”

“ဇော်ဇော် . . အဲဒါ မင်း ထားကို လိုက်ပို့ပေးလိုက် . . မေ



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နိုင်ငံ ကိုယ့်အစားအစာဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ ထားရယ် . ."

မုန့်ဟင်းခါးစားပြီးသော် တိရစ္ဆာန်ဥယျာဉ်သွားရန် စောသေးသဖြင့် လက်ဖက်ရည်ဆိုင်သို့ ထပ်ကူးခဲ့ကြသည်။ ထားတွင် အဖျား၏ လက္ခဏာအကြွင်းအကျန်ကိုမျှ မတွေ့ရပါ။ ကျောလယ်အထိရှည်သော ဆံပင်ကို ဆံထုံး ခပ်ပါးပါးထုံးထားသဖြင့် ကျော့ရှင်းလှပသော လည်တိုင်က ဝိုဝိုသသပေါ်နေသည်။ နှုတ်ခမ်းဖူးဖူးကလေး၌ နှင်းဆီသွေးဖျော့ဖျော့အရောင် ဆိုးဆေးတင်ထားသည်။

လက်ဖက်ရည်ပန်းကန်ကို ကိုင်ထားသော လက်၌ အကြောစိမ်းကလေးများ ပေါ်နေလေ၏။

"ညက ကိုဇော်ဇော်ကို ပြောတဲ့ကိစ္စဆက်ပြောရဦးမယ် . . ဖေဖေကလေ တစ်ဦးတည်းသော သမီးမို့လားမသိဘူး . . ထားကို သိပ်ချစ်တာ . . မေမေနဲ့ဆို ခဏခဏ ထားကြောင့် စကားများကြတယ် . . မေမေကတော့ ထားကိုချစ်တယ်ဆိုပေမယ့် ဖေဖေ့လောက် အလိုမလိုက်ဘူး . . ထားက အကျိုးအကြောင်းလည်း ပြောပြလိုက်ရော . . ဖေဖေက ရယ်တယ်သိလား . . ပြီးတော့ ဘာပြောတယ်မှတ်သလဲ . . တော်သေးတာပေါ့ သမီးရယ်တဲ့ . . ညီအစ်ကိုနှစ်ယောက်စလုံးကို တစ်ယောက်မှမကြိုက်ဘူးတို့ . . နှစ်ယောက်စလုံးကို ကြိုက်တယ်တို့ မပြောလို့တဲ့ . . ဟင်း ဟင်း . . ဖေဖေက အဖေဆိုပေမယ့် ထားနဲ့ သူငယ်ချင်းလိုပေါင်းတာ ကိုဇော်ဇော်ရဲ့ . . ဟင်း ဟင်း . ."

ကျွန်တော် ပြုံးလိုက်မိသည်။ လွတ်လပ်ပွင့်လင်းသော ထားဖခင်၏စကားကြောင့်ပင် ဖြစ်ပါသည်။ ထားတွင် မနေ့က နေမကောင်းဖြစ်ခဲ့သော လက္ခဏာကို အရိပ်အယောင်ပင် မတွေ့ရဘဲ လတ်ဆတ်ရွှင်ပျနေမှုများကိုသာ တွေ့ရပါသည်။ ကျွန်တော့်ထံသို့ ထား၏ ရွှင်ပျမှုများလည်း ကူးစက်ရောက်ရှိလာပါသည်။





"ကဲ . . ကျွန်တော်တို့ သွားကြရအောင် ထား . . နေ့လယ်စာထမင်းကို မီဖို့ အချိန်မီပြန်ရဦးမယ် . ."

လက်ဖက်ရည်ဆိုင်မှအထွက် ကားပေါ်အရောက်တွင် ကိုကို့ဆီသို့ ကျွန်တော် ဖုန်းဆက်လိုက်မိသည်။

"ကိုကို . ."

"ဇော်ဇော်လား . . ပြော . . အခု မင်းတို့ ဘယ်ကဆက်နေတာလဲ . ."

"လက်ဖက်ရည်ဆိုင်က ထွက်ပြီး လမ်းပေါ်ကဆက်နေတာ . . ကိုကို့ကို ကျွန်တော် တစ်ခုပြောချင်လို့ ကိုကို . . မောင်လတ်ကို ကျွန်တော် ခိုင်းစရာလေးတစ်ခုရှိလို့ သုံးလေးရက်လောက် သူ့ကို ခွင့်ပေးထားပါ ကိုကို . ."

"ဟေ . . မင်း ဘာတွေခိုင်းမလို့လဲ . . ကိုကို့လည်း ပြောဦးလေ . ."

"အခုတော့ ပြောလို့မဖြစ်သေးဘူး ကိုကို . . ကိစ္စကတော့ ကျွန်တော့်ကိုယ်ရေးကိုယ်တာအတွက် ခေါ်ခိုင်းချင်လို့ပါ . ."

ကိုကို့အသံ ခဏတိတ်သွားပါသည်။ ခဏကြာမှ . .

"ဝန်ထမ်းတစ်ယောက်ကို ကုမ္ပဏီကိစ္စမဟုတ်ဘဲ . . ကိုယ်ရေးကိုယ်တာ ခိုင်းမယ်ဆိုရင် အဓိပ္ပါယ်မရှိဘူးကွ . ."

ကျွန်တော် စိတ်တိုသွားမိသော်လည်း ကိုကို့ကို ပြေပြေလည်လည်ပင် ပြန်ရှင်းပြမိလေသည်။

"ကိုကို့ကို ပြည့်ပြည့်စုံစုံ မရှင်းပြနိုင်သေးမှာမို့ ခပ်လွယ်လွယ်ပဲ ကိုယ်ရေးကိုယ်တာလို့ ပြောလိုက်တာပါ . . အဓိကကတော့ ကုမ္ပဏီကိစ္စအတွက်ပါပဲ ကိုကို . ."

"မင်းဥစ္စာ တယ်ရှုပ်တာကိုး . . အေး . . ကောင်းပြီလေ . . မောင်လတ်ကို သုံးလေးရက်ခွင့်ပေးမယ် ဟုတ်လား . . နေ့လယ်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားအမီတော့ ထားကို ပြန်ခေါ်လာကွာ ဖော်ဖော် ဟုတ်ပြီလား . ."

"ဟုတ်ကဲ့ . . ထားနဲ့ စကားပြောဦးမလား . ."

"မပြောတော့ပါဘူးကွာ . . အခု အလုပ်တွေ နည်းနည်းများနေတယ် . ."

ကိုကို့ဆီက ဖုန်းချသွားသောအခါ ထားက ကျွန်တော့်ကို စူးစမ်းသလို မေး၏။

"ကိုဖော်ဖော့်မှာလည်း အလုပ်တွေများမှာပဲနော် . ."

"ဒီလောက်တော့ မဟုတ်ပါဘူး . . ကျွန်တော်က ကိုကို့အတွက် ကူညီပေးရုံတင်ပါ . ."

ထားသည် ဘာမှဆက်မပြောတော့ဘဲ ကျွန်တော့်ကို စူးစူးစိုက်စိုက်တစ်ချက်ကြည့်လေသည်။ ကျွန်တော်တို့နှစ်ဦး တိရစ္ဆာန်ဥယျာဉ်သို့ရောက်သောအခါ မိုးမှုန်ကလေးတွေ ကျလာ၏။ ထို့နောက် ကားကိုအဆင်ပြေသော တစ်နေရာတွင် ရပ်၍ ကျွန်တော်တို့နှစ်ယောက် ကားပေါ်မှဆင်းလိုက်ကြ၏။ ထားက ခေါက်ထီးသေးသေးကလေးကိုဖွင့်၍ ကျွန်တော့်ကို ထီးလာမိုးပေးသည်။ ထား ထက်ကျွန်တော်က ပို၍အရပ်မြင့်သဖြင့် ထီးလက်ကိုင်ကို ကျွန်တော်ကပင်ကိုင်လိုက်ရာ ထား၏လက်နှင့် မတော်တဆ ထိမိလေသည်။ ကျွန်တော် ရင်ခုန်မိပါသည်။ ထားနှင့်တစ်ချက်တစ်ချက်တွင် ပခုံးချင်းလည်း ထိမိလေသည်။ သင်းပျံ့သော ထား၏ ကိုယ်သင်းရနံ့ကလည်း ကျွန်တော့်ရင်ခုန်သံကို မြန်စေပါသည်။

မိုးသည် ပို၍သည်းလာ၏။ ထားနှင့် ကျွန်တော်သည် ထီးကလေးထဲတွင် ခေါင်းချင်းပင် ထိမတတ်ဖြစ်နေ၏။

"ဒုက္ခပဲ ထား . . ထားက နေမကောင်းထားတာဆိုတော့ ပြန်ဖျားမှာစိုးရတယ် . . ထားတစ်ယောက်တည်းပဲ ထီးဆောင်းတော့





. . ကျွန်တော် အစိုခံလိုက်မယ် . ."

"အို . . ဘယ်ဖြစ်မှာလဲ . . ကိုဖော်ဖော် နေမကောင်းဖြစ်မှာပေါ့ . . အဓိက ကတော့ ခေါင်းမစိုဖို့ပဲ မဟုတ်လား . ."

"ဒါဖြင့် ဒီလိုလုပ် . . ဟောဟိုက အမိုးအောက်မှာ ကျွန်တော်တို့ ခဏသွားထိုင်မယ် . . မိုး နည်းနည်းစဲမှ လျှောက်ကြည့်ကြတာပေါ့"

ကျွန်တော်တို့ရှေ့မှာ မျောက်ရုံရှိသည်။ မျောက်တို့သည် မိုးရွာနေသော်လည်း အငြိမ်မနေကြချေ။ တိရစ္ဆာန်ဥယျာဉ်အတွင်းဝယ် သစ်ပင်ပန်းမန်တို့သည် စိမ်းစိုလတ်ဆတ်လျက်ရှိသည်။ ထားနှင့် ကျွန်တော်သည် အမိုးတစ်ခုတွင် ယှဉ်တွဲ၍ ရပ်နေမိကြသည်။

"ကိုဖော်ဖော် . ."

"ဟင် . . ဘာလဲ ထား . ."

"ထား ပြန်ရဖို့ သိပ်မလိုတော့ဘူးနော် . . ဟိုရောက်တာနဲ့ ထား မြန်မာပြည်ကို လွမ်းနေတော့မှာ . ."

"ကျွန်တော်တို့လည်း ထားကို လွမ်းနေမှာပါ ထားရယ် . ."

စန္ဒရားခုံတွင်ထိုင်၍ စန္ဒရားတီးသည့်အခါတိုင်း ထားကို ကျွန်တော် လွမ်းမိပေလိမ့်မည်။

"ဟိုရောက်ပြီး သိပ်မကြာခင်မှာ ထား ဒီကို ထပ်လာခဲ့ပါ့မယ် . ."

ကျွန်တော် ထားကို ငေးကြည့်လိုက်၏။ စိုစွတ်သော မျက်ဝန်းတို့ဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေသော ထားသည် ကျွန်တော့်ကို ပြုံးသည်ဆိုရုံလေး ပြုံးပြလေသည်။ လေထဲ၌ ပျံဝဲလာသော မိုးစက်မိုးမှုန်တို့သည် ထား၏ ဆံကေသာ၌ ငြိတွယ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို တို့ ထမင်းသွားစားကြတော့မယ် . . မင်း လိုက်မလား ဖော်ဖော် . . ”

ကိုကိုက ထား၏ဘေးမှာရပ်ပြီး ကျွန်တော့်ကို စိတ်လိုလက်ရပင် ထမင်းလိုက်စားဖို့ ဖိတ်နေလေသည်။ ကျွန်တော် ငြင်းလိုက်မိ၏။

“ကျွန်တော် လုပ်စရာအလုပ်လေးတွေ ဆက်လုပ်လိုက်ဦးမယ် . . ”

ကိုကိုတို့မှစ်ဦး အပြင်ထွက်သွားကြသောအခါမှ ကျွန်တော်လည်း မောင်လတ်ကို လှမ်းခေါ်လိုက်ပြီး စကားစပြောရသည်။ မောင်လတ်သည် အသက်ငယ်ပြီး တက်ကြွရွှင်လန်းသော လူငယ်တစ်ယောက်ပင် ဖြစ်၏။

“မောင်လတ်ကို အစ်ကိုခိုင်းစရာတစ်ခုရှိလို့ကွ . . ခဏထိုင်ဦး . . ”

မောင်လတ်သည် ကျွန်တော်ရှေ့က ခုံမှာဝင်ထိုင်ပြီး ကျွန်တော့်ကို မရဲတရဲကြည့်လေသည်။

“အခုအချိန်ကစပြီး မင်းကို ခွင့်သုံးရက် အစ်ကိုတောင်းပေးထားတယ် . . နောက်သုံးရက်ကို မင်းရုံးမတက်နဲ့ . . လုပ်ရမယ့်အ





လုပ်ကတော့ လူတစ်ယောက်နောက်ကို လိုက်ပေးနေဖို့ပဲ . . သူ ဘယ်သွားတယ် . . ဘယ်သူနဲ့တွေ့တယ်၊ ဘာတွေလုပ်တယ်ဆိုတာ လိုက်ကြည့်ပေးရုံပဲ . . ထူးခြားတာရှိတာနဲ့ မင်း အစ်ကို့ဆီကို ချက်ခြင်းဖုန်းဆက်။ တစ်ခုရှိတာက ဒီကိစ္စကို မင်းနဲ့အစ်ကိုကလွဲရင် ဘယ်သူမှ မသိစေနဲ့ . . ရော့ . . ဒီကိစ္စအတွက် မင်းမှာ ခရီးစရိတ်လိုမယ် . . အသေးသုံးစရိတ်တွေလိုမယ် . . ပိုက်ဆံနည်းနည်းယူထား . . ”

ကျွန်တော့် အိတ်ထဲမှ ပိုက်ဆံတစ်ထပ်ကို ဆွဲထုတ်၍ သူ့ရှေ့ချပေးလိုက်၏။ မောင်လတ်သည် ပိုက်ဆံကို ကောက်ယူ၍ ရေတွက်ကြည့်ပြီး သူ့အိတ်ထဲသို့ ထည့်၏။ ကျွန်တော် ဆက်ပြောလိုက်သည်။

“အဲဒီလူနာမည်က ဦးမြင့်လွင်တဲ့ . . လိပ်စာက . . ”

ကျွန်တော် ပြောပြသောလိပ်စာကို မောင်လတ်က သေသေချာချာမှတ်နေသည်။ ယခုလက်ရှိ အခြေအနေနှင့် ပတ်သက်၍ ကျွန်တော်ရှေ့မှ မောင်လတ်ထွက်သွားသည့်အခါ ဆက်လက်တွေးတောနေမိလေသည်။ ကုမ္ပဏီ၏ အသက်ဆက်ရှင်သန်ရေး၊ စီမံကိန်းအသစ်ဖြစ်မြောက်ရေးတို့အတွက် ဦးမြင့်လွင်ထံမှ ရနိုင်မည့် ငွေကြေးသည် အလွန်ပင်အရေးကြီးနေလေ၏။

ဦးမြင့်လွင်သည် ကိုကို့ပြောစကားအရကို လည်းကောင်း၊ ကျွန်တော့်ကိုယ်တွေ့အရ လည်းကောင်း၊ ခေါင်းအလွန်မာသည့် လူစားမျိုးဖြစ်လေသည်။ ငွေကြေးချမ်းသာသော်လည်း ကိုကို့လုပ်ငန်းသို့ ငွေကြေးတစ်စုံတစ်ရာထပ်မံ မထည့်တော့ဘဲ ကုမ္ပဏီ၏ ကျဆုံးမှုကို စောင့်ကြည့်နေသူလည်း ဖြစ်၏။ ဦးမြင့်လွင်၏ ကိုယ်ရေးကိုယ်တာ လှုပ်ရှားမှုတို့ကို ကျွန်တော် နောက်ယောင်ခံခိုင်းလိုက်ခြင်းမှာ အဓိပ္ပါယ်ရှိမှ ရှိပါ့မလား . . ။ သူ့အမူအကျင့်တို့ကို ကျွန်တော် သိရှိလျှင်ရော မည်သို့ထူးခြားလာလေမည်နည်း။ ကျောက်ခဲကို ဆီညှစ်သလိုပင် ဖြစ်လာလေမည်လော။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ကျွန်တော်ကြိုတင်၍ စဉ်းစားထားပါသည်။ ဦးမြင့်လွင်အပေါ် နောက်ယောင်ခံလိုက်၍ သိဖို့ကြိုးစားခြင်းသည် ကျွန်တော်တို့ ကုမ္ပဏီရှယ်ယာဝင်တစ်ဦး၏ အကြောင်းကိုသိရန် ကြိုးစားခြင်းပင် ဖြစ်ပါသည်။ ယခုလုပ်ရပ်မှာ အကျိုးရှိမည် မရှိမည်မသိရသော်လည်း အကျိုးတော့ ယုတ်ဖွယ်ရာမမြင်ပါ။

ကုမ္ပဏီအကြောင်း စဉ်းစားရင်းနှင့် ဆာလာသောကြောင့် ထမင်းကြော် တစ်ပွဲဝယ်ခိုင်းလိုက်ပြီး ရုံးခန်းထဲ၌ပင် ထမင်းကြော် စားလိုက်မိ၏။ ထိုအခိုက်မှာပင် ကိုကို့ထံမှ တယ်လီဖုန်းလာလေတော့သည်။

"ဇော်ဇော်လား . . ကိုကိုပါကွ . . အခုလေးတင် ကိုကို့ဆီကို စာရင်းအဖွဲ့ကဖုန်းဆက်တယ် . . ဒီနှစ်အတွက် နှစ်ချုပ်စာရင်းဆွဲဖို့ ပြင်ဆင်ထားချင်လို့တဲ့ . . ဒီတော့ မင်းအားတယ်မဟုတ်လား . . အိမ်ကိုပြန်ပြီး ကိုကို့ ကွန်ပျူတာပေါ်မှာ တင်ထားတဲ့ စီဒီကိုသွားယူလိုက် . . ဖိုင်နယ် (Account) လို့ စီဒီပေါ်မှာရေးထားတယ် . . အဲဒါယူသွားပြီး စာရင်းစစ်အဖွဲ့က ဒေါ်အေးအေးချိုကို သွားပေးလိုက် . . ဟုတ်ပြီလား . ."

"ဟုတ်ကဲ့ ကိုကို . . အခု ကျွန်တော် ထမင်းစားပြီးတာနဲ့ သွားယူပေးလိုက်မယ် . . ဒေါ်အေးအေးချိုရဲ့ အောဒစ်အခန်းက အရင်နေရာမှာပဲ မဟုတ်လား . ."

"အေးကွ . . ဒါပဲနော် . ."

ကိုကိုက တယ်လီဖုန်းချသွားသည်။ ကျွန်တော် ထမင်းကြော်ကို လက်စသတ်လိုက်၏။ ပြီးတော့ အိမ်သို့ ကားမောင်း၍ထွက်ခဲ့သည်။ နံနက်က မိုးရွာသော်လည်း နေ့လယ်တွင် မိုးမရွာတော့ဘဲ နေပျပျမျှ သာနေသည်။ ကျွန်တော်တို့ လမ်းထိပ်နားအရောက်တွင် ယာဉ်ကြောပိတ်နေသည်နှင့် ကြုံပါသည်။ လမ်းဘေးမှာရှိသော





ကုက္ကိုလ်ပင်ကြီးတစ်ပင်က ကားလမ်းပေါ်သို့ လဲကျနေပြီး လမ်း၏ ဘစ်ဖက်ခြမ်းနေရာလွတ်ကလေးမှသာ ကားတွေလု၍သွားနေကြသဖြင့် ကျွန်တော်လည်း ကားကို လမ်းဘေးသို့ ချ၍ရပ်လိုက်သည်။ သည်နေရာမှနေ၍ ကျွန်တော်တို့အိမ်သို့ ရောက်ရန် လမ်းမီးတိုင်နှစ်တိုင်မျှသာ လမ်းလျှောက်ရပေလိမ့်မည်။ ကားတွေကလည်း တရွေ့ရွေ့သာ သွားနေ၏။

ထို့ကြောင့် ကျွန်တော်လည်း ပွင့်နေသော တံခါးမှအိမ်ထဲသို့ လှမ်းဝင်လိုက်၏။ မိတွတ်က ဧည့်ခန်းထဲ ထိုင်နေရာမှ ကျွန်တော့်ကို မြင်သွား၏။

"ဟင် . . အစ်ကိုလေး . . ကိစ္စရှိလို့လား . ."

"အေး . . ကွန်ပျူတာ စီဒီလာယူတာ . . မေမေတို့ရော"

"အိမ်ပေါ်မှာပဲ အစ်ကိုလေး . ."

ကျွန်တော် အိမ်ပေါ်သို့ တက်ခဲ့ပြီး ကိုကို့အခန်းထဲ ဝင်ခဲ့သည်။ ကိုကို့အခန်းသည် ကျွန်တော့်အခန်းထက်များစွာ သေသပ်သန့်ရှင်းပါသည်။ ကျွန်တော် ပြုံးလိုက်မိ၏။ ကိုကို့အခန်းသို့ ကျွန်တော်ရောက်သည်မှာ ကြာလေပြီ။ ကိုကိုကသာ ကျွန်တော့်ဆီရောက်လာသည်များ၏။ ကွန်ပျူတာ စားပွဲပေါ်တွင် ကိုကိုပြောသော စီဒီကို အလွယ်တကူပင် တွေ့သဖြင့် ကျွန်တော် ယူလိုက်ပြီး ကိုကို့အခန်းထဲမှ ထွက်ခဲ့သည်။

အောက်ထပ်သို့ ပြန်ဆင်းရန် လှေကားဆီသို့အလာတွင် မေမေတို့အခန်းမှ စကားသံကြားရသည်။ တံခါးရွက်တစ်ချပ်သည် ပွင့်ဟနေသဖြင့် စကားသံကို ပီပီသသပင် ကြားရလေသည်။

"ဘယ်လိုမှ မဖြစ်ဘူး . . ဦးဘသက် . . ကျွန်တော်တို့ ကလေးကတော့ ကျွန်တော်တို့ သားအကြီးနဲ့ပဲ ခင်ဗျားသမီးကို ပေးစားနိုင်မယ် . . ဘာဖြစ်လို့လဲ ဆိုတော့ . . ဒီလိုဗျ . . ကို



www.burmeseclassic.com

www.burmeseclassic.com



တုန်းကတည်းက ကျွန်တော်တို့ လှို့ဝှက်ထားတာ တစ်ခုရှိတယ် . . အဲဒါက . . ”

ဖေဖေ့အသံသည် ပို၍တိုးသွားသည်။ ကျွန်တော့်ရင်တွေ တဖျတ်ဖျတ်ခုန်လာလေသည်။ ဆက်လက်၍ထွက်ပေါ်လာမည့် ဖေဖေ့စကားသံကို ကျွန်တော်အာရုံစိုက်နေမိလိုက်သည်။

“ကျွန်တော်တို့ သားအငယ်ကောင်က ကျွန်တော်တို့သား အရင်းမဟုတ်ဘူး ဦးဘသက် . . ကျွန်တော်တို့ရဲ့ မွေးစားသား . . ”

ကျွန်တော့်နားထဲတွင် ဆူလောင်ပေါက်ကွဲသွားပါသည်။ ဖေဖေ့စကားသံတွေကို ဆက်လက်မကြားတော့ဘဲ နားထဲတွင် မွေးစားသားဆိုသော စကားသည် အရှိန်အဟုန်ပြင်းစွာဖြင့် ပဲ့တင်ထပ်လျက်ရှိသည်။ ချက်ခြင်းပင်လျှင် ဝမ်းနည်းလာမိလေသည်။

လောကအလယ်၌ ကျွန်တော်သည် တစ်ကောင်ကြွက်ပါတကား။ ကျွန်တော်သည် မွေးချင်းညီအစ်ကိုမောင်နှမ မိရင်း၊ ဖရင်းတို့မရှိသော တစ်ကောင်ကြွက်တစ်မျက်နှာ။ ရှေးမဆွက ဖေဖေထမင်းစားခန်းထဲ၌ ကျွန်တော့်ကိုသီးသန့်ပြောဆိုခဲ့သော စကားတွေကို ပြန်၍အမှတ်ရလေသည်။

ကျွန်တော့်ပါးပြင်ပေါ်သို့ ပူနွေးသောမျက်ရည်တွေက ရှတ်ခြည်းပင် စီးကျလာလေ၏။ တကယ်တော့ ကျွန်တော့်ဘဝသည် သူညသာတည်း။ ကျွန်တော် မွေးစားဖခင်နှင့် မိခင်။ ပြီးတော့ ကိုကိုတို့သည် ကျွန်တော့်အပေါ် သွေးရင်းသားရင်းတစ်မျှပင် ချစ်ခင်ခဲ့ကြပြီး သူတို့၏ အချစ်၌ သံသယဖြစ်ဖွယ်အပြုအမူတစ်ခုတလေမျှကိုပင် မတွေ့ခဲ့ရပါ။ ဖေဖေနှင့်မေမေကို ကျေးဇူးတင်ရပါသည်။

ယခု အသက်အရွယ်အထိ ကျွန်တော့်ကို သားအရင်းနှယ် မခြား၊ ပြုစုစောင့်ရှောက်ကြခြင်းအတွက် ပို၍ပင် ဝမ်းနည်းမိလေသည်။ ထိုအခိုက်မှာပင် ထား၏မျက်နှာလေးက ကျွန်တော့်အတွေး





ထဲ ရောက်လာသည်။ ထားသည် ဖေဖေ၊ မေမေတို့၏ သားအရင်းဖြစ်သူ ကိုကိုနှင့်သာ ထိုက်တန်ပါသည်။ ထိုအတွက် ကျွန်တော် ဖြေသာပါသည်။

ဤနေရာတွင် ကြာရှည်ဆက်မနေသင့်ဟု သတိပြုမိသဖြင့် ခြေဖျားလေးသော ခြေလှမ်းများဖြင့်အပေါ်ထပ်မှ ဆင်းခဲ့သည်။ ဧည့်ခန်းထဲတွင် မိတွတ်မရှိတော့ချေ။ ထို့ကြောင့် ကျွန်တော်လည်း တိတ်တိတ်ဆိတ်ဆိတ်ပင် အိမ်ထဲမှပြန်ထွက်လာခဲ့မိသည်။

ကျွန်တော့်ဘဝကို ပထမဦးဆုံးအကြိမ်အဖြစ် နာကြည်းမိလေသည်။ အဘယ်ကြောင့် ကျွန်တော်သည် ဖေဖေ၊ မေမေတို့၏ မွေးစားသားလာဖြစ်ရလေသနည်း။ ကျွန်တော့်ဖခင်အရင်း၊ မိခင်အရင်းတွေသည် မည်သူတွေနည်း။ လောကအလယ်၌ သက်ရှိထင်ရှားရှိနေကြသေးသလော။

ကားဆီသို့ရောက်သောအခါ ယာဉ်လမ်းကြောင်းသည် ပြန်ရှင်းသွားပြီဖြစ်ကြောင်း တွေ့ရ၏။ ကားကို ငူငူငေါင်ငေါင်ပင် ကျွန်တော်မောင်းနေမိသည်။ ထိုအခါမှပင် ယူလာခဲ့သော ကွန်မျူတာစီဒီကို ဒေါ်အေးအေးချို့ထံသို့ပို့ရန်ကိစ္စကို သတိရတော့သည်။

ဒေါ်အေးအေးချို၏ စာရင်းအင်းအဖွဲ့သို့ စီဒီပို့ပြီး ကုမ္ပဏီသို့ ကျွန်တော်ပြန်ရောက်သည့်အခါ ညနေသုံးနာရီရှိပြီဖြစ်ပြီး ကိုကိုနှင့် ထားသည် ပြန်ရောက်နေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## (၇)

ဖေဖေ နှင့်မေမေတို့အတွက် ဆူးညှောင့်ခလုတ်အဖြစ် ကျွန်တော်မဖြစ်စေရပါ။ ကိုကိုနှင့်ဘဝခရီးကိုအတူ လျှောက်မည့် ထားတို့အတွက် ကျွန်တော် ဆူးညှောင့်ခလုတ်မဖြစ်စေရပါ။ နောက်ထပ် နှစ်ရက်မျှအကြာတွင် ထားသည် မြန်မာပြည်၌နေထိုင်ခွင့်ဗီဇာကုန်ဆုံး၍ အမေရိကသို့ ပြန်ရပေတော့မည်။ ထားအကြောင်း စဉ်းစားကာမှပင် ရင်ထဲ၌ဆို့နင့်လာသည်။ ထားကို အချိန်တိုတိုကလေး အတွင်းမှာပင် မြတ်မြတ်နိုးနိုးနှင့် ချစ်မိခဲ့လေပြီ။

ထို့အတူ ထားသည်လည်း ကျွန်တော့်အပေါ် နှစ်သက်သဘောကျမှုတွေရှိလာခဲ့သည်။ ထား၏ အပြုအမူ၊ အပြောအဆိုတို့၌ သံယောဇဉ်၏ အငွေ့အသက်တွေရှိနေခဲ့လေသည်။ မဖြစ်နိုင်မှန်းသိလျက်နှင့်ပင် ကျွန်တော်သည် ဖေဖေ၊ မေမေတို့၏ သားအရင်းဖြစ်ချင်မိ၏။

ထားအပေါ် ချစ်မြတ်နိုးမိသည့် စိတ်သည် ထုထည်ကြီးမားလွန်းလှသဖြင့် ကျွန်တော်ရင်နင့်ကြေကွဲရပါသည်။ မေတ္တာစစ်တို့မည်သည်ဖြောင့်ဖြူးသည့်လမ်းမရှိ ... ဟူသော စကားသည် ကျွန်တော်



နှင့် ထားတို့အတွက် သွေးထွက်အောင်ပင် မှန်ကန်မည့်စကားဖြစ်လေသည်။

ညဦးပိုင်းက ထားသည် ကျွန်တော့်တစ်ထပ်တိုက်ပုကလေးသို့ရောက်ရှိလာပြီး စန္ဒရားတီးလေသည်။ ရှုပင်၏ ပရီလုဒ်တစ်ခုကို တီးနေသော ထား၏လက်ချောင်းကလေးတွေကို ကြည့်၍ ကျွန်တော်ဝမ်းနည်းသွားလေသည်။

"ကိုဇော်ဇော် .."

"ဟင် ..."

"နေမကောင်းဘူးလား .. မျက်နှာလည်း မကောင်းဘူး"

"ကောင်းပါတယ် .."

"ဪ .. ပြောရဦးမယ် .. ထား မပြန်ခင် အချိန်မှာ .. မြန်မာစန္ဒရားတီးလုံးတွေ ဝယ်သွားချင်တယ် .."

"ကျွန်တော် လိုက်ဝယ်ပေးပါ့မယ် .. ကျွန်တော် သိသလောက်၊ မှတ်သလောက်ကတော့ မြန်မာသီချင်းတွေကို အဆိုမပါဘဲ တီးလုံးသက်သက်ပဲ ထုတ်ထားတာ .. စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွတ်၊ စောင်းဦးဘသန်း၊ နောက်ပြီး စန္ဒရားမောင်လှအေး .. အဲဒီ့လောက်တော့ ရှိတယ်ဗျ .. တေးသံသွင်းဆိုင်ရောက်တော့ ထပ်မေးကြည့်သေးတာပေါ့ .."

"ဂီတနန္ဒဝန်ဆိုပြီး အမျိုးသားဇာတ်ရုံမှာ လုပ်တာလား မသိဘူး .. အဲဒီ့ ဗီစီဒီလည်း ဝယ်ချင်တယ် .."

"ဟုတ်ကဲ့ .."

"နောက်ပြီး တယောကိုတင်ရီရဲ့ တယောတီးလုံးတွေ .."

"ဂုဏ်ယူစရာတီးလုံးတွေပါပဲ ထား .."

"ထား ပြန်ရင် ကိုဇော်ဇော် လိုက်ပို့မှာလား .."

"မသိသေးဘူး ထား .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပင့်သက်ရှိုက်လိုက်၏။

"ကိုကိုနဲ့တိုင်ပင်ရဦးမယ် . ."

"ဟင် . . နေရာတကာမှာ အစ်ကိုကြီးနဲ့တိုင်ပင်နေရတာပဲလား . ."

ကျွန်တော် ပြုံးဖို့ ကြိုးစားလိုက်မိသည်။ စိတ်ထဲတွင်တော့ ဝမ်းနည်းနေလေသည်။ ဗီသိုဗင်၏ Andente တေးသွားသည် လွမ်းဆွတ်ဖွယ်ရာဖြစ်နေသည်။ ကျွန်တော့်ရင်ထဲမှ ဝမ်းနည်းကြေကွဲမှုများသည် တေးသွားနှင့်အတူ လွမ်းဆွတ်ဖွယ်ရာ မျောပါသွားလေသည်။

တေးသွားအဆုံး၌ ထားသည် ကျွန်တော့်ကို ချီးမွမ်း၏။

"ကိုဇော်ဇော် အတော့်ကိုပြောင်မြောက်အောင် တီးနိုင်တယ်နော် . . ထားဖြင့် ဒီသီချင်းကို နားထောင်လိုက်ရတာ ရင်ထဲတစ်မျိုးပဲ . ."

စန္ဒရားခလုတ်တွေပေါ်မှာ ပြေးလွှားနေသည်။ ကျွန်တော့် လက်ချောင်းတွေကို ရပ်ပစ်လိုက်သည်။

"ထား ဟိုရောက်တာနဲ့ မြန်မာဂီတအကြောင်း စာတမ်းစ ရေးမယ် . . လိုတာတွေ . . သိစရာတွေကိုတော့ နောက်တစ်ခေါက်လာမှပဲ သိဖို့ကြိုးစားရတော့မယ် . ."

ညဉ့်နက်သော် ထားသည် ကျွန်တော့်ကိုနှုတ်ဆက်၍ အိမ်ကြီးဆီသို့ ပြန်သွားသည်။ ကျွန်တော်က ခုတင်ပေါ် ဝင်လှဲရင်း စဉ်းစားခန်းဝင်နေမိပြန်၏။ ယနေ့ညသည် သာယာဆွတ်ပျံ့ဖွယ်ဖြစ်နေ၏။ ကျွန်တော့်ခုတင်ခေါင်းရင်း ပြတင်းပေါက်မှ လတ်ဆတ်သော လေက ဝေ့ဝဲဝင်ရောက်လာ၏။

ကုမ္ပဏီ၏ အခြေအနေအလွန်ပင် ဆိုးနေသည်ကို ဖေဖေ၊ မေမေတို့သိသည်။ ထို့ကြောင့် ဖေဖေ၊ မေမေတို့သည် ကောက်ရိုးမျှင်





တစ်စနှယ် အားကိုးရာရှာသော ရေနစ်သူကဲ့သို့ ထားအိမ်ခိုင်ကို သွေးရင်းသားရင်းဖြစ်သော ကိုကိုနှင့်သဘောတူခြင်း ဖြစ်တန်ရာလေသည်။ ထားအိမ်ခိုင်တို့၏ ကြွယ်ဝချမ်းသာမှုသည် ကုမ္ပဏီအတွက် အထောက်အပံ့ဖြစ်လာနိုင်၏။

ကိုကိုနှင့်သာ အဆင်ပြေချောမွေ့သွားပါက အရာရာသည် အကောင်းဆုံးသို့ရောက်ရှိသွားပေလိမ့်မည်။ မြဇင္ဗူကုမ္ပဏီပိုင်ရှင် ကိုကိုနှင့် ထားအိမ်ခိုင်တို့သည် ရွှေနှင့်မြပမာ လိုက်ဖက်ညီပါသည်။ ကျွန်တော်ကတော့ တစ်ကောင်ကြွက်၊ မွေးစားသား။

ရှေ့ကိုဖြစ်လာနိုင်သည့် အလားအလာတွေကို ကျွန်တော် စဉ်းစားနေမိလေသည်။ ဖေဖေ၊ မေမေ၊ ကိုကိုတို့၏ ကျေးဇူးရှင်တွေ ကျွန်တော့်အပေါ်မှာ ဆပ်၍မကုန်အောင်ပင်ရှိနေကြ၏။ ထိုကျေးဇူးတွေကို ကျွန်တော်ဆပ်ဖို့ ကြိုးစားရပေမည်။ ကျွန်တော့်အတွက် ဤမိသားစုနှင့်ခွဲခွာ၍ ကိုယ့်လမ်းကိုယ်လျှောက်သွားခြင်းသာလျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

ကျွန်တော့်တွင် ဖေဖေ၊ မေမေတို့ သင်ကြားပေးခဲ့သော ကျောင်းပညာရှိသည်။ လောကကို ရင်ဆိုင်နိုင်သော အသိပညာရှိသည်။ ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ရှိသည်။ ကျွန်တော်ဘာကိုမှ တွေး၍ ကြောက်ရွံ့နေစရာမလိုတော့။ သို့သော် ယခုအချိန်တွင် ကျွန်တော့်ကိုယ် ကျွန်တော် မွေးစားသားအဖြစ် သိနေကြောင်းကို ဖေဖေ၊ မေမေနှင့်ကိုကိုတို့ မသိသေးလျှင် ပို၍ကောင်းပါလိမ့်မည်။ ထို့အပြင် ထားအိမ်ခိုင်ပါ ထိုအကြောင်းကို မသိရသေးလျှင် ပိုကောင်းပါလိမ့်မည်။

ခုတင်ဘေးစားပွဲခုံပေါ်မှ မီးကိုလှမ်းပိတ်လိုက်သည်။ အခန်းသည် ပကတိပိန်းပိတ်အောင် မှောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၁

ထား ပြန်ဖို့အတွက် အဆင်သင့်ဖြစ်နေလေပြီ။ လေယာဉ်လက်မှတ်လည်း အဆင်သင့်ပင်ဖြစ်နေ၏။ မနက်ဖြန်မနက်(၉)နာရီတွင် ထားရန်ကုန်မှ ထွက်ခွာတော့မည်။ မြန်မာပြည်သို့ ဆယ်ရက်မျှသာ ရောက်လာသော ဧည့်သည်တစ်ဦးအတွက် လွမ်းဆွတ်ကြရမည့်သူတွေ သိပ်များများစားစားတော့ ရှိလိမ့်မည်မဟုတ်ပါ။ ဖေဖေ၊ မေမေ၊ ကိုကိုနှင့် ကျွန်တော်ကိုယ်တိုင်ပဲ ဖြစ်ပါသည်။

"ကိုဇော်ဇော် . ."

"ဟင် . . ဘာလဲ ထား . ."

"ဒီ တစ်ရက်နှစ်ရက်မှာ ကိုဇော်ဇော့်ကိုကြည့်ရတာ တစ်မျိုးပဲ . . နေမကောင်းဘူးလား . . ဒါမှမဟုတ် ထား ပြန်တော့မှာမို့ . . လွမ်းနေလို့လား ဟင် . ."

ကျွန်တော် ခေါင်းညိတ်လိုက်သောအခါ ထားက ရီဝေစွာကြည့်၏။ သူမ သက်ပြင်းချလိုက်သည်ကို ကျွန်တော် သတိပြုမိလိုက်သည်။



"ထားလည်း ကိုဇော်ဇော့်ကို လွမ်းနေမှာပါ . . ဒါပေမယ့် စိတ်အေးအေးနေနော် . . ထားတို့ သိပ်မစောင့်ရပါဘူး . . ထား ဟိုရောက်တာနဲ့ ဖေဖေနဲ့ အသေးစိတ်တိုင်ပင်မယ် . . ပြီးရင် ကိုဇော်ဇော့်ဆီ ဖုန်းဆက်လိုက်မယ် . ."

တယ်လီဖုန်းဆိုမှ သတိရလေသည်။ ဖေဖေ ဖုန်းဆက်နေသောနေ့ နံနက်ပိုင်းတွင် ထား ဖေဖေထံမှဖုန်း ထားဆီသို့လာသေးသလော။ ထားသည် ထိုအကြောင်းကို ဖွင့်မပြောသဖြင့် ထားမသိသေးဟုပင် ကျွန်တော်ယူဆပါသည်။ အကယ်၍သာ ထားသည် ကျွန်တော့်ဘဝမှန်ကို သိသွားခဲ့သည်ဆိုပါစို့။ သူမသည် ကျွန်တော့်အပေါ် မည်သို့သဘောထားလေမည်နည်း။ သို့သော်လည်း ထိုအချက်ကို ကျွန်တော် အမှန်တကယ် မသိချင်ပြန်။

သည်ကြားထဲတွင် ကျွန်တော့်မိတ်ဆွေ စန္ဒရားဆရာကြီး ဦးစိန်မြင့်ထံသွား၍ မြန်မာဂီတအကြောင်းကို မေးစမ်းခဲ့ကြသည်။ ထားသည် မြန်မာဂီတ၏ အသွားအလာအခြေခံဇစ်မြစ်ကို သဘောပေါက်စပြုလာသည်။

"မြန်မာဂီတရဲ့ ဟာမိုနီကိုသိချင်ရင် တံတျာတေရှင်ကို အရင်လေ့လာကွဲ့ . . အဲဒီ့လိုဆိုရင် အားလုံးကိုရှင်းသွားလိမ့်မယ် . . နောက်ပြီး သမီးပြောသလို ကော့ဒ် (အသံအတွဲလုံး) လို့ခေါ်တဲ့ မိတ်ဖက်သံအတွဲကို မြန်မာဂီတမှာ သုံးထားတာတွေရှိပါတယ် . . အင်း . . တစ်ခုတော့ ရှိတာပေါ့လေ . . မေဂျာကော့ဒ် . . မိုင်နာကော့ဒ်လောက်ပဲ ယူသုံးကြတာများတယ် . ."

"စည်းနဲ့ဝါးကိုတော့ သိပြီးကြပြီး ထင်ပါတယ် . . အနောက်တိုင်း ဂီတနဲ့ယှဉ်ပြီး ပြောရရင်တော့ ဒီမှာ တူးဖိုးတိုင်မင် . . ဖိုးဖိုးတိုင်မင် (ရိုက်ချက်လေးချက် နရီနှုန်း) တွေပဲရှိတယ် . . ဝေါ့ဇ်လို့ခေါ်တဲ့ သရီးဖိုးတိုင်မင်ကိုတော့ မရှိသလောက်ပဲ . ."



www.burmeseclassic.com

www.burmeseclassic.com



ထားသည် ဦးစိန်မြင့်ကို ဒေါ်မေရှင်၏ ကျေးစေတမန်တေး သွားကို တီးခိုင်းပြီး ဗီဒီယိုကင်မရာဖြင့် တေးသွားတစ်ပုဒ်လုံးကို မှတ်တမ်းတင်သည်။ ထို့နောက် ကိုမြကြီး၏ မိုးသီချင်းကို တီးခိုင်းပြီးမှ မှတ်တမ်းတင်ပြန်သည်။

"ဒီတေးသွားနှစ်ခုရဲ့ အတီးပိုဒ်က စိတ်ဝင်စားဖို့ကောင်း တယ် ကိုဇော်ဇော် . ."

"အတီးပိုဒ်တွေထဲမှာ စိတ်ဝင်စားဖို့ နောက်တစ်ပုဒ်ရှိသေး တယ် . . ထား . . စန္ဒရားထွန်းညွန့်ရဲ့ ကိုယ့်ရပ်ဌာနီ . . အင်း . . တခြားလက်သံပြောင်တဲ့ သီချင်းတွေလည်း အများကြီးရှိကြမှာပါ . . ကျွန်တော် မမှတ်မိလို့ဖြစ်မှာပါ . ."

ဦးစိန်မြင့်ထံမှ အပြန်တွင် ကျွန်တော်တို့နှစ်ယောက် လက် ဖက်ရည်ဆိုင်ထိုင်ကြပြန်သည်။ ထားသည် သိသင့်သိအပ်သည်တို့ကို သိလိုက်ရသဖြင့် ကျေနပ်နေ၏။

"စာတမ်းပြုစုဖို့တော့ အတော်လုံလောက်သွားပြီ ကိုဇော် ဇော် . . အခွေတွေ . . တိပ်တွေ လေ့လာပြီး ရေးလိုက်ရင်ရပြီ . . ဦးစိန်မြင့်နဲ့တွေ့လိုက်ရတာ အရမ်းကောင်းတယ် . . သူက အနောက် တိုင်းဂီတကိုပါ လေ့လာထားတော့ ပိုအဆင်ပြေတယ် . . ဒါနဲ့ သူ့ လက်သံမျိုးနဲ့ ဒီမှာ အရမ်းနာမည်ကြီးမှာပဲနော် . ."

ကျွန်တော် ရယ်လိုက်သည်။ ထားက ကျွန်တော်ရယ်သည်ကို နားမလည်ဘဲ ပြန်မေးသည်။

"ဘာဖြစ်လို့ ရယ်တာလဲ ကိုဇော်ဇော် . ."

"ဦးစိန်မြင့်ဟာ နာမည်ကြီးဖို့နေနေသာသာ . . တီးတတ် မှန်းတောင် သိပ်မသိကြဘူး . . နောက်တစ်ချက်က နာမည်ကြီးတာနဲ့ တော်တာနဲ့ သိပ်မဆိုင်ဘူး ထင်တယ် . ."

"မဟုတ်ဘူး ကိုဇော်ဇော် . . နာမည်ကြီးတဲ့ လူဟာ တော်





တာပဲ . . တော်ရင်လည်း နာမည်ကြီးတာပဲ . . ဥပမာ . . မိုက်ကယ် ဂျက်ဆင် . . မက်ဒေါနား . . ကြည့်ပါလား . ."

"ကျွန်တော်ကတော့ ထား ယူဆသလို မယူဆဘူး ထား . . တချို့အနုပညာရှင်တွေဟာ သိပ်မတော်ဘဲနဲ့ . . အနုပညာ အရည်အသွေးမမြင့်မားဘဲနဲ့ . . ပရိသတ်ရဲ့ရင်ကိုထိအောင်လုပ်ပြီး နာမည်ကြီးလာကြတယ် . . စန်းလို့ပဲ ပြောမလားမသိဘူး . . တချို့ လည်း သိပ်တော်တယ် . . ဒါပေမယ့် နာမည်မကြီးဘူး"

ထားသည် ငြိမ်သက်သွား၏။ ကျွန်တော့် ယူဆချက်ကို သူမ လက်ခံပုံရပါသည်။

"ဟုတ်တော့ ဟုတ်ပါတယ် . ."

ကျွန်တော်တို့နှစ်ယောက် စကားစပြတ်သည့်အခိုက်မှာ ကျွန်တော့်ဖုန်းက အသံမြည်လာသဖြင့် ဖုန်းကို ဖွင့်လိုက်သည်။

"အစ်ကိုလား . . ကျွန်တော် မောင်လတ်ပါ . ."

"အေး . . မောင်လတ် . . ပြော . ."

"အစ်ကိုနဲ့ လွတ်လွတ်လပ်လပ်စကားပြောချင်တယ် အစ်ကို . . ဖုန်းထဲမှာ ပြောလို့မကောင်းဘူး . ."

ကျွန်တော် နာရီကြည့်လိုက်သည်။ ညနေလေးနာရီပင် ထိုး တော့မည်။ ထားသည် ကျွန်တော့်ကို ရုတ်တရက် လှမ်းပြော၏။

"ကိုဇော်ဇော် ကိစ္စရှိလို့လား . . ထား ဘာသာ အိမ်ပြန်မယ် လေ . ."

ကျွန်တော် ခေါင်းခါလိုက်ပြီး မောင်လတ်ကို ဆက်ပြောရ သည်။

"မင်းအခု ဘယ်က ဆက်နေတာလဲ မောင်လတ် . ."

"မြို့ထဲက အစ်ကို . ."

"အေး . . ဒါဆို မင်းအဲဒီမှာပဲ စောင့်နေ . . နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီလောက်ကို မင်းဆီကို ငါရောက်အောင်လာခဲ့မယ် . . ဒါနဲ့ မြို့ထဲ ဘယ်နေရာက ဆက်နေတာလဲ . ."

မောင်လတ်နှင့်အချိန်းအချက်ပြုပြီးသောအခါ ထားက ကျွန်တော့်ကို အိမ်ပြန်ဖို့ပြောသည်။

"ကျွန်တော်တို့ ညကျမှပဲ စကားဆက်ပြောကြတာပေါ့ ထား"

စားသောက်ထားသည်တို့အတွက် ငွေထုတ်ရှင်းလိုက်ပြီး ကိုကို့ဆီသို့ ဖုန်းဆက်ရသေးသည်။ ထားကို အိမ်ပြန်ပို့လိုက်သောအခါ ဖေဖေ၊ မေမေတို့နှင့် ဧည့်ခန်းဝ၌ ရင်ဆိုင်တိုးလေသည်။ ဘဝမှန်ကို သိရပြီး ဖေဖေ၊ မေမေတို့ရှေ့တွင် ကျွန်တော် သိမ်ငယ်နေမိ၏။

"သား ဇော်ဇော် . . ကုမ္ပဏီပြန်သွားမလို့လား . ."

"ဟုတ်ကဲ့ မေမေ . ."

"ဒီည ထားကို နှုတ်ဆက်တဲ့အနေနဲ့ ဖေဖေတို့ ညစာစားပွဲလေး သီးသန့်လုပ်ဖို့ ပြင်ထားတယ် . . သား အစ်ကိုဆီလည်း ဖေဖေတို့ ဖုန်းဆက်ပြီးပြီ . . သားတို့ (၆)နာရီလောက်ပြန်လာကြ ဟုတ်ပြီလား . ."

"ဟုတ်ကဲ့ ဖေဖေ . ."

ဖေဖေ၊ မေမေတို့ကို နှုတ်ဆက်၍ ကျွန်တော် ပြန်ထွက်လာမိသည်။ ကုမ္ပဏီကို မဝင်ဖြစ်တော့ဘဲ မြို့ထဲသို့သာ ကားကို မောင်းခဲ့ရ၏။ ရာသီဥတုသည် သာသာယာယာ ဖြစ်နေသည်။ ကောင်းကင်တွင် မိုးသားမိုးရိပ်ကို မတွေ့ရ။ ကျွန်တော့် စိတ်အထင်ပြောရလျှင် မိုးကုန်ဖို့ သိပ်မလိုတော့ဟု ထင်ပါသည်။

မောင်လတ်နှင့် တွေ့ဆုံပြီးဆောင်ရွက်စရာတွေ ဆက်လက်ဆောင်ရွက်နေရသဖြင့် အိမ်သို့ (၆)နာရီခွဲမှပင် ကျွန်တော် ပြန်ရောက်လေသည်။ ကိုကိုကတော့ ရေမိုးချိုးပြီး ဧည့်ခန်းထဲတွင်ပင် ရောက်ရှိနေလေပြီ။ ထို့ကြောင့် ကျွန်တော်လည်း ခပ်သွက်သွက်ပင် ရေချိုးပြီး အဝတ်အစားလဲကာ အိမ်ကြီးဆီသို့ ကူးလာခဲ့သည်။

ဧည့်ခန်းထဲတွင် ဖေဖေ၊ မေမေ၊ ကိုကိုနှင့် ထားကို တွေ့ရသည်။ သူတို့သည် ကျွန်တော့်ကို စောင့်နေကြခြင်းဖြစ်၏။ ထို့နောက် ထား မပြန်မီ သီးသန့်တည်ခင်းဧည့်ခံသော ညစာစားပွဲကို ကျင်းပမည့် ထမင်းစားခန်းသို့ ကျွန်တော်တို့အုပ်စု ရွှေ့ကြလေသည်။ စားပွဲ၌ ဖေဖေနှင့်မေမေက ယှဉ်တွဲ၍ နေရာယူပြီး ကိုကိုနှင့် ထားက တစ်ဖက် တစ်ချက်တွင် ယှဉ်တွဲ၍ နေရာယူပါသည်။

ကျွန်တော်က ကိုကို့ဘေး၊ စားပွဲထိပ်တွင် သီးခြားဖြစ်နေ၏။ ကြိုတင်စီမံထားသော နေရာခင်းကျင်းပုံပေလား မသိ၊ ညစာ စားပွဲသည် ကျွန်တော်နှင့်မဆိုင်သလို ခံစားရလေသည်။ အမှန်က သည်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရမှုသည် မထူးတော့ မထူးဆန်းပါ။ ကျွန်တော်က မိသားစုနှင့် မည်သို့မျှ မသက်ဆိုင်သည့် တစိမ်း ဧည့်သည်တစ်ဦး သာသားပေပဲ။

ထိုအခိုက်မှာပင် ဖေဖေက စကားစပြောသည်။

“မနက်ဖြန်ကို သမီးလေး ထားက ပြန်တော့မှာဖြစ်တဲ့အတွက် အန်ကယ်တို့က သမီးကိုနှုတ်ဆက်တဲ့အနေနဲ့ ခုလို ညစာဝိုင်းလေးလုပ်ပြီး စကားပြောကြဖို့ အန်ကယ်တို့ စီစဉ်လိုက်တာ။ ဒီနေ့ဆို သမီးရန်ကုန်ရောက်တာ ကိုးရက်ရှိပြီ။ လည်စရာပတ်စရာတွေလည်း အတော်အသင့်တော့ လည်ပြီးပြီ။ နောက်ပြီး မြန်မာ့ဂီတအကြောင်းကိုလည်း အတော်အသင့်ပြည့်ပြည့်စုံစုံ လေ့လာပြီးပြီလို့ အန်ကယ် ထင်ပါတယ် . . ”

ထားသည် ကျွန်တော့်ကို တစ်ချက်ကြည့်၍ ဖေဖေ့စကားကို ခေါင်းညိတ်၍ ထောက်ခံပါသည်။

“မြန်မာ့အစားအစာတွေလည်း စုံအောင်စားပြီးပြီ ထင်တယ်”

မေမေက ပြုံး၍ ဝင်ပြောသည်။

“အတော်တော့ စုံပါပြီအန်တီ . . အဟင်း . . ဒါပေမယ့် စားချင်တာတွေ ကျန်သေးတယ် . . နောက်တစ်ခါ လာမှပဲ အဝကြိတ်ရတော့မှာပဲ . . ”

ကိုကိုသည် စကားတစ်လုံးမျှ မပြောဘဲ ပြုံး၍နားထောင်နေလေသည်။ ထားကို နှုတ်ဆက်သော ညစာဝိုင်းသည် ပြည့်စုံလှပါလေသည်။ စကားဝိုင်းကို ဦးဆောင်သူမှာ ဖေဖေသာဖြစ်သည်။ ဖေဖေသည် သူငယ်ငယ်က အကြောင်းတွေကို ပြောသည်။ ထားအိမ်နိုင်၏ မိဘများနှင့်အသိအကျွမ်းဖြစ်ရပုံတွေကို ပြော၏။ ထိုအခါမျိုးတွင် မေမေကလည်း ဖြည့်စွက်၍ ဝင်ပြောသည်။

စကားနည်းနည်းအပြတ်တွင် ကိုကိုကလည်း ထားကို





မေးခွန်းတချို့မေး၍ စကားဝိုင်းထဲ ဝင်လာသည်။ ထမင်းဝိုင်းတွင် စကားအနည်းဆုံးလူမှာ ကျွန်တော်သာဖြစ်နေပါသည်။ ကိုကိုသည် စကားပြောရင်းနှင့် ထား၏ ထမင်းပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေးလျက်ရှိသည်။ ဖေဖေ၊ မေမေတို့သည် ကိုကိုနှင့်ထား၏ အနေအထားကို ပီတိဖြစ်နေပုံရပါသည်။

“အစ်ကိုတို့ကတော့ အမေရိကအကြောင်းကို ရုပ်ရှင်တွေထဲမှာ မြင်ရဖို့သာ သိတာ . . သွားလည်ဖို့ဆိုတာကလည်း မလွယ်ဘူး ညီမလေးရဲ့ . . ”

“လူခံရှိနေပြီပဲ သားရဲ့ . . နောက်ဆို သား သွားလည်ချင် လည်လို့ရပြီပဲ . . ”

ထားသည် နှုတ်ဆိတ်နေသော ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး ပြောသည်။

“ထား ဒီတစ်ခါပြန်လာရင် နုတ်စ်တချို့ယူလာခဲ့မယ် . . ထားဆီမှာ ကလပ်စီကယ်နဲ့ပတ်သက်လို့ နုတ်စ်တွေ ပြည့်ပြည့်စုံစုံရှိတယ် . . စီဒီတွေလည်း ယူလာခဲ့မယ်နော် . . ဒါနဲ့ ကိုဇော်ဇော် အော်ကက်စထရာ (သံစုံတီးဝိုင်း)တွေနဲ့ ဆင်ဖိုနီ (တူရိယာလေးမျိုးခန့်သာ ပါသောတီးဝိုင်း) တွေလည်း နားထောင်တယ် မဟုတ်လား”

ကျွန်တော် ထားနှင့် မျက်လုံးချင်းဆုံမိသည်။

“နားထောင်ပါတယ် . . ”

“ဒါဆို အော်ကက်စထရာတွေလည်း ယူလာခဲ့မယ် . . ”

စကားလမ်းကြောင်းသည် တခြားသို့ရောက်သွားပြန်လေသည်။ မြန်မာပြည်တွင် ထား နေရမည့် နောက်ဆုံးည။ ကျွန်တော် ဆွေးမြေ့စွာ ကြေကွဲနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ထပ်တိုက်၏ ရှေ့က ထိုင်ခုံကလေးမှာ ကျွန်တော်တစ်ယောက်တည်း ထိုင်နေမိသည်။ ယခု အချိန်လောက်ဆိုလျှင် ထားအိပ်ပျော်နေလောက်ပေပြီ။

ကျွန်တော့်ရင်ထဲတွင် တစ်သက်မှာ တစ်ခါသာ ပေါ်ပေါက်ခဲ့သည့် မေတ္တာတရားသည် ရှင်သန်ခွင့်မရမီ သေကြေပျက်စီးရပေတော့မည်။

"ကိုဇော်ဇော် . ."

"ဟင် . ."

ကျွန်တော့်ဘေးမှာ ရုတ်တရက် ထွက်ပေါ်လာသော ထား၏အသံကြောင့် ကျွန်တော် အံ့ဩသွားမိပါသည်။ ထားသည် ကျွန်တော့်ဘေးမှာ ရပ်နေ၏။

"ကိုဇော်ဇော် ထားပြန်သွားမှာကို ဝမ်းနည်းနေတယ် မဟုတ်လား . ."

ကျွန်တော် မသိမသာခေါင်း ညိတ်မိသွား၏။ သူမသည် ကျွန်တော့်ဘေးသို့ ဝင်ထိုင်၏။



ဝိုးတဝါးအလင်းရောင်ဖြင့် ထား၏မျက်ဝန်းတွေ စွတ်စိုနေသည်ကို သိလိုက်မိပါသည်။

"ကိုဇော် . . ထားကို ချစ်လား ဟင် . ."

ကျွန်တော့်အပေါ် အခေါ်အဝေါ်ပြောင်းသွား၏။ ကျွန်တော် ပင့်သက်ရှိုက်လိုက်မိသည်။ နှလုံးသည်းပွတ်မှ အမှန်တရားကို ကျွန်တော် မဖုံးကွယ်လိုက်နိုင်ပါ။

လှိုက်လှဲတုန်ခါနေသော ကျွန်တော့် အသံသည် နှုတ်ဖျားမှ တစ်ဆင့် ပွင့်အာကျလာ၏။

"ထားရယ် . . ထားကို ကျွန်တော် သိပ်ချစ်ပါတယ် . ."

သူမသည် ကျွန်တော့် လက်မောင်းကို ကိုင်လိုက်သည်။

"ထားလည်း ကိုဇော့်ကို ချစ်ပါတယ် ကိုဇော်ရယ် . ."

ထားသည် ကျွန်တော့်ရင်ခွင်ထဲသို့ ယိုင်၍ကျလာသည်။ ထိုခဏ၌ ကျွန်တော် သတိပြန်ဝင်လာ၏။ ထားသည် ကျွန်တော့် မရီးလောင်းပါတကား။

ဖေဖေ၊ မေမေ၊ ကိုကိုတို့၏ ကျေးဇူးကို ကျေးစွပ်သလိုဖြစ်ရပေတော့မည်။ ထား၏ လက်မောင်းကို ပြန်ကိုင်၍ အသာတွန်းရင်းလူချင်းခွာလိုက်သည်။

ထားသည် ကျွန်တော့် မျက်နှာကိုမော့ကြည့်သည်။ သူမ၏ နှုတ်ခမ်းကလေးသည် ပွင့်အာလျက်ရှိသည်။ ရမ္မက်သွေးဆူဖွယ်ရာ နှုတ်ခမ်း။ ကျွန်တော် စိတ်ကိုထိန်းလိုက်နိုင်ပါသည်။ ကျွန်တော် မတ်တတ်ထရပ်လိုက်၏။

"ထား . . ညဉ့်နက်နေပြီ . . မနက်ကျလည်း ပြင်ရဆင်ရဖို့အတွက် စောစောထရဦးမှာဆိုတော့ သွားအိပ်တော့ . ."

"အင်း . . ကိုဇော်လည်း အိပ်တော့နော် . . မနက်တွေ့မယ် . ."



www.burmeseclassic.com

www.burmeseclassic.com



ထားသည် ကျွန်တော့်လက်ဖဝါးတွေကို ဆုပ်ကိုင်ထားရင်း

"အားလုံးအဆင်ပြေသွားမှာပါ ကိုဇော် . . ကဲ . . ထား သွားမယ် . ."

ထား ကျွန်တော့် အနီးမှ တရွေ့ရွေ့ထွက်သွား၏။ သူမ အိမ်ကြီးဆီပြန်ရောက်သွားသောအခါမှ ကျွန်တော့်မျက်လုံးမှ မျက်ရည်တစ်စက်က စီးကျလာလေသည်။

(၈)

ထားသည် လေယာဉ်ပေါ်သို့ တဖြည်းဖြည်းတက်သွားသည်။ လေယာဉ်တံခါးလည်း ပိတ်သွားလေပြီ။ ကိုကိုက ကျွန်တော့်ပခုံးကို လာပုတ်သည်။ ကိုကိုလည်း မျက်နှာမကောင်းပါ။ လေယာဉ်သည် ပြေးလမ်းအတိုင်း အရှိန်ယူ၍ ကောင်းကင်သို့တက်သွားသည်။

ကျွန်တော့်အတွက်တော့ ထားသည် ထာဝရခွဲခွာမှုဖြစ် နေသသည်။ မည်သည့်အခါမျှ ပြန်လည်မဆုံတွေ့ရတော့မည့် ထာဝရ ခွဲခွာမှု။

ကျွန်တော့်ရင်သည် ဟာလာဟင်းလင်းဖြစ်လျက်ရှိသည်။ ထားကို နှုတ်ဆက်စကားဆိုချိန်၌ မျှော်လင့်ချက်ဖြင့် ရှင်လန်းတက်ကြွနေသော ထားကို ကြည့်၍ ကျွန်တော် ရင်နင့်ကြေကွဲရပါသည်။

"သွားကြရအောင် ဇော်ဇော် . ."

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် လေယာဉ်ကွင်းမှ ထွက်ခဲ့သည်။ လမ်းတွင် မိုးခပ်ဖွဲဖွဲရွာလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



→ ကိုကိုက ကား၏ နောက်ခန်းတွင် ငြိမ်ငြိမ်သက်သက် လိုက်လာသည်။ ကိုကို ဘာတွေတွေးနေလေသနည်း။ ထားနှင့် သူမ အနာဂတ်ကိုပင် ကြိုတင်အကွက်ချ စီပံကိန်းချနေလေသလော၊ သို့မဟုတ် ထား၏ခဏတာခွဲခွာသွားမှုအပေါ် လွမ်းဆွတ်နေသလော၊

ကုမ္ပဏီသို့ရောက်သောအခါ ကိုကို့ကိုခွင့်တောင်းလိုက်မိသည်။

"ကိုကို . . ကျွန်တော့်မှာ ဆောင်ရွက်စရာလေးတွေ ရှိလို့ ဒီနေ့နေ့တစ်ဝက်လောက် အပြင်ခဏသွားချင်တယ် . ."

ကိုကိုက မျက်မှောင်ကြုတ်၍ ကျွန်တော့်ကို ကြည့်သည်။

"အေးလေ . . သိပ်တော့ မကြာစေနဲ့ ဟုတ်လား . ."

ကားပေါ်မှာ ကော်ဖီအေးထုတ်လုပ်မည့် စီမံချက်ဖိုင်ကို မနေ့ကတည်းက တင်ထားမိသည်မှာ ကံကောင်းပါသည်။ ယခုနေမှ သွားယူလိုက်လျှင် ကိုကိုက ဘာလုပ်မလို့လဲ မေးနေဦးမည်။ ကျွန်တော့်နာရီကိုကြည့်လိုက်သည်။

နံနက် (၁၀) နာရီခွဲ။ ကုမ္ပဏီမှ ကားကို ချက်ချင်းပင် မောင်းထွက်ခဲ့သည်။ ဦးမြင့်လွင်ကို သူ့အိမ်တွင် အဆင်သင့်ပင် တွေ့ရလေသည်။ သူသည် ကျွန်တော့်ကို ခရီးဦးကြို ပြုလေသည်။

"လာကွ . . ဖော်ဖော် ဘာများ ထူးခြားလို့လဲ . ."

ကျွန်တော် နာရီကို ဖျတ်ခနဲကြည့်လိုက်သည်။ (၁၁)နာရီထိုးရန် ငါးမိနစ်သာလိုတော့၏။ ဧည့်ခန်းသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွန်တော့်လက်ထဲမှာ ကိုင်ထားသောဖိုင်တွဲကို စားပွဲပေါ်သို့ အသာတင်လိုက်၏။ ဦးမြင့်လွင်က ဖိုင်ကိုမျက်စိဝေ့၍ကြည့်ပြီး အနည်းငယ်ပြုံးသည်။

"ဖော်ဖော်လာတာ . . ဒီကိစ္စအတွက်ပဲလား . ."





"ဟုတ်ပါတယ် အန်ကယ် . . ဒီကိစ္စအတွက် အန်ကယ့်ကို ပြည့်ပြည့်စုံစုံ ရှင်းပြချင်လို့ပါ . ."

"မလိုတော့ပါဘူးကွ . . အန်ကယ် သေသေချာချာ ဖတ်ပြီးပြီပဲ . ."

ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်သည်။ ဖျတ်ခနဲ နာရီကိုကြည့်မိပြန်သည်။ (၁၁)နာရီထိုးရန် သုံးမိနစ်သာလိုတော့၏။

"ဒီစီမံကိန်းဟာ အမှန်တကယ် အလုပ်ဖြစ်မယ့် စီမံကိန်းပါ အန်ကယ် မြန်မာပြည်ဘယ်သူမှ မထုတ်လုပ်သေးတဲ့ ကုန်ပစ္စည်းတစ်မျိုးကို ထုတ်လုပ်မှာပါ . . အရင်းအနှီးကလည်း တွက်ချက်ထားတဲ့ စာရင်းဇယားတွေအရ အများကြီး မကုန်ပါဘူး . . အခုဆိုရင် စီမံကိန်းစဖို့ အားလုံး ပြင်ဆင်နေရပါပြီ . . အန်ကယ့်ဆီက ထပ်ထည့်မယ့် အစုရှယ်ယာကိုသာ ကျွန်တော်တို့ စောင့်နေတာပါ . ."

ထိုအခိုက်မှာပင် အိမ်ရှေ့ပေါ်တီကိုအောက်သို့ ကားတစ်စီးဝင်လာ၏။ ဦးမြင့်လွင်သည် စိတ်ရှုပ်ထွေးစွာဖြင့် ကျွန်တော့်စကားကို ဆက်ပြောလိုက်၏။

"အခုဆို သုတေသနလုပ်နေတဲ့ အဖွဲ့ကလည်း ဒီကိစ္စနဲ့ပတ်သက်လို့ နမူနာထုတ်လုပ်ဖို့ ကြိုးစားနေပါပြီ . . ကျွန်တော်တို့ရဲ့ စီမံကိန်းက ဖြစ်မယ့် စီမံကိန်းပါ အန်ကယ် . ."

ဧည့်ခန်းဆီသို့လျှောက်လာနေသော ခြေသံကိုကြားရသည်။ ဦးမြင့်လွင်သည် ဧည့်ခန်းဝအဝင်သို့ကြည့်ရင်း မတ်တတ်ထရပ်သည်။ ထိုအခိုက်မှာပင် ဧည့်ခန်းအဝသို့ အမျိုးသမီးတစ်ယောက်ရောက်လာသည်။

သူမသည် အသက်သုံးဆယ်ကျော်လောက်ပဲ ရှိဦးမည်။ ရုပ်ရည်ချောမောပြီး ရိုးသားပုံရသောအမျိုးသမီး။ ဦးမြင့်လွင်သည် ထိုအမျိုးသမီးကို တွေ့သည်နှင့် မျက်နှာပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး . ."

"မင်း ဘာလို့ ဒီကိုလိုက်လာတာလဲ . . ."

"နှင်းဆီမှာ မလာရင်မဖြစ်တဲ့ အကြောင်းရှိနေလို့ပဲ အစ်ကိုကြီး"

"ဘာကွ . . ."

"ဟုပ်တယ် အစ်ကိုကြီး . . နှင်းဆီမှာ အစ်ကိုကြီးနဲ့ရတဲ့ ရင်သွေးကလေး ရှိနေပြီ . ."

"မဖြစ်နိုင်တာတွေ လာပြောမနေနဲ့ . . မဟုတ်တမ်းတရားတွေ . ."

အသားဖြူသော ဦးမြင့်လွင်၏ မျက်နှာသည် နီလာပြီးချွေးတွေလည်း စို့လာပါသည်။ ကျွန်တော်လည်း ဆက်လက်၍ ထိုင်နေရန်မသင့်သဖြင့် မတ်တတ်ထရပ်လိုက်သည်။

"မင်းကို ငါလုံလုံလောက်လောက် ပေးထားပြီးပြီ နှင်းဆီ"

"မဟုတ်ဘူး အစ်ကိုကြီး . . အခု နှင်းဆီ အစ်ကိုကြီးဆီလာတာ ငွေလိုချင်လို့မဟုတ်ဘူး . . ကလေးအဖေနာမည်ဖော်ပေးရုံလေးတင်ဖော်ပေးဖို့ လာပြောတာ . ."

ကျွန်တော် ဧည့်ခန်းဝဆီသို့ ခြေကိုရွှေ့သည်။ ဦးမြင့်လွင်သည် ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားသည်။

"ဘာပဲပြောပြော အစ်ကိုကြီးရယ် . . ပတ်ဝန်းကျင် သိပ်မသိခင် ပြေလည်ရာပြေလည်ကြောင်း ကလေးဖြစ်သွားရင် ကောင်းတာပေါ့ . . ဟုတ်တယ် မဟုတ်လား . . တော်ကြာ ဂျာနယ်တွေ၊ဘာတွေထဲပါလာရင် အစ်ကိုကြီး သိက္ခာပိုကျသွားမယ် . ."

ကျွန်တော် ဧည့်ခန်းဝသို့ ရောက်ခါနီးနေလေပြီ။ ဦးမြင့်လွင်က ခေါင်းကိုပြန်မော့လိုက်သည်။

"မင်း ငွေဘယ်လောက်လိုချင်သလဲ နှင်းဆီ . ."





အမျိုးသမီးထံမှ ရယ်သံ ခပ်ညှင်းညှင်းထွက်လာသည်။ ကျွန်တော် ဦးမြင့်လွင်ဘက်လှည့်ပြီး ပြောလိုက်သည်။

"အန်ကယ် . . ကျွန်တော် သွားလိုက်ပါဦးမယ် . ."

သူသည် ကြောင်နနဖြင့် ဆိုဖာမှ ပြန်ရပ်သည်။ ဇဝေဇဝါဖြင့် ကျွန်တော့်ကို ကြည့်နေရာမှ ကျွန်တော့်ဆီ လျှောက်လာ၏။ ကျွန်တော်ရပ်မြဲရပ်နေလိုက်၏။

"ဖော်ဖော် . . ဒီအကြောင်း ဘယ်သူ့မှ လျှောက်မပြောနဲ့ကွာ . . မင်း အစ်ကိုကိုလည်း ပြောပြလိုက် . . ကော်ဖီအေးစီမံကိန်းကို အန်ကယ်သဘောတူပါပြီလို့ . . လုပ်စရာရှိတာတွေသာ ဆက်လုပ်ပါတော့လို့ . ."

"အန်ကယ်လည်း ကိုကို့ဆီကို ဖုန်းဆက်လိုက်ပါဦး . ."

သူ ခေါင်းညိတ်သည်။ ကျွန်တော်လည်း ဧည့်ခန်းထဲမှ စိတ်လက်ပေါ့ပါးစွာဖြင့် ထွက်လာခဲ့သည်။ ဦးမြင့်လွင် သဘောတူသည့် ကိစ္စကို ကိုကိုသိလျှင် မည်မျှဝမ်းသာမည်နည်း။ ကားကိုမောင်းပြီး ခြံထဲမှ ထွက်လိုက်သည်။ လမ်းရောက်မှ ကိုကို့ဆီ ဖုန်းဆက်လိုက်သည်။

"ကိုကိုလား . . ကျွန်တော်ပါ . ."

"ဖော်ဖော် . . ပြော . ."

"ကျွန်တော် ဦးမြင့်လွင်ဆီက ပြန်လာနေပြီ ကိုကို . . ကော်ဖီအေးစီမံကိန်းကို သူသဘောတူလိုက်ပြီး . . ကိုကို ဆက်လုပ်ပေတော့"

"ဟေ . . ဟုတ်လား . . ဟား . . ဟား ဝမ်းသာလိုက်တာကွာ . . မင်း . . ဘယ်လိုများ စည်းရုံးလိုက်တာလဲ . ."

"ကိုကို . . ဒီကိစ္စဟာ အလွယ်တကူတော့ ဖြစ်တာမဟုတ်ဘူး . . ဒီကိစ္စအောင်မြင်ဖို့အတွက် ကျွန်တော် သုံးခဲ့ရတဲ့စရိတ်တချို့ရှိနေတယ် . . အဲဒါတွေ ကိုကိုကျခံပေးပါ . ."

"ရပါတယ်ကွ . . ဒီလောက်က အသေးအဖွဲပါ . ."



www.burmeseclassic.com

www.burmeseclassic.com

## ကိုငြိမ်းဦး

"နောက်တစ်ချက်က နှင်းဆီဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို ငွေနည်းနည်းထောက်ပံ့ဖို့တော့ လိုလိမ့်မယ် . . သူ့ခမျာ မွေးဖို့ ဖွားဖို့ စရိတ်လိုနေရှာတယ် . ."

"မင်းဟာက ဘာတွေလဲ ဖော်ဖော် . . ကိုကိုတော့ နားမလည်တော့ဘူး . ."

"အသေးစိတ်ကိုတော့ ကျွန်တော်လာမှပဲ ကိုကို့ကိုရှင်းပြတော့မယ် . ."

ကျွန်တော် တယ်လီဖုန်းချပစ်လိုက်သည်။ ထိုခဏ၌ ကျွန်တော့်စိတ်သည် ထားဆီသို့ရောက်ရှိသွားလေသည်။ ယခုအချိန်လောက်ဆိုလျှင် ထား မည်သည့်နေရာတွင် ရောက်ရှိနေမည်နည်း။ လေယာဉ်ပေါ်တွင်ပင် ရှိနေဦးမည်လား။ ရာသီဥတုအပြောင်းအလဲ၊ ဒေသပတ်ဝန်းကျင်အပြောင်းအလဲ၊ အစားအသောက်အပြောင်းအလဲတို့၌ နေထိုင်ကောင်းမှ ကောင်းပါမည်လား။

မမြင်တွေ့ရခါမှ ထား၏မျက်နှာကလေးကို တွေ့ချင်လာသည်။ ကျွန်တော် သက်ပြင်းချလိုက်မိပါသည်။ စိတ်ထဲတွင်လည်း တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးသား ဖြစ်သွားလေသည်။ ယနေ့ညတွင် ကျွန်တော်အိမ်မှ ထွက်သွားတော့မည်။

ဖေဖေ၊ မေမေနှင့်ကိုကိုတို့ အတွက် အကောင်းဆုံးကျေးဇူးဆပ်ခြင်းမှာ အိမ်မှကျွန်တော် ထွက်သွားခြင်းသာ ဖြစ်ပါလိမ့်မည်။ ထား၏ မိဘများနှင့်ကျွန်တော့်မိဘတွေ ဆွေးနွေးတိုင်ပင်ကြသောအခါ အိမ်မှအပြီးအပိုင် ကျွန်တော် ထွက်သွားမှသာလျှင် ဆုံးဖြတ်ရလွယ်ကူကြမည် ဖြစ်ပါသည်။

မွေးစားသားသည် မည်သည့်အခါမျှ သားအရင်းမဖြစ်နိုင်ပါ။ ဖေဖေ၊ မေမေနှင့်ကိုကိုတို့ကို အဝေးတစ်နေရာမှ ကျေးဇူးဆပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

## ချစ်ခြင်း၏ ဆင်ဝိုနို

တက္ကသိုလ်တက်စဉ်က ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း မိုးကျော်ကို သတိရလေသည်။ မိုးကျော်သည် တောင်ကြီးမှာရောက်နေသည်။ အပြင်စီးပွားရေးလုပ်ပြီး တစ်ဦးတစ်ယောက်တည်းသမားမို့ သူ့ဆီသို့ ကျွန်တော်သွားခြင်းကသာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

မကြာမီ သီတင်းကျွတ်တော့မည် ဖြစ်သဖြင့် ရာသီဥတုက သာသာယာယာ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ဆိုတဲ့ အမျိုးသမီးကို ကျွန်တော်တို့တွေ့လိုက်တာ အရမ်းကံကောင်းတယ် ကိုကို . . သူ့မှာ ဦးမြင့်လွင်နဲ့ရတဲ့ ကိုယ်ဝန်ကလည်း တကယ်ရှိနေတယ် . . အဲဒါနဲ့ ကျွန်တော်အချိန်ကိုက်ပြီး စီစဉ်လိုက်တာ . . ဦးမြင့်လွင်ဟာ သူ့ပြဿနာကို သူ့ဘာသာ ဖြေရှင်းနိုင်မှာ ဖြစ်ပေမယ့် . . ကျွန်တော့်ရှေ့မှာ အခုလိုဖြစ်သွားတော့ သူ အတော်ရှက်သွားပုံရတယ် . . ဒါကြောင့် အပေးအယူသဘောမျိုးနဲ့ ကျွန်တော်တို့ စီမံကိန်းကို သဘောတူလိုက်တာ . .

ကိုကိုသည် ပြုံး၍ ထိုင်နေရာမှ ထလာကာ ကျွန်တော့်ပခုံးကို ပိတ်ထိုးသည်။ ခပ်ဖွဖွထိုးခြင်း ဖြစ်သဖြင့် မနာပါ။ သို့သော် ထိုသို့အထိုးခံရခြင်းအတွက် ကျွန်တော် ကြည်နူးသွားလေသည်။

"မင်းအတော် မဟုတ်တရုတ်လုပ်တတ်တဲ့ ကောင်ပဲ . . ဟား ဟား . ."

အမှန်တော့ ကျွန်တော့်တွင် ထိုသို့မဟုတ်တရုတ် လုပ်တတ်သည် အကျင့်ရှိပါသည်။ ကျောင်းမှာလည်း ထိုသို့ပင်ဖြစ်၏။ ကိုကိုသည် ကျွန်တော့်ထက်စာလျှင် သူတော်ကောင်းဖြစ်ပါသည်။ မည်သို့





ပင်ဖြစ်စေ၊ ယနေ့ကျွန်တော် ပြုမူဆောင်ရွက်ခဲ့သော ကိစ္စကြောင့် ကိုကိုပျော်ရွှင်ဝမ်းမြောက်ရခြင်းဖြစ်သည်ဆိုလျှင် ကျွန်တော် ကျေနပ်ပါသည်။

"ကဲ . . ဇော်ဇော် . . အခုအချိန်ဟာ တို့ကုမ္ပဏီရဲ့ ရှေ့ရေးအတွက် သိပ်ကောင်းတဲ့အခွင့်အရေးတစ်ရပ်ကိုရတဲ့ အထိမ်းအမှတ်အနေနဲ့ ဝန်ထမ်းတွေကို လစာတိုးပေးဖို့ ကျေညာရအောင် . . မင်းဟာ အရင်ကထက်စာရင် အရမ်းကို တိုးတက်လာတယ် 'ဇော်ဇော် . . အခုမှ ကုမ္ပဏီရဲ့ အထွေထွေမန်နေဂျာအစစ်တစ်ယောက်ကို ရသာတာ . ."

ကျွန်တော် ဝမ်းနည်းသွားပြီး မျက်ရည်တွေစို့လာသည်။ ကိုကိုသည် သူညီအရင်းမဟုတ်ကြောင်း သိပုံမရပါ။ သို့သော် ထိုအချက်မှာ သံသယဖြစ်ဖွယ်ဖြစ်ပါသည်။ ကိုကို့အသက်ငါးနှစ်ရောက်မှ ကျွန်တော့်ကို ကောက်ယူမွေးစားသည်ဆိုလျှင် ကိုကိုသည် ငါးနှစ်သားဘဝ၌ပင်လျှင် ကျွန်တော်သည် သူ့ညီအရင်းမဟုတ်ကြောင်း သိရပေမည်။ ကလေးတို့ဘာသာဘာဝ အမှန်တရားကို လွတ်လပ်စွာ ပြောတတ်သောအချိန်တွင် ကိုကိုသည် ကျွန်တော့်ကို ညီအရင်းမဟုတ်ကြောင်း တစ်ရံတစ်ဆစ်မျှပင် မပြောခဲ့ဖူးပါ။

သည်သို့ဆိုလျှင် ကိုကိုသည် ကျွန်တော့်ကို ညီအရင်းနှယ်ပင် ထားခဲ့လေသည်လား။ ကျွန်တော်၏ ဖခင်မိခင်ရင်းတို့သည် မည်သူတွေနည်း။

"ဘာငိုင်နေတာလဲ ဇော်ဇော် . . ကိုကိုတို့ ဒီနေ့လယ်မှာပဲ ဝန်ထမ်းတွေနဲ့ တွေ့လိုက်ရအောင် . . အဲဒီမှာ ဇော်ဇော် ဝန်ထမ်းတွေကို စကားနည်းနည်းပါးပါးပြောပါ . ."

ကျွန်တော် ငြင်းဖို့ ကြိုးစားလိုက်သော်လည်း ကိုကိုက အတင်းပင် တိုက်တွန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပရိသတ်ရှေ့မှာ စကားပြောတတ်တဲ့ အကျင့်ဟာ ဒီလိုပဲ လုပ်ယူရတယ်ကွ . . အကျင့်ဖြစ်သွားရင် မင်း ရဲလာလိမ့်မယ် . . လုပ်ပါ . . ပြောကြည့်ပါ . ."

ကိုကို၏ အလျင်အမြန် စီမံခန့်ခွဲမှုနှင့်ပင် နေ့လယ်နှစ်နာရီ၌ ဝန်ထမ်းအားလုံးနှင့် တွေ့ဆုံခွင့်ကို စက်ရုံ၏ မြက်ခင်းပြင်၌ ကျင်းပနိုင်ခဲ့ပါသည်။ ပဏာမအနေနဲ့ ကိုကိုစကားပြောပြီး ကျွန်တော့်အလှည့် ရောက်လာပါသည်။

"အသစ်ထပ်မံထုတ်လုပ်မယ့် ပစ္စည်းနဲ့ ပတ်သက်လို့ ဆရာပြောချင်တာ ဒီလောက်ပါပဲ . . အခု ဝန်ထမ်းတွေအတွက် စီမံခန့်ခွဲရေးကို တာဝန်ယူထားတဲ့ ဆရာညီဦးဇော်ဇော်ဟန်က ဆက်ပြီးပြောပါလိမ့်မယ် . ."

မြတ်စွာဘုရား။ ယခင်က ရာထူးလက်ဆုပ်လက်ကိုင်မရှိခဲ့သော ကျွန်တော်သည် ရာထူးရနေခဲ့လေပြီ။ ကိုကိုက ကျွန်တော့်ကို ခေါင်းဆတ်ပြပြီး ထိုင်လိုက်သဖြင့် ကျွန်တော် မတ်တတ်ရပ်လိုက်၏။ တည်တည်ငြိမ်ငြိမ်ပင် စကားစပြောလိုက်နိုင်၏။

"ဝန်ထမ်းတွေအတွက် ဝမ်းသာစရာစကားတစ်ခုကို ကျွန်တော်ပြောပါ့မယ် . . အဲဒါကတော့ ဒီလကုန်ကနေစပြီး လစာနှုန်းတိုးမြှင့်ပြီး . ."

လက်ခုပ်သံတွေ ဆူညံကုန်၏။ သူတို့အသံတွေ စဲသွားမှ ကျွန် တော် ဆက်ပြောလိုက်၏။

"သတ်မှတ်ပေးလိုက်ပါတယ် . . ဒါပေမယ့် တစ်ခုကျွန်တော် ပြောချင်တာက . . အခုလို လစာတိုးပေးတာဟာ ကျွန်တော်တို့ ကုမ္ပဏီအတွက် အခက်အခဲတွေကြားထဲက လုပ်ခဲ့ရတာပါ . . အဲဒါ တော့ ဝန်ထမ်းတွေကို ကုမ္ပဏီက . . လေးဂရုပြုသလိုပဲ ဝန်ထမ်းတွေ ကလည်း ကုမ္ပဏီအပေါ်ကို သစ္စာရှိကြပါလို့ ကျွန်တော် ပြောချင်ပါ





တယ် . . ကုမ္ပဏီရဲ့ တိုးတက်မှုဟာ ဝန်ထမ်းတွေပေါ်မှာလည်း မူတည်တယ်ဆိုတာ အားလုံးသတိထားကြပါ . . ကျွန်တော်တို့တွေ လက်တွဲပြီး ကုမ္ပဏီကြီးတည်တံ့ခိုင်မြဲအောင် . . ဒီ့ထက်တိုးတက်အောင် လုပ်ကြပါလို့ . ."

ကျွန်တော် နေရာတွင်ပင် ထိုင်ချလိုက်သည်။ လက်ခုပ်သြဘာသံတွေ ဆူညံသွားလေသည်။ စိတ်ထဲတွင် ကြေကွဲဝမ်းနည်းလာ၏။ သူတို့အပေါ် ပြောသော ကျွန်တော့်စကားတွေသည် ပထမဦးဆုံးဖြစ်သလို၊ နောက်ဆုံးလည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ည နှစ်နာရီတိတိတွင် ကျွန်တော်နိုးလာသည်။ ညသည် ငိုး တဝါးကြယ်ရောင်ဖြင့် ပျပျကလေးလင်းနေ၏။ ကျွန်တော့် ခုတင် ဘေးကြမ်းပြင်တွင် ခရီးဆောင်အိတ်က အဆင့်သင့် ဖြစ်နေသည်။ ကျွန်တော့် လက်ရေးနှင့်စာက စားပွဲပေါ်မှာ အဆင် သင့်ပင် ဖန်တုံးဖြင့် ဖိထားသည်။

မျက်နှာခပ်မြန်မြန်သစ်ပြီး အိမ်ကြီးဆီသို့ ကူးသွားလိုက်၏။ ညမီးရောင်မှိန်ပျပျမှာ အိမ်တစ်အိမ်လုံးမှောင်မည်းနေ၏။ ဖေဖေ မေမေ၊ ကိုကိုတို့၏ မျက်နှာကို နောက်ဆုံးအနေနှင့်ကြည့်သွားချင် သော်လည်း သူတို့နိုးကုန်မည်စိုးသဖြင့် အိမ်ထဲမဝင်ဖြစ်တော့ဘဲ သူတို့ ရှိမည့်နေရာကို မှန်း၍ ကန်တော့လိုက်ပါသည်။ ထိုအခါ ထိန်းထား သည့်ကြားမှ ကျွန်တော့်မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်ကျလာ သည်။

ကျွန်တော် ခရီးဆောင်အိတ်ကိုသွားယူလိုက်ပြီး ခြံတံခါးရှိ ရာသို့သွားသည်။ တံခါးသော့ကို ကျွန်တော့်ထံမှာရှိနေသည့် သော့ တစ်ချောင်းနှင့်ပင် ဖွင့်၍ အပြင်ထွက်သည်။ ပြီးတော့ တံခါးကို





ပြန်၍ သော့ခတ်သည်။ လမ်းမီးရောင်မှိန်ပျပျနှင့် လမ်းမသည် ရှင်း နေလေ၏။ နှစ်နာရီဆိုသည့် အချိန်မှာစောသေးသော်လည်း အားလုံး အိပ်မောကျနေသည့်အချိန်ဖြစ်၍ ကျွန်တော် လွတ်လွတ်လပ်လပ် ထွက်လာနိုင်ပါသည်။ လမ်းမအတိုင်း ကျွန်တော်လမ်းစလျှောက် သည်။ လမ်းထိပ်နားက ခွေးတစ်ကောင်က ကျွန်တော့်ကို မြင်၍ စုးစူးဝါးဝါးထိုးဟောင်လေသည်။

လမ်းထိပ်က ဆိုက်ကားဂိတ်တွင် မည်သည့်ဆိုက်ကားမျှမရှိ။ ကျွန်တော့်စိတ်ထင်တော့ သူတို့တွေသည် နံနက်ငါးနာရီလောက်မှ ရောက်လာကြပေလိမ့်မည်။ ကားပြေးဆွဲရာလမ်းမမှာတော့ ဖြတ်သွား သော ကားတွေတစ်စီးစ၊ နှစ်စီးစတွေ့ရ၏။ ခရီးဆောင်အိတ်ကို ဆွဲ၍ ကျွန်တော် လမ်းဘက်လျှောက်သည်။ နာရီဝက်လောက်ကြာသော အခါ ကျွန်တော့်ဘေးသို့ တက္ကစီတစ်စီးဆိုက်လာသည်။

"အစ်ကို ဘယ်သွားမလို့လဲ . ."

ဝီရိယကောင်းသော တက္ကစီကားဆရာပေပဲလား။ အော်ဒါ ဘစ်ခုမှပြန်လာသော ကားဆရာပေပဲလား မသိပါ။ မည်သို့ပင်ဖြစ်စေ ဘာမှ ယခုလို တက္ကစီတစ်စီး ကျွန်တော့်အနားရောက်လာခြင်းအ တွက် အဆင်ပြေသွားပါသည်။

"အဝေးပြေးကို သွားမယ်ဗျာ . ."

"ဟာ . . ဆရာက အရမ်းစောနေတယ် . . ကားတွေက ခြောက်နာရီလောက်မှ ထွက်မှာ . ."

"ရပါတယ် . . ဟိုမှာ လက်ဖက်ရည်သောက်ရင်း . . ကား စောင့်တာပေါ့ . ."

ကားဆရာက ဘာမှဆက်မပြောတော့ဘဲ ကားမောင်းထွက် ခဲ့၏။ ရာသီဥတုသည် အေးအေးချမ်းချမ်းဖြစ်နေသည်။ ကားတံခါး လတ်ဆတ်သော လေပြည်က ကျွန်တော့်ဆံပင်တွေကို ထိုးဖွ



www.burmeseclassic.com

သည်။ အရှေ့ဘက်ကောင်းကင်သည် နက်မှောင်နေဆဲဖြစ်သည်။ ကြေကွဲဝမ်းနည်းမှုကြောင့် ကျွန်တော် မျက်ရည်တွေစို့နေသည်။ အဆောက်အဦးတိုက်တာတွေမှ အလင်းရောင်တွေကိုကြည့်ရင်း ရှုရင်းက အဝေးပြေးကားဂိတ်သို့ ရောက်သွားသည်။

နံနက်သုံးနာရီပင် ရှိနေလေပြီ။ မိုးအလင်းဖွင့်သော လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ကားဂိတ်သို့စောင့်ရလေသည်။ တစ်စထက်တစ်စအရှေ့ဘက်ကောင်းကင်တွင် အလင်းရောင်ပီသလာ၏။ တိမ်နီမျှင်တွေက ကောင်းကင်တွင် နေရာအနှံ့။ ကားဝင်းအတွင်း ခရီးသည်တွေ တဖြည်းဖြည်းရောက်လာသည်။ ကားဂိတ်များတွင်ဖွင့်သောအခါ ကျွန်တော် လက်မှတ်ဝယ်သည်။

နံနက် (၆)နာရီတွင် ကားသည် ခရီးသည်များတင်ဆောင်လျက် ရန်ကုန်မှ စထွက်သည်။ ကျွန်တော် မျက်လုံးကိုမှိတ်ထားလိုက်သည်။ ကျွန်တော့် အနာဂတ်သည် နံနက်ခင်းနှင့် အတူဝေဝါးလျက်ရှိနေသည်တကား။



(၉)

အိမ်ကလေးသည် ပျဉ်ထောင်အိမ်ကလေးဆိုသော်လည်း သေသေသပ်သပ်ကလေးဖြစ်ပါသည်။ ထို့အပြင် သီးသန့်ခြံဝန်းကလေးနှင့်ဖြစ်၍ နေချင့်စဖွယ်ကောင်းပါသည်။ ကျွန်တော်သည်း ခြံတံခါးဝတွင် ရပ်ရင်းလူခေါ်ခေါင်းလောင်းကလေးကို လှုပ်လိုက်၏။ ခဏမျှအကြာတွင် အထဲမှ စွပ်ကျယ်အကျီဝတ်ထားသည့် လူတစ်ယောက် ထွက်လာသည်။

"ဘယ်သူကို တွေ့ချင်လို့လဲဗျ . . ဟာ . . ဟေ့ကောင် ဇော်ဟန် မင်းကွာ . . ဆိုင်းမဆင့် ဗုံမဆင့်ရောက်ချလာတယ်"

မျိုးကျော်သည် အရင်ပုံစံအတိုင်းပင် ဘာမျှမပြောင်းလဲပါ။

"ငါ မင်းဆီကိုပဲ လာခဲ့တာကွ . . တော်သေးတာပေါ့ကွာ . . မင်းနဲ့ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပေလို့ . ."

မျိုးကျော်သည် ကျွန်တော့်ပခုံးကို ဖက်၍ အိမ်ထဲသို့ခေါ်သွား၏။ အိမ်ကလေးသည် အတွင်းဘက်၌လည်း သေသေသပ်သပ်ကလေးဖြစ်လေသည်။ တစ်အိမ်လုံးတွင် မျိုးကျော်မှအပ မည်သူမျှမရှိနေပါ။ ကျွန်တော်တို့နှစ်ယောက် ဧည့်ခန်း၌ထိုင်လိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုထိ တစ်ယောက်တည်းပဲလား မျိုးကျော် . ."

"အေး . . မင်းလည်း တစ်ယောက်တည်းပဲ မဟုတ်လား"

"အေး . . ဟား ဟား . ."

မျိုးကျော်နှင့် အတူ လွတ်လပ်စွာရယ်လိုက်မိကြသည်။

"တို့တွေ မကြာခင်မှာ လူပျိုကြီးတွေ ဖြစ်ကြမှာကွ . . ဟား ဟား . ."

ခဏအကြာတွင် သူသည်မျက်မှောင်ကြုတ်၍ ကျွန်တော့်ကို ကြည့်သည်။

"ဒါနဲ့ နေပါဦး . . ဇော်ဇော်ဟန် . . မင်း ငါ့ဆီကို အလည် လာတာပဲလား . ."

"ငါ မင်းနဲ့ နေရအောင် အပြီးလာခဲ့တာကွ . ."

"ဗုဒ္ဓေါ . ."

သည်ကောင့်မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွား၏။ ထိုအခါမှပင် ကျွန်တော်လည်း အကြောင်းစုံကို ရှင်းပြရလေတော့သည်။ ကျွန်တော့်စကားဆုံးသောအခါ အတန်ကြာသည်အထိ ကျွန်တော်တို့ နှစ်ယောက်ငြိမ်သက်နေမိ၏။

"မင်း ဥစ္စာကလည်း လွယ်မယောင်နဲ့ အတော်ရှုပ်တဲ့ ပြဿနာပဲကွ . ."

"မရှုပ်ပါဘူး မျိုးကျော်ရာ . . ရှင်းရှင်းလေးပါ . . အခုဆို အိမ်မှာ ငါမရှိတော့ ထားအိခိုင်ကိစ္စကို ဖြေရှင်းဖို့ အရမ်းလွယ်သွားပြီ . ."

"ဒါနဲ့ စကားမစပ် . . မင်း ထားအိခိုင်ကို ချစ်သလား ဇော်ဇော်ဟန် . ."

ကျွန်တော် အိမ်အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ခြံထောင့်မှာ ရှိသော သရက်ပင်သည် စိမ်းစိုလတ်ဆတ်နေ၏။ ခြံစည်း





ရိုး၌ ကာရံစိုက်ပျိုးထားသော ပုဏ္ဏရိက်ပင်တို့မှာ အပွင့်တွေ ပွင့်နေလေပြီ။

"ချစ်တယ် မျိုးကျော် . . ထားကို ငါသိပ်ချစ်တယ် . ."

"ထားကရော မင်းကိုချစ်သလား . ."

"အေး . ."

"အဲဒါကြောင့် ငါပြောတာပေါ့ ဇော်ဇော်ဟန် . . မင်းတို့ ဥစ္စာက လွယ်မယောင်နဲ့ ရှုပ်ပါတယ်လို့ . . မင်းကွာ . . မင်းမိဘတွေ စိတ်ထိခိုက်အောင် အခုလို ထွက်လာခဲ့ဖို့တော့ မကောင်းဘူး . . ဟေ့ကောင် ငါဒီလိုပြောလို့ မင်းစိတ်ထဲမှာ ငါ့ဆီမှာ မင်းကို မနေစေချင်လို့ ပြောတယ် မထင်နဲ့ဦး . . မင်း နေချင်လို့ကတော့ ငါ့ဆီမှာ တစ်သက်လုံးနေ . . ဘာမှ ပြဿနာမရှိဘူး . ."

ကျွန်တော် အိမ်မှထွက်လာခဲ့သည့် ကိစ္စအပေါ် ဖေဖေ၊ မေမေတို့စိတ်ထိခိုက်နေနိုင်ပါသလား။ ဤအချက်ကို ပထမဦးဆုံး အကြိမ်အဖြစ် ကျွန်တော် တွေးမိလေသည်။ မွေးစားသားဟူသော ဆူထူပူပူနှင့် ကျွန်တော် လုပ်မိလုပ်ရာ လုပ်ခဲ့ခြင်းပင်လော။ သို့သော် ဆင်ခြင်ပြန်တွေးလျှင် ဖေဖေ၊ မေမေတို့ စိတ်ထိခိုက်ခြင်းထက် ပိုအရေးကြီးသော အရာမှာ ထားအိခိုင်ပင်ဖြစ်သည်။

"အေးပေါ့လေ . . လုပ်လာခဲ့ပြီးမှတော့ နောင်တရမနေနဲ့တော့ ဇော်ဇော်ဟန် မင်းဒီမှာ ပျော်သလောက်နေ . . တစ်သက်လုံး နေချင်တယ်ဆိုရင်လည်း တစ်သက်လုံးနေ . . အေး . . စားတာတော့ ငါစားသလိုပဲ စားရမယ် . . ဝတ်တာလည်း ငါဝတ်သလိုပဲ ဝတ်ရမယ် . ."

"ဩော် . . ဟေ့ကောင် . . မျိုးကျော် . . မင်းအသိတွေထဲမှာ စန္ဒရားရှိတဲ့သူ ဘယ်သူရှိလဲ . ."

"ဟေ . . ဘာလုပ်ဖို့လဲ . ."

www.burmeseclassic.com



## ကိုဒြွမ်းဦး

"စန္ဒရားတီးချင်လို့ပေါ့ကွ . ."

"အင်း . . ငါ့အသိတွေထဲမှာတော့ စန္ဒရားမရှိကြဘူးကွ . . နေဦး . . မန္တလေးက စတိုးဆိုင် တချို့မှာတော့ အော်ဂင်ကောင်းကောင်းတွေ ရှိတယ် . . ဈေးသင့်တော်မယ်ဆိုရင်လည်း ဝယ်လိုက်ပေါ့ကွာ . . အော်ဂင်က စန္ဒရားနဲ့တော့ သိပ်မကွာဘူး မဟုတ်လား"

အော်ဂင်နှင့်စန္ဒရားကွာခြားမှုတွေရှိသော်လည်း မရှိသုံးသုံးလျှင် ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော့်လခတွေကို စုထားတာပါလာသဖြင့် အော်ဂင်ဝယ်ရန်လည်း လုံလောက်ပါလိမ့်မည်။ စန္ဒရားအကြောင်းကို စဉ်းစားမိကာမှ ထားကို သတိရလာလေသည်။

ထားသည် အိမ်၌ ကျွန်တော်မရှိတော့သော အခြေအနေကို သိလျှင် မည်သို့နေလေမည်နည်း။ ကျွန်တော့်ရင်ထဲတွင် ထားကို လွမ်းဆွတ်သော အလွမ်းကို ချက်ခြင်းပေါ်လာ၏။ ထား၏ မျက်နှာကလေးကို မြင်ချင်သည်။ ထား၏ ပေါ့ပါးလွတ်လပ်သော အသံကလေးကို ကြားချင်သည်။ ထားသည်လည်း ကျွန်တော့်အပေါ် လွမ်းဆွတ်နေမည်လော။ အချိန်ကာလသည် သေသောသူကိုပင် ကြာလျှင်မေ့စေနိုင်မည်ဆိုလျှင်။ အချိန်ကာလကြောင့်ပင် ထားသည် ကျွန်တော့်ကို ကြာလျှင် မေ့သွားပါလိမ့်မည်။



မျိုးကျော် ဆီသို့ ကျွန်တော်ရောက်နေသည်မှာ တစ်လခွဲလောက်ပင်ရှိပေတော့မည်။ သူနှင့် ကျွန်တော် မန္တလေးသို့ဆင်း၍ အော်ဂင်ဝယ်ကြသည်။ ထို့ကြောင့် ယခုပင်လျှင် ကျွန်တော့်၌ ခပ်လတ်လတ်အော်ဂင်တစ်လုံးရှိနေလေပြီ။ တီးခတ်လေ့ကျင့်စရာ နုတ်စ်စာအုပ်များ မပါလာသဖြင့် တီးခတ်မလေ့ကျင့်နိုင်သော်လည်း ရှုပြီးသား တေးသီချင်းများကို မမေ့စေရန်တော့ တီးခတ်နေနိုင်ပါသည်။

စန္ဒရားတီးတိုင်း ထားကို လွမ်းသည်။ ထားကို လွမ်းတိုင်းလည်း ကျွန်တော့် စန္ဒရားတီးလေသည်။ သည်ကြားထဲတွင် မျိုးကျော်၏ ဆက်သွယ်ပေးမှုဖြင့် တောင်ကြီးမှာရှိသော တီးဝိုင်းတစ်ခုနှင့် အဆက်အသွယ်ရသည်။ သူတို့သည် ကျွန်တော့်ဂီတအရည်အသွေးကို နှစ်သက်သဘောကျကုန်ပြီး သူတို့၏ တီးဝိုင်းတွင် ကျွန်တော့်ကို ခင်၍ တီးခိုင်းပါသည်။ ခေတ်ပေါ်ဂီတတွေကို တီးခတ်ဖို့စိတ်မပါသော်လည်း တစ်ယောက်တည်း ပျင်းနေသည်မို့ သူတို့အဖွဲ့နှင့် ဝင်ရောက် တီးခတ်ဖို့ သဘောတူလိုက်မိပါသည်။

တီးဝိုင်း၌ သီချင်းတိုက်ကြသောအခါ ကျွန်တော့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပင် လွယ်ကူနေလေသည်။ ကျွန်တော့် လက်ချောင်းများ၏ သွက်လက်မြန်ဆန်မှု၊ နုတ်စ်များကို လက်တန်းဖတ်ရှုနိုင်မှုတို့ကြောင့် ကျွန်တော်က တီးဝိုင်း၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ မြို့ပေါ်၌ မွေးနေ့ပွဲများ၊ မင်္ဂလာဧည့်ခံပွဲများကို လက်ခံတီးခတ်ပေးရသည့် အဖြစ်ကို ချက်ခြင်းပင်ရောက်လာသည်။ ယခုကဲ့သို့ ခေတ်ပေါ်တီးဝိုင်းတွင် ကျွန်တော်ဝင်တီးနေသည့် အဖြစ်ကို ထား သိလျှင် ရယ်လေမည်လား မသိပါ။

ဖေဖေ၊ မေမေနှင့်ကိုကိုတို့ဆီမှ မည်သည့်သတင်းမျှ မကြားရသော်လည်း တစ်နေ့က သတင်းစာတွင်မှ ကြော်ငြာကလေးတစ်ခု ပါလာခဲ့လေသည်။

ဇော်ဇော်/

မေမေ၊ ဖေဖေ၊ ကိုကိုတို့ စိတ်ပူနေတယ် . .

အမြန်ပြန်လာ . .

မေမေ၊ ဖေဖေနှင့်ကိုကို

ထိုကြော်ငြာကလေးကို ကြည့်၍ ကျွန်တော် မျက်ရည်ဝဲရပါသည်။ မေမေတို့၏ ကျွန်တော့်အပေါ်ထားသော မေတ္တာတရားကို ကျွန်တော် သံသယမရှိပါ။ သို့သော် မေမေတို့ဘဝတွင် ကျွန်တော်မရှိမှသာ အဆင်ပြေပါလိမ့်မည်။ ဝမ်းနည်းမှုနှင့်အတူ ထိုကြော်ငြာကလေးကို လျစ်လျူရှုခဲ့ရပါသည်။

ကျွန်တော်တို့မြို့ကလေးတွင် ဆောင်းဝင်လာလေပြီး တောင်ပေါ်မြို့ဖြစ်သောကြောင့် ရန်ကုန်ထက်စာလျှင် သိသိသာသာချမ်းအေးလေသည်။ လသာသောညများ၌ ကျွန်တော်တို့အိမ်ရှေ့မှာ သူငယ်ချင်းနှစ်ယောက်ထွက်ထိုင်၍ စကားကောင်းမကြသောအခါ လပြည့်ဝန်းကြီးကို ကြည့်၍ ကျွန်တော် လွမ်းနေမိသည်။

"အမှန်ကတော့ မင်းသတ္တိမရှိတာ ဇော်ဇော်ဟန် . . မင်း





ထက်စာရင် ထားအိနိုင်က ပိုပြတ်သားပြီး ပိုသတ္တိရှိတယ်လို့ ငါထင်တယ် . . မင်း စဉ်းစားကြည့်လေ . . သူက သူ့အဖေကို အဖြစ်မှန်ကို ဖွင့်ပြောရဲတယ် . . မင်းပြောပြတဲ့အချက်တွေကိုလည်း သူနားထောင်ပြီး စိတ်အေးအေးနေပါလို့ ပြောခဲ့တယ် . . မင်းကျတော့ မွေးစားသားဆိုတာကလေးသိလိုက်ရတာနဲ့ သတ္တိတွေ မရှိတော့ဘူး . . အလိုလို သိမ်ငယ်လာပြီး လုပ်မိလုပ်ရာတွေ လျှောက်လုပ်တော့တာပဲ . . ငါ့သဘောကတော့ မင်းအဲဒီမှာပဲ ရေလိုက်ငါးလိုက် ဆက်နေသင့်တယ် . . ဟော့ကောင် . . ငါ စကားအဖြစ် ပြောတာနော် . . မင်းက အကျအန ကောက်မှာစိုးလို့ . ."

"ငါ သတ္တိမရှိတာတော့ မဟုတ်ဘူး သူငယ်ချင်း . . ကိုကိုနဲ့ ထားအိနိုင်အဆင်ပြေသွားဖို့ သတ္တိရှိစွာနဲ့ ရဲဝံ့စွာနဲ့ ရှောင်ပေးတာ . . အခုဆို ငါထင်တယ် ထားအိနိုင် ရန်ကုန်ကိုရောက်နေလောက်ပြီ . . သိပ်မကြာခင်မှာ သူတို့နှစ်ယောက် လက်ထပ်တဲ့ သတင်းကြားရလိမ့်မယ် . ."

"ဟား ဟား . . မင်း အတော်ကြောင်တဲ့ကောင်ပဲ ဇော်ဇော်ဟန် . . ထားရဲ့ ရဲဝံ့ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို မင်း သံသယမရှိဘူးလား . . အေးလေ . . မင်းလုပ်ရပ်တွေ မှန်တယ်လို့ ငါယုံကြည်နေလိုက်ပါတယ် . . ဒါပေမယ့်ကွာ မင်းခံစားနေရတာတွေ ကြည့်ပြီး ငါ စိတ်မကောင်းဘူး . ."

"ငါ ခံစားနေရတယ်လို့ မင်းဘာကြောင့် ထင်ရတာလဲ မျိုးကျော် . ."

"လုပ်မနေနဲ့ ဟော့ကောင် . . မင်းဟာ ခံစားချက်ကို မဖုံးကွယ်နိုင်တဲ့ကောင် . . မင်း မျက်နှာမှာ လွမ်းဆွေးနေတာတွေကို မင်း မဖုံးကွယ်နိုင်ပါဘူးကွာ . . ဟိုနေ့ကလည်း ဟင်းချိုသောက်ပြီး ဇွန်းကို တော်တော်နဲ့ ပြန်မချဘဲ ငိုင်နေတယ် . . ဟား ဟား . ."



www.burmeseclassic.com

www.burmeseclassic.com



# ကိုဗြဲမြဲ ဦး

ကျွန်တော် ရှက်သွားပြီး ပြုံးလိုက်မိသည်။

"မဟုတ်ပါဘူးကွ . . ဟင်းချိုရဲ့ အရသာမှာ ဘာလိုနေသလဲ ဆိုတာ စဉ်းစားနေလို့ပါ . ."

"ခွေးကောင် . . ဟား ဟား . ."

"ဪ . . ပြောရဦးမယ် မျိုးကျော် . . ငါမှာ လစာတွေစုထားတာ ကျန်သေးတယ်ကွ . . အဲဒီ့ ပိုက်ဆံတွေကို မင်းရဲ့ဆိုင်ကယ် အပိုပစ္စည်းဆိုင်ထဲ ထည့်လိုက်ကွာ . ."

"ရတယ် ဇော်ဇော်ဟန် . . မင်း ပိုက်ဆံတွေ မင်းပဲ သိမ်းထား . . ငါ့ရဲ့ ဆိုင်က ဝင်ငွေက သူငယ်ချင်းတစ်ယောက်ကို တစ်သက်လုံး ကျွေးထားနိုင်ပါတယ်ကွ . ."

ကျွန်တော်တို့နှစ်ယောက်၏ ကိုယ်ပေါ်သို့ လရောင်ဖျော့ဖျော့က ကျနေ၏။ ယခုအချိန်တွင်တော့ အမေရိကန်၌ နေ့ဘက်ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လသာနေလိမ့်မည် မဟုတ်ပါ။ လပြည့်ဝန်းကိုကြည့်၍ ချစ်သူနှစ်ဦး မျက်နှာချင်းဆိုင်မှုသည် အရှေ့နှင့်အနောက် ကမ္ဘာခြားနေသူ နှစ်ဦးအတွက် အဓိပ္ပါယ် မရှိပါ။ ကျွန်တော်က သည်ဘက်ခြမ်းတွင် အိပ်မောကျနေချိန်၌ သူမက ဟိုဘက်မှာ လှုပ်ရှားနိုးထနေပေလိမ့်မည်။ အတော်ပင် ကြောင်စီစီနိုင်သော ကမ္ဘာ့အရှေ့ခြမ်း နိယာမပင် ဖြစ်ပါသည်။

စင်

မြင့် ဖြေဖျော်ပွဲအတွက် ပြင်ဆင်ထားသည်မှာ နှစ်သက်သဘောကျဖွယ် ဖြစ်ပါသည်။

အိပ်မက်ရောင် (Dream Colour) ဆိုသောစာတမ်းက နောက်ခံတွင် ငွေရောင်ဖြင့် လင်းလက်လျက် ရှိလေသည်။

တီးခတ်ဖြေဖျော်မည့် တူရိယာပစ္စည်းတို့မှာလည်း မန္တလေးမှ မှာယူထားသော ပစ္စည်းတွေ ဖြစ်ပြီး ပါဝါအပြည့်ထွက် လျက်ရှိသည့် တူရိယာတွေ ဖြစ်ပါသည်။

စင်မြင့်ဖြေဖျော်ပွဲသို့ ရန်ကုန်နှင့်မန္တလေးမှ နာမည်ကြီး အဆိုတော် အချို့နှင့်တောင်ကြီးမှ အဆိုတော်အချို့တို့ ပူးပေါင်း တင်ဆက်မည်ဖြစ်ပါသည်။

ထိုင်ခုံနေရာကြိုတင်ရောင်းချပြီး ပရိသတ်အတော်အသင့် ရှိနေပြီဖြစ်ပါသည်။ ကျွန်တော်တို့ တီးဝိုင်းအဖွဲ့သားတွေက ညနေစောင်းကတည်းက ရောက်ရှိနေကြသည်။

စင်ပေါ်တက်၍ ကြိုးညှိခြင်း၊ အသံထွက်များ ညှိခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြုလုပ်ပြီးသောအခါ တီးဝိုင်းအဖွဲ့သားထဲက ဒရမ်တီးသော ကိုအောင်၏အိမ်တွင် ကျွန်တော်တို့ စု၍နားကြပါသည်။

ညဉ့်သည် တဖြည်းဖြည်းမှောင်လာသည်နှင့်အမျှ အအေးဓာတ်က ပိုလာလေသည်။ ည (၈)နာရီတွင် ဧည့်ပရိသတ်က တဖွဲဖွဲရောက်ရှိလာပြီး နေရာယူကြလေသည်။

ည (၈)နာရီခွဲတိတိတွင် ကျွန်တော်တို့အဖွဲ့၏ စင်မြင့်ဖြေဖျော်ပွဲ စတင်လေသည်။ ဂီတသည် ဂီတသာတည်း။

ကလပ်စီ ကယ်၊ ပေါ့ပ်၊ ရော့ခ်၊ ဂျပ်ဇ်။ မည်မျှပင် အမျိုးအစားတွေ ကွဲပြားခြားနားပါစေ။

ဂီတသည် ဂီတသာတည်း။

ကျွန်တော်၏ လက်ချောင်းတွေသည် နှတ်စ်အလုံးများပေါ်သို့ ပြေးလွှားဆော့ကစားလျက်ရှိပြီး တေးသီချင်းတို့၏ သံစဉ်၌မျောပါနေလေသည်။

သီချင်းတို့သည် တစ်ပုဒ်ပြီးတစ်ပုဒ်။ အဆိုတော်တို့သည် တစ်ယောက်ပြီး တစ်ယောက်။ သို့သော် ကျွန်တော်တို့ တီးဝိုင်း သမားတို့က အလဲအလှယ်မရှိ။

ကျွန်တော် တီးခတ်နေရသော ကီးဘုတ်သည် နောက်ဆုံးပေါ် အမျိုးအစားဖြစ်ပြီး အသံထွက်လည်း အလွန်ပင်ကောင်းလှလေသည်။

အဆိုတော် အချို့၏ အဆိုကောင်းမွန်မှုကြောင့် ပရိသတ်တချို့က ပန်းကုံးဆု တက်ချသည်။

သို့သော် ကျွန်တော်တို့တီးဝိုင်းအဖွဲ့သားတွေကိုတော့မည်သူမျှ ပန်းကုံးတက် မစွပ်ကြချေ။ နောက်ဆုံး၌ ရော့ခ်အဆိုတော် တစ်ယောက်၏ အလှည့်ရောက်လာ၏။

သူ၏ တေးသီချင်းသည် မြူးကြွပြီး တီးခတ်ရသည်မှာ လက်





တွေ့ပါသည်။ နှစ်သက်ဖွယ်ကောင်းလှသော တီးကွက်များ ပါဝင်ပါသည်။

ကျွန်တော်လည်း ကီးဘုတ်ဆိုလိုပိုဒ်၌ အားပါးတရလက်ကုန်တီးခတ်နေစဉ် ကျွန်တော့်ရှေ့သို့ လူတစ်ယောက်ရောက်လာသည်။ ခလုတ်တွေကို တို့ထိတီးခတ်နေရဆဲမို့ ကျွန်တော် မော့မကြည့်မိ။

သို့သော် မျက်ဝန်းထောင့်မြင်ရချက်အရ ဂျင်းဘောင်းဘီဝတ်အမျိုးသမီး တစ်ယောက်မှန်း သိလိုက်လေသည်။

သူမသည် ကျွန်တော့် လည်ပင်းသို့ ပန်းကုံးတစ်ကုံး စွပ်ပေးသည်။

သူမထံမှ တိုးညှင်းသော်လည်း ပြတ်သားသော အသံကို ကြားရ၏။

"ထားလည်း တီးချင်တယ် မောင် . ."

"ဟင် . ."

ညာဘက်လက်ချောင်းမှာ အေမိုင်နာစကေး A Minor Scale (Aမိုင်နာ သံစဉ်နိမ့်မြင့်) ကိုလိုမ့်တီးနေသော ကျွန်တော့်လက်သည် ဆွံ့အသွားသဖြင့် အသံကြောင် (ခလုတ်အမည်း) တချို့ကို တို့ထိမိသွားသည်။

ရင်ခုန်စွာဖြင့် ဖျတ်ခနဲမော့ကြည့်လိုက်သည့်အခါ မျက်ရည်တွေ ရစ်ဝဲနေသည့် ထားကို ကျွန်တော့် ကီးဘုတ်ရှေ့မှာ ရပ်လျက်တွေ့ရ၏။ ထားသည် ကျွန်တော့်ဘေးသို့ ရောက်လာသည်။

ကျွန်တော် ဘေးကို ဖယ်ပေးလိုက်ရာ သူမက ကျွန်တော့်နေရာမှာ ဝင်ရပ်ပြီး ကီးဘုတ်ပေါ်သို့ လက်တင်လိုက်သည်။

"ဘယ်နေရာ ရောက်ပြီလဲ . ."

နှတ်စ်အပေါ်မှ ကျွန်တော် ရောက်ရှိတီးခတ်နေသော နေရာသို့ လက်ညှိုးဖြင့် ထောက်ပြလိုက်ရာ ထားက ဆက်တီး



www.burmeseclassic.com

www.burmeseclassic.com



တီးခတ်လေတော့သည်။

ပရိသတ်ထဲမှ ဝေါခနဲအားပေးသော အသံတွေ ထွက်လာသည်။ ကျွန်တော့် ပရိသတ်ထဲသို့ မျက်လုံးကိုဝေ့၍ တစ်စုံတစ်ယောက်ကို ရှာသည်။

မည်သူကိုမျှ မတွေ့။ ထို့ကြောင့် စင်မြင့်၏ထောင့်သို့ လှမ်းကြည့်လိုက်ရာ ကိုကိုနှင့်မျိုးကျော်ကို ယှဉ်လျက် တွေ့လိုက်ရလေသည်။

ကျွန်တော် နားမလည်နိုင်အောင် ဖြစ်သွားသည်။ ကိုကိုသည် ကျွန်တော် သည်မှာရှိကြောင်း မည်သို့ သိသွားလေသနည်း။

ထားနှင့် ကိုကိုလက်ထပ်ပြီး ဟန်းနီးမွန်းအဖြစ် ကျွန်တော်ရှိရာသို့ လိုက်လာကြခြင်းပင်လော။

ယခုအခြေအနေသည် ဘာဆိုဘာမှ မသိ ၏နိုင်သေးသည့် အခြေအနေ။ ကျွန်တော် ထားကို ကြည့်လိုက်ရာ ထားသည် နုတ်စီအလုံးတွေကို စိတ်ဝင်တစားကြည့်နေပြီး သီချင်းကို အားပါးတရတီးခတ်နေလေသည်။

ပရိသတ်ကလည်း မမျှော်လင့်ဘဲနှင့် ပရိသတ်ထဲမှ မိန်းကလေးတစ်ဦးက ပန်းကုံးတကက်စွပ်ရင်းနှင့် ကီးဘုတ်ဝင်တီးနေသောအဖြစ်ကို တစ်ခါမျှ မကြုံဖူးကြ၍လော မသိ။ အလွန်ပင် နှစ်သက်သဘောကျနေကြ၏။

ကျွန်တော် ကိုကို့ကို ပြန်ကြည့်မိသည်။ ကိုကိုက ကျွန်တော့်ကို ပြုံးပြသည်။ မီးရောင်ဖြင့် ကိုကို့မျက်ဝန်းတွေ လက်သွားသည်ကို သတိပြုမိ၏။

အလို . . ကိုကိုမျက်ရည်တွေ ကျနေပါလား။ ထိုအခိုက်မှာပင် သီချင်းသည် ပြီးဆုံးသွား၏။

ထားသည် လက်ဖြင့်ခလုတ်တွေကို ဖိနှိပ်ထားရာမှ ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။





ထား၏ ပါးပြင်ပေါ်သို့ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်ကျလာလေ၏။ စင်မြင့်ဖြေဖျော်ပွဲပြီးဆုံးသွားပြီဖြစ်ကြောင်း အစီအစဉ်ကြေညာသူ၏ အသံထွက်လာသည်။

ပရိသတ်တို့သည် ဖြေဖျော်ပွဲ ပြီးဆုံးသွားသော်လည်း ဂီတ၌ ယစ်မူးနေကြဆဲ။ အိမ်ပြန်ချင်ပုံမရ သေး။ တဖြည်းဖြည်းမှသာ ထပြန်ကုန်ကြသည်။

"မောင် . ."

"ဟင် . ."

ထားသည် ကျွန်တော့်ကို ကိုဇော်ဟု မခေါ်တော့ဘဲ မောင်ဟု ပြောင်းခေါ်သည်။ ကျွန်တော် သူမကို ကြည့်လိုက်သောအခါ မျက်ရည်တွေနှင့် ပြုံးပြနေလေသည်။

"လာ . . မောင် . . အစ်ကိုကြီးဆီ သွားရအောင် . ."

ထားက ကျွန်တော့်လက်မောင်းကို ဆွဲခေါ်သဖြင့် ကျွန်တော်တို့ ကိုကို့ရှေ့သို့ ရောက်သွားသည်။

ကိုကိုသည် မျက်ရည်တွေကျလျက်ရှိပြီး ကျွန်တော့်ပခုံးကို လက်သီးဖြင့် မနာအောင် ခပ်ဖွဖွထိုးလေသည်။

"မင်း အတော်ဆိုးတဲ့ကောင်ပဲ ဇော်ဇော် . . မင်းလုပ်လို့ ကိုယ်တွေ ဘယ်လောက်စိတ်ဒုက္ခရောက်ရတယ် မှတ်သလဲ . ."

"ကျွန်တော် ဒီမှာရှိတာ ကိုကို ဘယ်လိုသိသလဲ . ."

"ဘာ . . ဘယ်လိုသိသလဲ ဟုတ်လား . . အိမ်ပြေးကောင်ရဲ့ . . သိချင်ရင် ထားကိုသာ မေးကြည့် . ."

ထားသည် ပြုံး၍ ကျွန်တော့်ကို ဖြေပါသည်။

"ဒီလိုမောင်ရဲ့ . . ထားကို ပေးလိုက်တဲ့ သီချင်းကြီးစာအုပ်တွေရဲ့ ကျောဖုံးတစ်ခုမှာ ကိုမျိုးကျော်ရဲ့နာမည်နဲ့လိပ်စာကို တွေ့ရတယ် . . အဲဒါနဲ့ ထားတို့လည်း ရမ်းပြီး တွေ့လိုတွေ့ငြား လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာ . . ထား ရန်ကုန်ကို ရောက်နေတာ ဆယ်ရက်တောင်ရှိပြီ . . ရန်ကုန်ရောက်ကတည်းက မောင့်ကိုရှာနေတာ . . မိန်းကလေးဆို တော့ လွတ်လွတ်လပ်လပ်ရှာလို့ သိပ်မကောင်းဘူး မောင်ရဲ့ . . . အခုလည်း အစ်ကိုကြီး အလုပ်မအားတဲ့ ကြားက အတင်းပဲ ချောဆွဲ လာတာ . . ဟင်း . . ဟင်း . . အားနာစရာကြီး . . "

ဘာတွေဖြစ်ကုန်ပြီနည်း။ ကျွန်တော် ကြောင်နေသည့် အဖြစ်ကို ကိုကိုက ရိပ်မိသွားပြီး ပြည့်ပြည့်စုံစုံ ရှင်းပြတော့သည်။

"ဒီလိုကွ ငဇော်ရဲ့ . . အိမ်ပြေးကောင်ရဲ့ . . မင်းဟာ မေမေတို့ရဲ့ မွေးစားသားဆိုပေမယ့် တစိမ်းမဟုတ်ဘူး . . ဖေဖေ မေမေတို့နဲ့ တူအရင်းတော်တယ် . . .

ဖေဖေ့ညီမ ဒေါ်လေးသိင်္ဂီတာ မီးဖွားပြီးတာနဲ့ ဆုံးသွား တော့ . . မင်းကို ဖေဖေနဲ့မေမေက အမွေ စားအမွေခံ သားအဖြစ်နဲ့ ခေါ်မွေးစားထားလိုက်တာ . . ကိုကိုနဲ့ဆို မင်းဟာ ညီအစ်ကိုအရင်း မဟုတ်ပေမယ့် . . ညီအစ်ကို တစ်ဝမ်းကွဲပဲကွဲတယ် . . မင်း ပေါက် ကရ လျှောက်လုပ်တာနဲ့ . . ဖေဖေ၊ မေမေ တို့လည်း စိတ်မကောင်း ဖြစ်ရတယ် . . ငါလည်း ဘယ်လောက်စိတ်မကောင်းဖြစ်ရတယ် ထင်သလဲ . . "

အံ့ရာရာသည် ရှင်းသွားလေပြီ။ ကိုကိုသည် ကျွန်တော့်ပခုံး ကို မနာအောင် တစ်ချက်ထပ်ထိုးပြီး ပြောပြန်လေသည်။

"မင်း အိမ်က ထွက်သွားတော့ ဖေဖေဆို အိပ်ရာထဲ လဲတော့ တာပဲ . . . တော်သေးတာပေါ့ . . ဘာမှ ကြီးကြီးကျယ်ကျယ်မဖြစ် ပေလို့"

"အခု ဖေဖေနဲ့ မေမေ နေကောင်းတယ် မဟုတ်လား ကိုကို"

"အေး . . ရော့ . . ဖေဖေ ရေးပေးလိုက်တဲ့ စာ . . "

စင်မြင့်မှာ ထွန်းညှိထားသော မီးရောင်ဖြင့်ပင် ဖေဖေ့စာ





ကို ကျွန်တော် ဖွင့်ဖတ်လိုက်သည်။

သား ဇော်ဇော် . . /

ဖေဖေ ဖုန်းဆက်နေတာကို သားက ကြားသွားတာ ကိုး . . ဒီလိုကွ . . မင်းတို့ လူငယ်ချင်း ကိစ္စကို ဖေဖေက အစက ခုယ်ရွယ်ထားတာကတော့ အမှန်အတိုင်းပဲပြောမယ် . .

ထားအိခိုင်ကို မင်းအစ်ကိုနဲ့သာ ဖေဖေသဘောတူခဲ့တာ . . ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ မွေးစားသားမို့ ဖေဖေ မစဉ်းစားခဲ့တာ မဟုတ်ဘူး သား . .

မင်း အစ်ကိုဟာ မင်းထက်လည်း အသက်ကြီးပြီး သူ့ခမျာ အိမ်ထောင် ပြုသင့်တဲ့ အသက်ကိုတောင်ကျော်နေပြီ . . သိဂ်မကြာခင် ဘာ လူပျိုကြီး ဖြစ်တော့မယ် . . ဒါကြောင့် မင်းအစ်ကိုကို ဦးစားပေး လိုက်တာ . .

အေး . . တစ်ခုတော့ ဖေဖေ ဝန်ခံပါတယ် . . ဦးဘသက်နဲ့ စကားပြောတုန်းက ဖေဖေ ထင်သလို ဖြစ်မလာလို့ စိတ်တိုတိုနဲ့ ပြောမိ ပြောရာ ပြောလိုက်မိတာပါ . .

အဲဒီ့အတွက် ဖေဖေ့ကို ခွင့်လွှတ်ပါ သားရယ် . . ဒီလောက်ထိ ဖြစ်သွားမယ် မထင်မိဘူး . . နောက်ပြီး အိမ်ထဲမှာ မင်းရောက်နေတာ ဖေဖေ မသိခဲ့ဘူး"

အခု မင်းအစ်ကိုကို ဖေဖေတို့ မေးကြည့်တော့ သူက မင်းတို့ အခြေအနေကို စရောက်ကတည်းက ရိပ်မိတယ်တဲ့လေ . . အဲဒါနဲ့ ဖေဖေတို့လည်း . .

ကျွန်တော် စာကို ဆက်မဖတ်ဖြစ်တော့။ ကိုကိုသည် ကျွန် တော့်အနားသို့ ရောက်လာသည်။

"ကိုကို . . "

"ဘာလဲကွ . . ငဇော် . . "



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ရိပ်မိနေတယ်ဆိုတာ မှန်လား . ."

"အမှန်ပဲပေါ့ကွာ . . ကိုကိုဟာ ကိုကို့ရဲ့ ယောင်းမလောင်း"

"ခစ် . . ခစ် . ."

ထားထံမှ ရယ်သံထွက်လာသောကြောင့် ကိုတိုရှက်သွားပါသည်။

"အဲ . . ကိုကို့ရဲ့ မတ် . . ."

"ခစ် . . ခစ် . ."

"ဟော့ကောင်ဇော်ဇော် . . ညီရဲ့ မိန်းမကို ဘယ်လိုခေါ်သလဲ"

ကျွန်တော် မသိပါ။ သို့သော် အနည်းငယ် စဉ်းစား၍ ဖြေလိုက်မိသည်။

"မရီး . . မရီး ထင်တယ် ကိုကို . ."

ကိုကိုက မျက်မှောင်ကြုတ်ပြန်သည်။

"မရီးဆိုတာ . . အစ်ကို့ရဲ့မိန်းမကွ . . ထားပါတော့ကွာ . . မြန်မာအမျိုးအဆွေ တော်စပ်ပုံက အတော်ရှုပ်တာပဲ . . ကိုတို့ မရီးအငယ်ကို . . ကိုကို မင်းအတွက် စောင့်ထိန်းစောင့်ရှောက်ခဲ့ပါတယ် . . ငါ့ညီ . ."

ကျွန်တော် ကြည်နူးသွားမိလေသည်။ ထားသည် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ပြုံး၍ကြည့်နေသည်။

"ကဲ . . တီးဝိုင်းလည်း မီးပိတ်တော့မယ် . . ဒီတော့ ကိုတိုတိုပဲ ပြောတော့မယ် ဇော်ဇော် . . ကိုကို့ကုမ္ပဏီမှာလည်း မင်းရဲ့ လုပ်အားကို အရမ်းလိုအပ်နေပြီ . . ကိုကို မနက်ဖြန်လေယာဉ်နဲ့ ရန်ကုန်ကို ပြန်မယ် . . မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးခဲ့မယ် . . မင်းတို့ တစ်ပတ်တိတိ ဒီမှာနေကြ . . ပြီးရင် ရန်ကုန်ကို ချက်ခြင်း ပြန်လာကြ . . စီစဉ်စရာတွေ စီစဉ်ရမယ် . . မင်းလို ပေါက်ကရလျှောက်လုပ်တတ်တဲ့ ငါ့ညီကို . . ဟိုကနေ ကိုကိုစောင့်နေမယ်"





"ဒီကောင် ပေါက်ကရလျှောက်လုပ်တတ်တာ အခုမှ မဟုတ်ဘူး . . အစ်ကိုရဲ့ . . ကျောင်းမှာတုန်းကလည်း အိမ်သာထဲမှာ . ."

"ဟော့ကောင် မျိုးကျော် . . ဆက်မပြောနဲ့တော့ . ."

"ဟီး . . ဟီး . ."

မျိုးကျော်၏ စကားကြောင့် ထားက မျက်မှောင်ကလေးကြုတ်သွား၏။ တီးဝိုင်းသမားတွေက ကျွန်တော်တို့ စကားစအပြတ်တွင် ကျွန်တော့်ကို လာနှုတ်ဆက်လေသည်။

ပြည့်ဝရွှန်းမြနေသော လရောင်သည် နှင်းထုကို ထွင်းဖောက်ပြီး ကျွန်တော်တို့အားလုံး၏ ကိုယ်ပေါ်သို့ ဖြာကျနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

နှင်းမှုန် တွေက ထူထပ်စွာ ကျရောက်နေ၏။ သစ်ပင် သစ်ခက်တို့တွင် နှင်းစက်တွေက စွတ်စိုလိမ်းကျံလျက်ရှိသည်။

ချမ်းစိမ့်လျက်ရှိသဖြင့် ကျွန်တော်တို့နှစ်ယောက်စလုံး ဂျင်းဂျာကင် ကိုယ်စီဝတ်ထားပြီး ဘေးချင်းယှဉ်၍ လမ်းလျှောက်နေမိသည်။

နံနက်ခင်းသည် လတ်ဆတ်သစ်လွင်လျက်ရှိလေသည်။

"မောင် . ."

"ဟင် . . ဘာလဲ ထား . ."

"ထားက မောင့်ကို ပြောခဲ့သားပဲ . . စိတ်အေးအေးနေပါလို့ . . မောင်က စိတ်အေးအေးမှ မနေဘဲ . . ဘကယ်ကတော့ မောင်ရယ် . . ပြဿနာက လွယ်လွယ်ကလေးပါ . . .

ထားနဲ့မောင်နဲ့ မေတ္တာရှိနေတာကို ထားက ဖေဖေ့ကို ဖွင့်ပြောလိုက်တာနဲ့တင် အရာရာဟာ ပြေလည်သွားမှာပဲဆိုတာ ထားယုံတယ် . . . ထား ဟိုရောက်ရောက်ခြင်း မောင့်ဆီ ဖုန်းဆက်သေးတယ် . . အဲဒီအချိန်မှာ မောင်ကအိမ်မှာ မရှိတော့ဘူး . . ထားခလေ အကြောင်းစုံကိုလည်း သိရော ငိုလိုက်မိတယ် မောင် . . ဖေဖေတာလည်း စိတ်မကောင်းဘူး . . .



ရန်ကုန်ကို ချက်ခြင်းထလိုက်လာမလို့ပဲ . . ဗီဇာလျှောက်ရတာ သိပ်မလွယ်လို့ . . ဒီလောက်ကြာသွားတာ . . ထား . . မောင်နဲ့ လက်ထပ်ပြီးတာနဲ့ ဒီမှာအပြီးနေဖို့ နိုင်ငံသားလျှောက်မယ် မောင် . . ပြီးရင် ဒီမှာပဲ မောင်နဲ့အတူ လုပ်ကိုင်စားသောက်တော့မယ် . ."

ထား၏ အေးစက်နေသော လက်ကလေးကို ကျွန်တော် ဆုပ်ကိုင်လိုက်၏။ ကျွန်တော့် ရင်ထဲတွင် ကြည်နူးချမ်းမြေ့နေလေသည်။

"ဒါနဲ့ မောင့်ကိုမေးရဦးမယ် . . ကိုမျိုးကျော်ရဲ့ ပြောစကားကိုလေ . . မောင် . . ကျောင်းမှာတုန်းက အိမ်သာထဲမှာ ဘာလုပ်ခဲ့သလဲ . . ပြော . ."

ကျွန်တော် ရယ်လိုက်သည်။

"မပြောပါရစေနဲ့ . ."

"မရဘူး ပြောရမယ် . . လင်မယားပဲ ဖြစ်တော့မယ် ရှက်နေရသေးလား . ."

ကျွန်တော် မျက်နှာတည်လိုက်၏။

"ဒီလို ထားရဲ့ . . မောင်တို့ ငယ်ငယ်က အပြေးပြိုင်ကြတယ် မဟုတ်လား . . အဲဒီလိုပဲပေါ့ . ."

"ထား သိပ်မရှင်းဘူး မောင် . ."

"အိမ်သာထဲမှာ မောင်တို့လည်း ပြိုင်ကြတာပေါ့ . ."

"ဟင် . . အိမ်သာထဲမှာ အပြေးပြိုင်ကြတယ် ဟုတ်လား"

"ဟား ဟား . . အိမ်သာထဲမှာ အပြေးပြိုင်လို့ ရမလား"

"ခစ် . . ခစ် . ."

ကျွန်တော်တို့နှစ်ယောက် လွတ်လပ်စွာ ရယ်လိုက်ကြပါ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထားသည် ရပ်လိုက်သည်။ ကျွန်တော်လည်း ရပ်လိုက်၏။ မျက်လုံးခြင်း ဆုံမိလေသည်။ ရွှန်းမြသောအကြည့်သည် ကျွန်တော့် နှလုံးသားသို့တိုင် ဝင်ရောက်သွား၏။ ထိုခဏ၌ အေးမြစွာ တိုက်ခတ်လာသော ဆောင်းလေပြည်ကို ကျွန်တော်တို့နှစ်ယောက်စလုံး သတိပြုမိကြချေ။

အစဉ်ကြိုးစားလျက်

ကိုငြိမ်းဦး

BURMESE CLASSIC
www.burmeseclassic.com